# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၉၂)


# တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲအောင်မြင်တော်မူကြသည့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဆရာတော် အပါအဝင် သာသနာ့အာဇာနည် အရှင်သူမြတ် ၁၀၆ ပါးတို့အား အောင်လက်မှတ်နှင့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဆရာတော် အပါအဝင် သာသနာ့အာဇာနည်အရှင်သူမြတ် ၁၀၆ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။



(၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဆရာတော် အပါအဝင် သာသနာ့အာဇာနည်အရှင်သူမြတ် ၁၀၆ ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ သတင်းစဉ်

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး အဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ တိပိဋကပုစ္ဆက ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်များ၊ ပင့်သံဃာတော်များ၊ (၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်သူမြတ်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး

*စာမျက်နှာ ၃ ကော်လံ ၁*



**လွတ်လပ်စွာ မဲပေးခွင့်** စာ > ၁၀

**COVID -19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၂၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ စာ > ၁၆


ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ

ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

မြန်မာ့အလင်း

## ၁၅ ပါးမြောက် သာသနာ့အာဇာနည် ပေါ်ထွန်းပြီ

ဗုဒ္ဓသာသနာတော်အတွင်း၌ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူးတို့ကို ဖော်ထုတ်ရေး၊ ပရိယတ္တိသာသနာတော်ကြီးကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံး ချီးမြှောက်ရေး၊ သာသနာတော်တွင်း၌ ဓမ္မစေတီထိုက်သော ပိဋကတ် အာဂုံဆောင်ပုဂ္ဂိုလ်ထူး ဖော်ထုတ်ရေးဟူသော ရည်ရွယ်ချက်သုံးရပ်ဖြင့် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးကို သက္ကရာဇ် ၁၃၁၀ ပြည့်နှစ် (၁၉၄၈ ခုနှစ်)မှ စတင်ကာ နှစ်စဉ်မပျက်ကျင်းပခဲ့ရာ ယခုအခါ (၇၂)ကြိမ်မြောက်အထိ ကျင်းပခဲ့ပြီးဖြစ်သည်။ စတင်ကျင်းပခဲ့သည်မှ နှစ်ပေါင်း ၇၂ နှစ်အတွင်း ပိဋကတ်သုံးပုံကို နှုတ်တိုက်ဆောင်နိုင်သော သာသနာ့အာဇာနည်ကြီးများ ပေါ်ထွန်းလာခဲ့ရာ ပထမဦးဆုံး တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသမှသည် ယခုနှစ် စာမေးပွဲတွင် ပေါ်ထွန်းလာသည့် အရှင်ပညာဝံသာဘိဝံသ အထိ သာသနာ့အာဇာနည် ၁၅ ပါးအထိ ပေါ်ထွန်းခဲ့ပြီဖြစ်သည်။

ဗုဒ္ဓဘုရားရှင် ၄၅ ဝါပတ်လုံး ဟောကြားခဲ့သည့် တရားတော်များမှာ "တိပိဋက" ခေါ် "ပိဋကတ်သုံးပုံ"ဖြစ်ပြီး ထိုတရားတော်များအားလုံးကို နှုတ်တိုက်ဆောင် အလွတ်ရနေသည့် ထေရ်အရှင်များမှာ "တိပိဋကဓရ" ခေါ် ပိဋကသုံးပုံဆောင် ပုဂ္ဂိုလ်များပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှစတင်၍ ပိဋကသုံးပုံနှုတ်တိုက်ဆောင်နိုင်သည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးကြီးများ ပေါ်ပေါက်ခဲ့ရာ (၁) မင်းကွန်းဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသ (၁၂၇၃-၁၃၅၄)၊ (၂) ပခုက္ကူဆရာတော် အရှင်နေမိန္ဒ(၁၂၈၉-၁၃၅၃)၊ (၃) ပြည်ဆရာတော်အရှင်ကောသလ္လ (၁၂၈၉-၁၃၅၇)၊ (၄)မဟာဂန္ဓာရုံဆရာတော်အရှင် သုမင်္ဂလာလင်္ကာရ (၁၃၀၈-၁၃၆၈)၊ (၅) ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ (၁၃၀၄-)၊ (၆) ရေစကြိုဆရာတော် အရှင်ဝါယာမိန္ဒာဘိဝံသ (၁၃၁၆- )၊ (၇) မော်ကျွန်းဆရာတော် အရှင်သီလက္ခန္ဓာဘိဝံသ (၁၃၂၅- )၊ (၈) မြင်းမူဆရာတော် အရှင်ဝံသပါလာလင်္ကာရ(၁၃၂၇-)၊ (၉) မြင်းခြံဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ (၁၃၂၉-)၊ (၁၀) စွန်းလွန်းဆရာတော် အရှင်သုန္ဒရ (၁၃၁၇- )၊ (၁၁) ရမ္မာဝတီဆရာတော် အရှင်ကုန္ဒပါလ (၁၃၂၂-)၊ (၁၂) စစ်ကိုင်းဆရာတော် အရှင်အဘိဇာတာဘိဝံသ (၁၃၃၀-)၊ (၁၃) ဘုတလင်ဆရာတော် အရှင်ကုန္ဒာစရိယ(၁၃၂၆-)၊ (၁၄) ကမ္ဘောဇဆရာတော်အရှင်ဝိရိယာနန္ဒနှင့် (၁၅) ကျောက်ပန်းတောင်းဆရာတော် အရှင်ပညာဝံသာဘိဝံသတို့ ဖြစ်ကြသည်။ နှစ်ပေါင်း ၇၀ ကျော်အတွင်း သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူး ၁၅ ပါးမျှသာ ပေါ်ထွန်းခဲ့ခြင်းက ပိဋကသုံးပုံတရားတော်တို့ကို နှုတ်တိုက်ဆောင်ကာ သဘောတရားတို့ကိုပါ နားလည်ကြေညက်ရန် ခက်ခဲလှခြင်းကြောင့် ဖြစ်သည်။

တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီးတွင် အာဂုံပြန်ဆိုခြင်း ၅ ဆင့်နှင့် သဘောရေးဖြေခြင်း ၅ ဆင့်တို့ကို ဖြေဆိုကြရာတွင် ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်ပေါင်း ၂၀ မှ စာမျက်နှာပေါင်း ၈၀၀၀ ကျော်ကို အာဂုံပြန်ဆိုကြရပြီး ယင်းကျမ်းများ၏ အဖွင့်ကျမ်းများဖြစ်သည့် အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ အနုဂဏ္ဌိ စသည့်ကျမ်းစာအုပ် ၁၀၀ ကျော်မှ သဘောရေးဖြေကြရခြင်းဖြစ်သည်။ စာမေးပွဲကာလမှာ အာဂုံပြန်ဆိုခြင်းနှင့် သဘောရေးဖြေခြင်းတို့ကို အောင်စာရင်းထုတ်ပြန်သည်အထိ ၃၃ ရက်ကြာမြင့်သည်။ ယင်းသို့ ခက်ခက်ခဲခဲဖြေဆိုရသည့် စာမေးပွဲကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည်များ ပေါ်ထွန်းလာရခြင်းမှာ တွေ့ကြုံရခဲသည့် ဒုလ္လဘအာဇာနည်ထူးများကို ဖူးတွေ့ရခြင်းပင်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာသာသနာတော်အတွင်း သာသနာ့ဝန်ထမ်း ရဟန်းတော် အရှင်မြတ်တို့၏ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ သာသနာသုံးရပ်ကို အစွန့်ရှည်တည်တံ့ရေး ကြိုးပမ်းထမ်းဆောင်တော်မူကြသလို လူ့ဘောင်ဘဝမှ ဒါယကာ ဒါယိကာမ အပေါင်းတို့ကလည်း ချီးမြှောက်ပူဇော်ခြင်းအားဖြင့် သာသနာတော်ကြီး တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ ပေါ်ထွန်းနေခြင်းသည် ကြုံရခဲသည့် အဖြစ်ထူးပင် ဖြစ်သကဲ့သို့ ယင်းသို့သော သာသနာ့အာဇာနည်ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းစေရေးအတွက် အားထုတ်ကြိုးပမ်း ဆောင်ရွက်ရခြင်းသည်လည်း ပြုခွင့်ရခဲသည့် ဒုလ္လဘကုသိုလ်ထူးဟူ၍ ဝမ်းမြောက်နိုင်ကြပါစေကြောင်း။ ။

# ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ (ပဉ္စမနေ့) အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်) ပဉ္စမနေ့ကို စာရင်းသွင်းသံဃာနှင့် သီလရှင် စုစုပေါင်း ၃၅၀၀၁ ပါးအနက် ၂၆၉၆၃ ပါး ဖြေဆိုကြပြီး ၇၇ ဒသမ ၀၃ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်

Bank Name - Myanmar Economic Bank(H.O),Forex Operation
Account No. - CF 004880(MMK)
- EDN 600010(US$)
Swift Code - MYEBMMMY
Account Name - National Level Central Committee for Prevention Containment and Treatment of Covid 19
Bank Address - Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်

Bank Name - KBZ Bank Ltd.
Account No. - 034 103 034 0232 8301 (MMK)
- 034 109 034 0232 8301 (US$)
Swift Code - KBZBMMMY
Account Name - Coronavirus Disease 2019 (COVID–19) (National Level Central Committee For Preventing and Containing the Virus)
Bank Address - No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
Branch Address - No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရောဝတီဘဏ်

Account No. - 000 110 501 002 5635 (MMK)
- 000 110 503 000 0425 (US$)
Swift Code - AYABMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID–19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
Bank Address - No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
Branch Address - No.(110–112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်

Account No. - 0093 1005 0000 1333 (MMK)
- 0093 1012 0000 2957 (US$)
Swift Code - CPOBMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID–19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

# ခေါင်လန်ဖူးမြို့နယ်အတွင်း ကျေးရွာ ၃၈ ရွာတွင် သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

**ခေါင်လန်ဖူး ဇူလိုင် ၂၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ သောက်သုံးရေခက်ခဲလျက်ရှိသော ကျေးရွာ ၃၈ ရွာတွင် ရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ခေါင်လန်ဖူးမြို့နယ်သည် တောင်တန်းထူထပ်ခြင်းကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများအားလုံးသည် သောက်သုံးရေအဖြစ် စိမ့်စမ်းရေကိုသာ အားထားရသောကြောင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျေးရွာ ငါးရွာ၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့် ကျေးရွာ ၃၃ ရွာ၊ စုစုပေါင်းကျေးရွာ ၃၈ ရွာတွင် ရေတားတမံတည်ဆောက်ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်သည့် ကုမ္ပဏီငါးခုက ဘဏ္ဍာငွေစုစုပေါင်း ကျပ် ၇၃၀ ဒသမ ၀၆၂ သန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေါင်လန်ဖူးမြို့နယ်သည် ဝေးလံခေါင်ဖျားသောဒေသဖြစ်ခြင်း၊ မိုးများသည့်ဒေသဖြစ်၍ တောင်ပြိုပြီး လမ်းပိတ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ သယ်ယူရာတွင် ဝန်တင်လားများကိုသာ အသုံးပြုနေရခြင်း စသည့်အခက်အခဲများစွာရှိကြောင်း၊ သို့သော် လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးကို တွန်းအားပေးဆောင်ရွက်ခဲ့သဖြင့် ယခုအခါတွင် လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်းများ အားလုံးပြီးစီးသွားပါက ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ကျေးရွာ ၃၈ ရွာ၌ သောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ခေါင်လန်ဖူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမျိုးညီညီက ပြောကြားသည်။　**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**

■ *ရွှေဖုံးမှ*

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

**ငါးပါးသီလခံယူဆောက်တည်**

ရှေးဦးစွာ တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနဝ္ဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာဘိဝံသထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို ဖတ်ကြားချီးမြှင့်တော်မူသည်။ **(နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယဩဝါဒကထာကို စာမျက်နှာ - ၄ တွင် သီးခြားဖော်ပြထားသည်။)**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ သာသနာရေးဆိုင်ရာ လျှောက်ထားချက်များကို စာမျက်နှာ- ၅ တွင် သီးခြားဖော်ပြထားပါသည်။)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်ပညာဝံသာ ဘိဝံသအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။**
သတင်းစဉ်

**ဆက်ကပ်လှူဒါန်း**

ထို့နောက် (၇၂)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနဝ္အာဇာနည် အရှင်သူမြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များဆက်ကပ်ကြရာ တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်မှ အရှင်ပညာဝံသာဘိဝံသအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပိဋကတ်နှစ်ပုံခွဲ အာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့ရ တစ်ပါး၊ ပိဋကတ် နှစ်ပုံအောင် ဒီဃနိကာယ ကောဝိဒဘွဲ့ရ ၂ ပါး၊ ပိဋကတ် နှစ်ပုံ အာဂုံအောင် ဒီဃဘာဏက ဘွဲ့ရ ၄ ပါး၊ ပိဋကတ် တစ်ပုံ ရေးဖြေအောင် ဝိနယကောဝိဒ ဘွဲ့ရ ၅ ပါး၊ ပိဋကတ် တစ်ပုံ အာဂုံအောင် ဝိနယဓရ ဘွဲ့ရ ၂၄ ပါး၊ ဝိနည်းပထမပိုင်း ရေးဖြေအောင် ဥဘတော ဝိဘင်္ဂကောဝိဒဘွဲ့ရ ၉ ပါး၊ ဝိနည်းပထမပိုင်း အာဂုံအောင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရ ၆၀ တို့ကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကိုနှင့် ဒေါက်တာ မြင့်ထွေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ အနီးစခန်း တိပိဋကနိကာယကျောင်းတိုက်မှ ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ရ အရှင်ဥတ္တမ (ခတ်ချို) အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်ပညိန္ဒ(ခင်ဦး) အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သဒ္ဓမ္မပဇ္ဇောတာရုံ ကျောင်းတိုက်မှ မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ အရှင်ခေမာနန္ဒာလင်္ကာရ အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် တိပိဋက မဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်မှ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်နေမိန္ဒာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။
သတင်းစဉ်

# (၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားတွင် မိန့်ကြားတော်မူအပ်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋံသကာ၊ ပါဠိသိရောမဏိ) ၏ သမ္မာဒနီယ သာရဏီယ သြဝါဒကထာ

[၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်) တနင်္လာနေ့]


(၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ၊ မူလအာဘိဓမ္မိက၊ ဒီဃနိကာယကောဝိဒ စသည် ခန်းခန်းအောင်ပွင့်ပန်းကို လန်းဆန်းကြည်ရွှင်ပန်ဆင်ကြသည့် သာသနဒ္ဓဇအာဇာနည်အရှင်မြတ် (၁၀၆) ပါးတို့နှင့်တကွ သာသနဒါယကာ နိုင်ငံတော်အစိုးရအမှူးပြုသည့် ဥပါသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကိုယ်စား စိတ်ထားရွှင်လန်းဝမ်းမြောက်ဖွယ်ရာ ရှည်ကြာကာလ အမှတ်ရဖွယ်အောက်မေ့ဖွယ်ရာဖြစ်သော သမ္မာဒနီယ သာရဏီယသြဝါဒစကား မြွက်ကြားလိုပါသည်ဘုရား။

လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်သော မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်စ အဋ္ဌမ သတ္တာဟဝယ် ဥရုဝေလတော အဇပါလညောင်ပင်ရင်း၌ မျှညီရွှင်ပြုံး သီတင်းသုံးတော်မူစဉ် စရိုက် ညံ့ဖျင်း မာရ်နတ်မင်းသည် **“ပရိနိဗ္ဗာတု ဒါနိ ဘန္တေ ဘဂဝါ”** အစဖြာလျက် ဝိနာယကထိပ်တင် မြတ်စွာဘုရားရှင်ကို ပရိနိဗ္ဗာန်စံတော်မူရန် စကားလျှောက်ထားခဲ့ရာ မြတ်စွာဘုရားက –

**“န တာဝါဟံ ပါပိမ ပရိနိဗ္ဗာယိဿာမိ ယာဝ မေ ဘိက္ခူ န သာဝကာ ဘဝိဿန္တိ ဝိယတ္တာ ဝိနီတာ”** အစဖြာလျက် “ယုတ်မာစွာလတ် ဟယ်မာရ်နတ် ငါဘုရား၏ တပည့်ဖြစ်ကြသော ရဟန်းတို့သည် အထူးထူးသောအရာတို့၌ လိမ္မာမှုမရှိကြသေးသမျှ၊ ဆုံးမအပ်ပြီးသည် မဖြစ်ကြသေးသမျှ ရဲဝံ့ခြင်းမရှိသေးသမျှ ပိဋကသုံးပုံဟူသော ဘုရားစကားတော်ကို များစွာမသင်ကြားမနာကြားအပ်သေးသမျှ ပိဋကသုံးပုံဟူသော တရားတော်ကို မဆောင်နိုင်သေးသမျှ၊ လောကုတ္တရာ တရားကိုးပါး အားလျော်သောအကျင့်ကို မကျင့်နိုင်သေးသမျှ၊ ဝိပဿနာ ဝိသုဒ္ဓိအကျင့်အားလျော်သော တရားများကို မကျင့်နိုင်သေးသမျှ၊ မိမိဆရာ(မြတ်စွာဘုရား)၏ ဝါဒကို သင်ကြား၍ မဟောပြ၊ မပို့ချ၊ မသင်ပြနိုင်သေးသမျှ၊ မဝေဖန်နိုင် ပေါ်လွင်ထင်ရှားအောင် မပြုလုပ်နိုင်သေးသမျှ ဖြစ်ပေါ်လာသည့် သူတစ်ပါး အယူဝါဒကို အကြောင်းနှင့်တကွသော စကားဖြင့် နှိမ်နင်းသည်မည်လောက်အောင် နှိမ်နင်း၍ မဟောပြနိုင်သေးသမျှ ငါဘုရား ပရိနိဗ္ဗာန်မစံသေး” ဟု သုတ္တန္တပိဋက မဟာဝဂ္ဂပါဠိ မဟာပရိနိဗ္ဗာနသုတ် စာမျက်နှာ (၉၄) ၌ ဟောကြားတော်မူခဲ့ပါသည်။

ယင်းဒေသနာတော်အရ မြတ်စွာဘုရားသည် သာသနာတော်တွင် ပိဋကကျမ်းဂန်များကို သင်အံကျက်ဆောင်၍ ပရိသတ်အတွင်း ကြောက်ရွံ့ခြင်းကင်းကာ ရဲဝံ့စွာဖြင့် သင်ကြားပို့ချဟောပြနိုင်ပြီး သာသနာတွင်း ပေါ်ပေါက်ဖြစ်ရှိလာသော သူတစ်ပါး၏ အယူဝါဒများကိုလည်း သုတ်သင်ပယ်ရှင်းနှိမ်နင်းနိုင်သော အရည်အချင်းပြည့် ရဟန်းတော်များ ထင်ရှားဖြစ်ပေါ်လာမှသာ သာသနာတော်အရှည်ခံ့၍ တည်တံ့မည်ဖြစ်ပါသည်ဘုရား။

(၇၂) ကြိမ်မြောက် ကျင်းပခဲ့သည့် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် အရှင်မြတ်တို့အနေဖြင့် မူ၊ ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်း စသည်တို့တွင် မြတ်စွာဘုရားရှင်ဟောကြားသည့် ပိဋကတ်ကျမ်းစာများကို အခြေခံအနေဖြင့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့မှ တစ်စိတ်တစ်ဒေသ သင့်လျော်ရာခွဲခြားသတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း လေ့လာသင်ယူခဲ့ရသည့်အပြင်



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ

ဤတိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးမှာ ပိဋကသုံးပုံလုံးကိုလည်းကောင်း နှစ်ပုံခွဲ၊ နှစ်ပုံ စသည်တို့ကို ကျက်မှတ်ပြန်ဆို အောင်မြင်တော်မူကြရာမှာ မြတ်စွာဘုရားရှင်လိုလားတော်မူသည့် အရည်အချင်း ပြည့်ဝသော ရဟန်းတော်များတွင် တစ်စိတ်တစ်ဒေသ ပါဝင်လျက်ရှိခြင်းကြောင့် အရှင်မြတ်တို့၏ အောင်မြင်မှုစွမ်းရည်ကို နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့နှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က ဝမ်းမြောက်နုမော် သာဓုခေါ်လျက်ရှိကြပါသည် ဘုရား။

အရှင်မြတ်တို့အနေဖြင့်လည်း **“ငါတို့သည် မြတ်စွာဘုရား လိုလားတော်မူသည့် ဗဟုသုတ ဓမ္မဓရပုဂ္ဂိုလ်အမျိုးအစားတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်လျက်ရှိကြပြီ”** ဟု နှလုံးသွင်းကာ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမည် ဖြစ်ပါသည်ဘုရား။ မြတ်စွာဘုရားရှင်၏ အဆုံးအမသာသနာတော်တွင် ဗဟုသုတ ဓမ္မဓရပုဂ္ဂိုလ် သက်သက်မျှသာ ဖြစ်စေလိုသည်မဟုတ်ဘဲ ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ် စစ်စစ်အဖြစ် ရောက်ရှိအောင် ကျင့်ဆောင်ကျိုးကုတ် အားထုတ်ကြစေလိုသော ဆန္ဒတော်ရှိသည်ကိုလည်း မာရ်နတ်အား မိန့်ကြားတော်မူသော စကားအရပင် သိရှိနိုင်ပါသည်ဘုရား။

ထို့ကြောင့် အရှင်မြတ်တို့သည် မြတ်စွာဘုရား လိုလားအပ်သော ပုဂ္ဂိုလ်အမျိုးအစားတွင် တစ်စိတ်တစ်ဒေသလောက်သော ဓမ္မဓရအရည်အချင်းမျှလောက်ဖြင့် ပါဝင်ရသောပုဂ္ဂိုလ်အဖြစ်သာ ရပ်တန့်မနေကြဘဲ မိမိတို့သင်ကြားတတ်မြောက်ပြီးသော ပရိယတ်ထဲတွင်ပါရှိသည့် ကိုယ်ကျင့်သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့ကို အရှင်မြတ်တို့ ခန္ဓာကိုယ်ဝယ်ပဋိပတ်အဖြစ်ဖြင့် ရောက်ရှိလာအောင် ကျင့်ဆောင်ကျိုးကုတ် အားထုတ်တော်မူကြခြင်းဖြင့် မြတ်စွာဘုရားရှင် လိုလားအပ်သော ဓမ္မာနုဓမ္မပဋိပန္နပုဂ္ဂိုလ်အဖြစ် အပြည့်အစုံပါဝင်ကြစေလိုပါသည်ဘုရား။ ထိုကဲ့သို့ ဓမ္မာနုဓမ္မပဋိပန္န ပုဂ္ဂိုလ်အဖြစ် ရပ်တည်မှသာ အရှင်မြတ်တို့ သင်ယူတတ်မြောက်ပြီးသော ပရိယတ်သည်လည်း မွန်မြတ်လှသော နိဿရဏတ္ထ ပရိယတ္တိဖြစ်ရှိကာ သာသနာတော်သို့ ဝင်ရောက်ကြသော အမျိုးကောင်းသား ရဟန်းတော်မြတ်တို့၏ ရည်ရွယ်ချက်ဖြစ်သော မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အမြတ်ဆုံးအကျိုးကို ရရှိသုံးဆောင်ခံစားကြရမည်ဖြစ်ပါသည်ဘုရား။

နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ကလည်း ပရိယတ္တိဘက်မှာရော ပဋိပတ္တိဘက်မှာပါ လေးဖြာပစ္စယ ပြည့်ဝစေရန်၊ ပြည့်လျှံသောစေတနာ သဒ္ဓါတရားတို့ဖြင့် လေးစားကော်ရော် ပူဇော်လှူဒါန်းလျက် အထက်တန်းကျသော သာသနာပြုကုသိုလ်မှုများ ပွားများအားထုတ်ပြုလုပ်နေကြသည်ကို အရှင်မြတ်များလည်း တွေ့မြင်သိရှိနေကြပြီး ဖြစ်ပါသည်ဘုရား။

သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့အောင် ဆောင်ရွက်ရာတွင် သာသနာ့ဝန်ထမ်း ရဟန်းတော်အရှင်မြတ်တို့က ပစ္စည်းလေးပါး မရှားပါးဘဲ အခက်အခဲမရှိ ပြည့်ဝမျှတတော်မူနိုင်ကြစေရန် ဒါယကာ ဒါယိကာမများအား မှီခိုရသကဲ့သို့ ဒါယကာ ဒါယိကာမတို့ကလည်း တရားဓမ္မ ဗဟုသုတ ရရှိကြရန်နှင့် မွန်မြတ်သော ကုသိုလ်တရားရရှိကြရန် သံဃာတော်အရှင်မြတ်များကို မှီခိုကြရပေသည်။ ဤကဲ့သို့ ဆရာဒကာ အချင်းချင်းမှီခိုကြလျက် ဆောင်ရွက်ကြမှသာ သာသနာတော်ကြီးသည်လည်း ရှည်ကြာခိုင်ခံ့ တည်တံ့ခိုင်မြဲမည့်အပြင် ဒုက္ခကင်းစင် နိဗ္ဗာန်ခွင်သို့ ဝင်စံရကြောင်း အားကောင်းသော ဥပနိဿယဖြစ်ကြသောကြောင့် –

**သာဂါရာ အနာဂါရာ စ၊ ဥဘော အညောည နိဿိတာ၊**
**အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။**

သာဂါရာစ၊ အိမ်ရာတည်ထောင် လူ့ဘောင်နေသူ ဒါယကာ။ ဒါယိကာမအပေါင်းတို့သည် လည်းကောင်း။ အနာဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်နေသူ ရဟန်းတော် ဟူသမျှတို့သည် လည်းကောင်း။ ဥဘော၊ ရဟန်းနှင့်လူနှစ်ဦးသော သူတို့သည်။ အညောညနိဿိတာ၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ အညီလက်တွဲ အမှီသဟဲရှိကြကုန်သည်ဖြစ်၍။ ယောဂက္ခေမံ၊ ယောဂလေးတန်ကုန်ရာမှန်သော။ အနုတ္တရံ၊ မိမိထက်လွန် မွန်မြတ်သော သဘောမရှိသော။ သဒ္ဓမ္မံ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ အာရာဓယန္တိ၊ နိဗ္ဗာန်တိုင်ပေါက် ခရီးရောက်လျက် ပြီးမြောက်အောင် မသွေရွက်ဆောင်နိုင်ကြပါစေကုန်သတည်းဟု ပတ္ထနာအာသီသ ခွန်းချီဟလျက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကိုယ်စား မိန့်ကြားအပ်သော သမ္မာဒနီယ သာရဏီယ ကထာအစဉ်ကို နိဂုံး ကမ္ပတ် အဆုံးသတ်အပ်ပါသတည်း။ ။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ မြစ်ကွေ့ကျောင်းတိုက်မှ ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင် စန္ဒသာရာလင်္ကာရအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်



သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သူမြတ်အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာ ဘိဝံသထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ၁၉၄၈ ခုနှစ်တွင် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ပေါ်ပေါက်လာရခြင်းသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပရာ၌ ပိဋကသုံးပုံ အာဂုံဆောင်သည့် သာသနာ့အာဇာနည်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပခဲ့ရာ စတင်ကျင်းပသည့်နှစ်မှ ယခုနှစ် (၇၂) ကြိမ်မြောက်အထိ နှစ်စဉ်မပျက် ကျင်းပခဲ့သည်။

ကျင်းပပြီးစီးခဲ့သည့် (၇၂) ကြိမ်အတွင်း ပထမဦးဆုံးသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ အပါအဝင် သာသနာ့အာဇာနည် ၁၅ ပါးမျှ ပေါ်ထွန်းခဲ့၍ ယခုနှစ်ကျင်းပသည့်စာမေးပွဲ၌ ၁၅ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့ အာဇာနည်အရှင်မြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့ပြီး သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# (၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားတွင် လျှောက်ထားသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ချီးကျူးပူဇာလျှောက်ထားလွှာ

(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၀ ရက်)

- မြတ်ဗုဒ္ဓ၏ အဆုံးအမတို့ကို စနစ်တကျစုစည်းလျက် နှုတ်တက်အာဂုံဆောင်ခြင်း၊ သဘောသွား အဓိပ္ပာယ်တို့ကို သင်ကြားပို့ချတော်မူခြင်းတို့ဖြင့် လက်ဆင့်ကမ်းသယ်ဆောင်တော်မူခဲ့သော သံဃာတော် အရှင်သူမြတ်တို့တွင် မြန်မာနိုင်ငံရှိ သံဃာတော်အရှင်မြတ်တို့၏ ပရိယတ်၊ ပဋိပတ် ကြိုးပမ်းဆောင်ရွက်မှုတို့သည် ယနေ့ထက်တိုင် အရှိန်အဟုန်ကောင်းလျက်ရှိ
- ထိုကဲ့သို့ အရှိန်အဟုန်ကောင်းစေရန် ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှင့်ထောက်ပံ့လျက်ရှိသော မြန်မာနိုင်ငံသူ/ နိုင်ငံသားတို့၏ စေတနာ၊ သဒ္ဓါတရားတို့ကလည်း အားကောင်းဆဲဖြစ်၍ သာသနာတော်အတွက် အလွန်ပင်အားတက်မိ

**ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့ဘုရား**

ဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်ခံ့၍ တည်တံ့စေရန်ဟူသော မွန်မြတ်သော မနသီစိတ်ထားဖြင့် (၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားသို့ ကြွရောက်တော်မူကြကုန်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်အရှင်မြတ်များ၊ စာထောက်စာမစာချ ဆရာတော်များနှင့် စာအောင်သံဃာတော် အရှင်မြတ်အပေါင်းတို့ကို ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်းမှာ စုံညီစွာ ဖူးတွေ့ရပါသဖြင့် သမဏာနုဿဒဿန မင်္ဂလာတရားပွားများရပါကြောင်း ရှိသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား –**

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော် ကြာမြင့်ခဲ့သော်လည်း လူသားအားလုံးတို့အား အကြွင်းအကျန်မရှိ အမွေပေးခဲ့သော ဒေသနာအဆုံးအမတို့သည် ယနေ့ထက်တိုင် သန့်ရှင်းစင်ကြယ်စွာဖြင့် မူလအတိုင်း တည်ရှိနေခြင်းသည် သံဃာတော်အရှင်မြတ်တို့၏ ကျေးဇူးတရားပင်ဖြစ်ပါသည်ဘုရား။

ထိုကဲ့သို့ မြတ်ဗုဒ္ဓ၏ အဆုံးအမတို့ကို စနစ်တကျစုစည်းလျက် နှုတ်တက်အာဂုံဆောင်ခြင်း၊ သဘောသွားအဓိပ္ပာယ်တို့ကို သင်ကြားပို့ချတော်မူခြင်းတို့ဖြင့် လက်ဆင့်ကမ်း သယ်ဆောင်တော်မူခဲ့သော သံဃာတော်အရှင်သူမြတ်တို့တွင် မြန်မာနိုင်ငံရှိ သံဃာတော်အရှင်မြတ်တို့၏ ပရိယတ်၊ ပဋိပတ် ကြိုးပမ်းဆောင်ရွက်မှုတို့သည် ယနေ့ထက်တိုင် အရှိန်အဟုန်ကောင်းလျက်ရှိပါသည်။ ထိုကဲ့သို့ အရှိန်အဟုန်ကောင်းစေရန် ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှင့်ထောက်ပံ့လျက်ရှိသော မြန်မာနိုင်ငံသူ/ နိုင်ငံသားတို့၏ စေတနာ၊ သဒ္ဓါတရားတို့ကလည်း အားကောင်းဆဲဖြစ်၍ သာသနာတော်အတွက် အလွန်ပင်အားတက်မိပါသည်ဘုရား။

သာသနာတော်နှစ် ၄၅၀ (ဘီစီ ၉၃) တွင် သီရိလင်္ကာနိုင်ငံ ဝဋ္ဋဂါမဏိမင်း လက်ထက်၌ ကျင်းပခဲ့သည့် စတုတ္ထသင်္ဂါယနာတင်ပွဲကြီးက ပိဋကတ်တော်များကို ပေထက်အက္ခရာတင်နိုင်ခဲ့ခြင်း၊ သာသနာတော်နှစ် ၂၄၁၅ (ခရစ်နှစ် ၁၈၇၁) တွင် မြန်မာနိုင်ငံ မင်းတုန်းမင်းတရားကြီး လက်ထက်၌ ကျင်းပခဲ့သော ပဉ္စမသင်္ဂါယနာတင်ပွဲကြီးက ကျောက်ထက်အက္ခရာတင်နိုင်ခဲ့ခြင်းနှင့် သာသနာတော် ၂၅၀၀ ပြည့်မြောက်သည့်နှစ် မြန်မာနိုင်ငံ လွတ်လပ်ရေး ရပြီးစအချိန်တွင် ကျင်းပခဲ့သည့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးက ပုံနှိပ်အက္ခရာတင်နိုင်ခဲ့ခြင်းတို့သည် သာသနာတော်အတွက် အလွန်ပင်အကျိုးကျေးဇူးများသည်ကို တွေ့ရှိရပါသည်ဘုရား။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ၁၉၄၈ ခုနှစ်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး ပေါ်ပေါက်လာရခြင်းသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပရာ၌ ပိဋကတ်သုံးပုံအာဂုံဆောင်သည့် သာသနအာဇာနည်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခဲ့ရာမှ ယနေ့ဆိုလျှင် (၇၂) ကြိမ်ပင်ရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်ဘုရား။

တစ်နည်းအားဖြင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၏ အမွေအနှစ်သဖွယ် ဖြစ်သော ဤစာမေးပွဲကြီး၏ ချီးကျူးပူဇာ အောင်ပွဲမင်္ဂလာကို ဤဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ယခုကဲ့သို့ ခမ်းနားထည်ဝါစွာကျင်းပခြင်းသည် သာသနာ့သမိုင်းနှင့် အလွန်ပင်လျော်ကန်သင့်မြတ်လှပါကြောင်း ခံစားကြည်ညိုရပါသည် ဘုရား။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးသည် စတင်ကျင်းပသည့်နှစ်မှ ယခုနှစ်၊ ယခုအကြိမ်ထိ တစ်နှစ်တစ်ကြိမ်မျှ ပျက်ကွက်မှုမရှိ ကျင်းပနိုင်ခဲ့ပြီး ကျင်းပပြီးစီးခဲ့သည့် (၇၂) ကြိမ်အတွင်း ပထမဦးဆုံးသော တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော်ကြီး အရှင်ဝိစိတ္တသာရာဘိဝံသ အပါအဝင် သာသနာ့အာဇာနည် ၁၅ ပါးမျှသာ ပေါ်ထွန်းလာခြင်းသည်ပင် ဤ စာမေးပွဲကြီး၏ ခက်ခဲမှု၊ နက်နဲမှု၊ ထူးခြားမှု ဖြစ်ပါသည်ဘုရား။

ယခုနှစ်ကျင်းပသည့် စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသော သာသနာ့အာဇာနည် အရှင်မြတ်တို့အနက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်မှ ဝင်ရောက်ဖြေဆိုတော်မူသည့် အရှင်ပညာဝံသာဘိဝံသ (ကျောက်ပန်းတောင်း ဆရာတော်) အရှင်မြတ်သည် ပြဋ္ဌာန်းကျမ်းစာအားလုံး၏ အာဂမ သဘာဝ နှစ်ရပ်လုံးကို ပြီးမြောက်အောင်မြင်ခဲ့သဖြင့် ၁၅ ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါး ပေါ်ထွန်းခဲ့ပြီး ယခုလို ပူဇော်ခွင့်ရရှိသည်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်လှပါကြောင်း၊ ရှိသေစွာ လျှောက်ထားအပ်ပါသည် ဘုရား။

**ဆရာတော်သံဃာတော်အရှင်သူမြတ်တို့ဘုရား –**

မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိခဲ့စဉ်ကပင် လက်ယာရံနှင့် လက်ဝဲရံ အဂ္ဂသာဝက နှစ်ပါးတို့ကို ရွေးချယ်သတ်မှတ် တာဝန်ပေးအပ်ရာတွင် တန်ခိုးအရာ၌ ထက်မြက်သော အရှင်မဟာ မောဂ္ဂလာန်နှင့် ပညာအရာ၌ နက်နဲစွာတွေးခေါ်မြော်မြင်တတ်သည့် အရှင်သာရိပုတ္တရာတို့ကို ရွေးချယ်ခဲ့ပြီး ထိုအဂ္ဂသာဝက မဟာထေရ်နှစ်ပါးတို့တွင် နက်နဲသည့် ဉာဏ်ပညာရှင်ဖြစ်တော်မူသော အရှင်သာရိပုတ္တရာအား လက်ယာရံ၊ အဂ္ဂသာဝကအဖြစ် အဓိကနေရာ၌ တာဝန်ပေးအပ်ခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် မြတ်စွာဘုရားရှင်သည် **“ထက်”** ခြင်းထက် **“နက်”** ခြင်းကို အလေးထားတော်မူကြောင်း သိသာထင်ရှားလှပါသည်ဘုရား။

ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးနှင့် တိပိဋကဓရ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲကြီးကို ၁၉၄၈ ခုနှစ်မှစ၍ ၇၂ ကြိမ်တိုင်တိုင် စဉ်ဆက်မပြတ်ကျင်းပကာ ကန်ပေါင်ကန်ရိုးပမာ အထူးခိုင်ခံ့အားကောင်းအောင် ပရိယတ္တိ သာသနာတော်ကြီးကို အလေးဂရုပြု၍ ကြိုးပမ်းဆောင်ရွက်တော်မူကြသည့် သာသနာ့ဥသျှောင်ဆရာတော်ကြီးများ၏ သာသနာတော်အပေါ်ထားရှိသော သဒ္ဓါအား၊ စေတနာအားနှင့် လုံ့လဝီရိယအားတို့ကို ယခုလို မျက်ဝါးထင်ထင်တွေ့မြင်ရသည့်အတွက် အထူးကြည်ညိုမိပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် မြတ်စွာဘုရားရှင်၏ သဒ္ဓမ္မ သုံးဖြာ သာသနာတော်မြတ်ကြီးသည် **“ကြာရေ ကန်ဘောင်၊ ပမာဆောင်သော်၊ ကန်ဘောင်ပရိယတ်၊ ခိုင်မာလတ်က၊ ပဋိပတ္တိရေ၊ တည်ကာနေ၍၊ ပဋိဝေဓရွှေကြာ၊ ပွင့်ဝေဆာကာ၊ သာသနာသုံးထွေ၊ အစွန့်ရှည်၍၊ နှစ်ပရိစ္ဆေဒ၊ ကာလများမြောင်၊ ငါးထောင်ပတ်လုံး၊ ခေတ်ကုန်ဆုံးအောင်၊ တည်ပါစေကြောင်း၊ ဆုတောင်းမင်္ဂလာ၊ အာသီသပတ္ထနာ ဖြင့်”** ဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ ချီးကျူးပူဇာလျှောက်ထားလွှာကို နိဂုံးချုပ် အပ်ပါသည် ဆရာတော်သံဃာတော် အရှင်မြတ်တို့ဘုရား။

## မကွေးခရိုင် အရှေ့ကုန်း - ရေဆုံး ပင်းချောင်းဖြတ်ကူး ရေနိမ့်တံတား ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် အရှေ့ကုန်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ရေဆုံးကျေးရွာတို့ကို ဆက်သွယ်သည့် ပင်းချောင်းဖြတ်ကူး ရေနိမ့်တံတား (Submersible Bridge) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီး ဦးတင်နွယ်ဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်က ယနေ့ဖွင့်လှစ်သည့် အရှေ့ကုန်း – ရေဆုံး ပင်းချောင်းဖြတ်ကူးတံတား အပါအဝင် မကွေးတိုင်းဒေသကြီး အတွင်း၌ ဂျပန်နည်းပညာအကူအညီဖြင့် ၁၇ စင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အလားတူ ကရင်ပြည်နယ်တွင် တစ်စင်း ၊ ပဲခူးတိုင်းဒေသကြီး အတွင်း တစ်စင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း နှစ်စင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သုံးစင်း၊ စုစုပေါင်း ခုနစ်စင်းကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယနေ့ ဖွင့်လှစ်သည့် ကျေးရွာချင်းဆက် ပင်းချောင်းဖြတ်ကူး ရေနိမ့်တံတားပေါ်မှ အချိန်မရွေး၊ ရာသီမရွေး သွားလာနိုင်တော့မည် ဖြစ်သည့်အတွက် ကျေးရွာ ခြောက်ရွာ လူဦးရေ ၄၉၆၅ ဦးတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတို့ကိုသာမက စာသင်ကျောင်း ခြောက်ကျောင်းတွင်ရှိသည့် ကျောင်းသား/ ကျောင်းသူ ၂၁၅ ဦးတို့၏ ပညာရေးကိုလည်း အကျိုးရှိရှိ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အရှေ့ကုန်း – ရေဆုံး ပင်းချောင်းဖြတ်ကူး ရေနိမ့်တံတားကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်သက်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်သိမှတ်ပါရန်

ဇူလိုင်လ ၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ ပါ ရဲဘော်ကိုထွေး အတ္ထုပ္ပတ္တိတွင် ဖခင်ဖြစ်သူမှာ ပင်စင်စား စိုက်ပျိုးရေးဝန်ထောက် ဟုလည်းကောင်း၊ ဆဋ္ဌမမြောက် အထွေးဆုံးသားဖြစ်ပြီး အစ်ကိုသုံးယောက်၊ အစ်မ နှစ်ယောက်ရှိသည်ဟုလည်းကောင်း၊ အမည်ရင်းမှာ ကိုထွေးဖြစ်ပြီး ငယ်နာမည် ကိုကို ဟုလည်းကောင်း ပြင်ဆင်သိမှတ်ပါရန် ပန်ကြားအပ်ပါသည်။

**စာတည်းအဖွဲ့**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် ဇူလိုင် ၂၀**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**



# အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား

တိုင်းပြည်တစ်ပြည် ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံ အမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့ လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက်လက်မပျက်ဘဲ ရသမျှအခွင့်အရေးကို ရတုန်း မိမိရရယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ချစ်ရာရောက်မယ်။ ကျုပ်တို့မြန်မာပြည် ထူထောင်နိုင်မယ်။

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေစာရင်းနှင့် မဲဆန္ဒရှင်စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်စေရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေစာရင်းနှင့် မဲဆန္ဒရှင်စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ တိုင်းဒေသကြီး လူဦးရေနှင့် စာရင်းအင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးနှင့် ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိမိဌာနဝန်ထမ်းများ ညှိနှိုင်းပူးပေါင်းကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်တွင်းနေထိုင်သူများသာမက ပြည်ပရောက် မြန်မာနိုင်ငံသားများ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာသံရုံးများဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မကြာသေးခင်က ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ မဲပေးနိုင်ရေးအတွက်လည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### မဲဆန္ဒရှင်စာရင်း ပြုစုလျက်

ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ လူဦးရေစာရင်းကို မြေပြင်ကွင်းဆင်းကောက်ယူကာ မဲဆန္ဒရှင်စာရင်း ပြုစုလျက်ရှိကြောင်းနှင့် ယင်းမဲစာရင်းကို ပိုမိုတိကျမှန်ကန်စေရေးအတွက် တာဝန်ရှိဌာနများမှ လူအင်အား၊ နည်းပညာအင်အားများဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများ ရရှိပြီးဖြစ်ကြောင်း သိရှိရပါကြောင်း၊ ပထမအကြိမ် မဲစာရင်းကို ဇူလိုင် ၂၅ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ် မဲစာရင်းကို အောက်တိုဘာလအတွင်းတွင် လည်းကောင်း ထုတ်ပြန်ကြေညာနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိရာ မိမိတို့ဌာနအနေဖြင့် မဲစာရင်းတွင် ဖြည့်သွင်းရန် ကျန်ရှိသည့် ကိုင်ဆောင်လက်မှတ်အမှတ်များ မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် စီမံဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုအဆင့်တွင်လည်း ဆန္ဒမဲပေးခွင့်ရှိသူ မဲပေးနိုင်ရေး၊ မဲစာရင်းတွင် အမည်စာရင်းပါရှိသော်လည်း ကိုင်ဆောင်လက်မှတ်နံပါတ် ဖြည့်သွင်းရန်ကျန်ရှိသည့်စာရင်းများ ပြန်လည်ဖြည့်သွင်းရေး၊ ကိုင်ဆောင်လက်မှတ် ကွင်းဆင်းထုတ်ပေးရေးနှင့် ကိုင်ဆောင်လက်မှတ် အပြည့်အဝ ဆောင်ရွက်ထုတ်ပေးနိုင်ခြင်း မရှိပါကလည်း မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ပေးမည့် အစီအမံများကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိပါကြောင်း။





ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေစာရင်းနှင့် မဲဆန္ဒရှင် စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် အရေးကြီး

မဲစာရင်းတွင် ပါရှိသော်လည်း ကိုင်ဆောင်လက်မှတ်နံပါတ် ဖြည့်သွင်းပါရှိခြင်း မရှိသူများကို ယခင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့ရှိ စာရင်းများဖြင့် တိုက်ဆိုင်၍ ၎င်းစာရင်းများပါ နံပါတ်များ ဖြည့်သွင်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုင်ဆောင်လက်မှတ် မှန်ကန်ပြည့်စုံစွာ ဖြည့်သွင်းခြင်းလုပ်ငန်းကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မိမိဌာနမှ ဝန်ထမ်းများက အဓိက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ ပြောင်းရွှေ့လာသူများအတွက်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများနှင့် ချိတ်ဆက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဦးစီးဌာနရုံးများ၌ လက်ရှိအင်အားအပေါ် မူတည်၍ အဖွဲ့သုံးဖွဲ့ခွဲကာ ရုံးသို့လာရောက်သူများအတွက် ဆောင်ရွက်ပေးရန် ရုံးထိုင်အဖွဲ့ တစ်ဖွဲ့၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ စာရင်းအရ ကိုင်ဆောင်လက်မှတ် ဖြည့်သွင်းရန် ကျန်ရှိသူများအား စာရင်းဇယားများဖြင့် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ရန် အဖွဲ့တစ်ဖွဲ့နှင့် ကိုင်ဆောင်လက်မှတ် မရှိသေးသူများအတွက် လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ကွင်းဆင်းဆောင်ရွက်မည့်အဖွဲ့တစ်ဖွဲ့ စသည်ဖြင့် အဖွဲ့သုံးဖွဲ့ခွဲကာ တိုင်းဒေသကြီး/ပြည်နယ်အားလုံး၌ စီမံချက်ရေးဆွဲ ဆောင်ရွက်ကြရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို ယခင်ဆောင်ရွက်မှုများထက် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းကိုလည်း အသိပေးပြောကြားလိုပါကြောင်း၊ မိမိတို့ လုပ်ငန်းများသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ ဆောင်ရွက်ရသည့်အတွက် အချိန်အတိုင်းအတာတစ်ခုအထိ ကြန့်ကြာမှုရှိသော်လည်း မြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး စာရင်းအရ မဲစာရင်းတွင် ကိုင်ဆောင်လက်မှတ်များ ထပ်နေခြင်း၊ မြို့နယ်တစ်ခုထက် ပိုမိုပါဝင်နေသူများ ပါရှိနေခြင်း၊ နံပါတ်များ မှားယွင်းဖြည့်သွင်းထားခြင်းတို့ကြောင့် မိမိတို့ဌာနရှိ ရုံးလက်ခံမှတ်တမ်းများနှင့် စိစစ်အတည်ပြုပြီး အသေးစိတ်အမည်စာရင်းများဖြင့် စိစစ်ဆောင်ရွက်ပေးခဲ့ရာ အချိန်တိုအတွင်း မှန်ကန်သောစာရင်းများ ဖြည့်သွင်းဆောင်ရွက်ပေးပို့ပြီး ဖြစ်ပါကြောင်း၊ အလားတူ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များမှ နံပါတ်များ ပါရှိနေရာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ မေးမြန်းစိစစ်၍ ရရှိသောစာရင်းများကိုလည်း ပြန်ကြားပေးပို့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒရှင်စာရင်းအရ ကိုင်ဆောင်လက်မှတ်နံပါတ်များ အတိုင်းအတာတစ်ခုအထိ ပြုစုဆောင်ရွက်ပြီးဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ လူဦးရေစာရင်း ကောက်ယူခြင်းနှင့် အခြေခံမဲစာရင်းပြုစုခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး၌ သီးခြား Server တစ်လုံးကို အသုံးပြု၍ Database စနစ်ဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် အချက်အလက်စုဆောင်းမှုတွင် အားကောင်းလျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းဆောင်ရွက်မှုသည်ဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် e-ID၊ e-Passport စသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအတွက် များစွာအထောက်အကူဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မဲစာရင်းများ တိကျမှန်ကန်စွာ ဆောင်ရွက်နေသည့်နည်းတူ အခြားသော တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် မိမိတို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများအားလုံး၏ အဓိက ဦးစားပေးလုပ်ငန်းသည် မဲစာရင်း တိကျမှန်ကန်ရေး၊ မဲပေးခွင့်ရှိသူအားလုံး ကိုင်ဆောင်လက်မှတ်ရရှိရေး၊ မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့် မဆုံးရှုံးစေရေးစသည့် လုပ်ငန်းများပင် ဖြစ်ပါကြောင်း၊ ယခုကာလသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆောင်ရွက်နေချိန်ဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ထမ်းအားလုံးသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန်လည်း အရေးကြီးပါကြောင်း၊ ယခုလုပ်ငန်းသည် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့ချင်း ဆောင်ရွက်၍မရဘဲ အဖွဲ့အစည်းအားလုံးက ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်မည့် လုပ်ငန်းဖြစ်သည်နှင့်အညီအားလုံးက အမျိုးသားရေး တာဝန်တစ်ရပ်ကို ထမ်းဆောင်နေကြသူများအဖြစ်ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီး ဒေါ်မိုးမိုးစုကြည်က ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေနှင့် စာရင်းအင်းအချက်အလက်ဆိုင်ရာ လုပ်ငန်းကော်မတီဖွဲ့စည်းဆောင်ရွက်မှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ထုတ်ပေးပြီးစီးမှုနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းဇယားအချက်အလက်များ ပြုစုထားရှိမှုအခြေအနေကို လည်းကောင်း၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကြည်မြင့်က တိုင်းဒေသကြီးအတွင်း ဆန္ဒမဲပေးခွင့်ရှိသူများ စာရင်းကောက်ယူမှုနှင့် မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် ဆောင်ရွက်ထားရှိမှု၊ ဆန္ဒမဲပေးခွင့်ရှိသူများစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖြည့်သွင်းနိုင်မှုမရှိသည့် စာရင်းနှင့် အချက်အလက်များ မှန်ကန်ပြည့်စုံရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

### ဖြည့်စွက်ဆွေးနွေး တင်ပြ

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူး ဦးစောနိုင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖြည့်သွင်းဆောင်ရွက်နိုင်ရေးနှင့် ကတ်ပြားမရှိသူများအတွက် ကွင်းဆင်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက မဲဆန္ဒရှင် စာရင်းဇယားအချက်အလက်များ တိကျမှန်ကန်စေရေးအတွက် ဆောင်ရွက်မှုများကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူတိုင်း မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် မဲစာရင်းအချက်အလက်များ တိကျမှန်ကန်စေရေးအတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲအဖွဲ့ခွဲကော်မရှင် အဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများ၊ မိမိဌာန ဝန်ထမ်းများ ပေါင်းစပ်ညှိနှိုင်းကာ နိုင်ငံတော်အတွက် အရေးကြီးသည့် အမျိုးသားရေးတာဝန်အဖြစ် ခံယူ၍ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ရေဘေးသင့်အိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားစဉ်။ သတင်းစဉ်

❊ *ကျောဖုံးမှ*

ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး မြို့တော်ဝန် ဒေါက်တာ ရဲလွင်နှင့် တာဝန်ရှိသူများက ရောဝတီမြစ်ရေ စတင်စိမ့်ဝင်မှု၊ တာရိုးကျိုးပေါက်မှု၊ ကမ်းနားလမ်း ပျက်စီးမှုအခြေအနေ၊ ထပ်မံတိုက်စားပြိုကျပျက်စီးမှုမဖြစ်စေရေး စီမံဆောင်ရွက်နေမှုအခြေအနေ၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ အမြန်ဆုံးစတင်နိုင်ရန် အစီအမံများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတ က လတ်တလော ပျက်စီးမှုများ ထပ်မံမဖြစ်ပွားစေရေး Poly Felt များကာ၍ သဲအိတ်ဖိခြင်း လုပ်ငန်းများအမြန်ဆုံးတည်ဆောက်သွားရေး၊ ကျောက်ကြီးများဖြင့် လမ်းတာဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရေး၊ ရေရှည်တွင် ပန်းတာများ တည်ဆောက်သွားရေး၊ ပျက်စီးခဲ့သည့် နေရာများကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော စက်ယန္တရားများနှင့် ပစ္စည်းများကို ဝိုင်းဝန်းပံ့ပိုး ဖြည့်ဆည်းပေးရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းမှုကို ဦးစားပေးဆောင်ရွက်ရေး ကိစ္စရပ်များကို မှာကြားသည်။

> **“သဘာဝဘေးအန္တရာယ်များကို ရေရှည်တွင် ဆက်လက်ရင်ဆိုင်ကြရမည်ဖြစ်ပြီး စိန်ခေါ်မှုများစွာ ရှိပါကြောင်း၊ မည်သို့ပင် ဒုက္ခများ တွေ့ကြုံရသော်လည်း စိတ်ဓာတ်မကျရန် လိုအပ်ပါကြောင်း၊ အားလုံး ဝိုင်းဝန်းကြိုးစား ကြရမည်ဖြစ်”**

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ရွှေဂဲရေထိန်းတံခါးအနီး တာရိုးကျိုးပေါက်နေမှုနှင့် မြို့ပတ်လမ်း ပျက်စီးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**အားပေးစကားပြောကြား**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် ဈေးချိုရပ်ကွက် ဦးလင်းဓမ္မာရုံနှင့် မုန်တန်းရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံသို့ ရောက်ရှိကြပြီး ရေဘေးသင့်အိမ်ထောင်စုများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက ရွှေဂဲရေထိန်းတံခါးအနီး တာရိုး ကျိုးပေါက်သည့်နေရာကို မိမိတို့ ရောက်ရှိခဲ့ပါကြောင်း၊ တာရိုး ကျိုးပေါက်သည့် နေရာကိုလည်း အမြန်ဆုံး မူလအခြေအနေပြန်ဖြစ်စေရန် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထောက်ပံ့မှုများကိုလည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်၍ စိတ်အားမငယ်ကြစေလိုပါကြောင်း။

ရာသီဥတုအနေအထားများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာပါကြောင်း၊ ယခုကဲ့သို့ ဘေးအန္တရာယ်ဖြစ်လာသည့်ကိစ္စကို မည်သို့မျှ ရှောင်လွှဲ၍ မရပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝဘေး အန္တရာယ်များကို ရေရှည်တွင် ဆက်လက် ရင်ဆိုင်ကြရမည်ဖြစ်ပြီး စိန်ခေါ်မှုများစွာ ရှိပါကြောင်း၊ မည်သို့ပင် ဒုက္ခများတွေ့ကြုံရသော်လည်း စိတ်ဓာတ်မကျရန် လိုအပ်ပါကြောင်း၊ အားလုံး ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည်ကို မိမိအနေဖြင့် ကိုယ်ချင်းစာမိပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများ၌ နေထိုင်စဉ်ကာလတွင်လည်း ကျန်းမာရေးကို ဂရုစိုက်၍ ကျန်းမာရေးအသိရှိစွာ နေထိုင်ကြစေလိုပါကြောင်း။

ကာလတစ်ခုအထိ ကယ်ဆယ်ရေးစခန်း၌ နေထိုင်ရချိန်တွင် စိတ်ရှည်သည်းခံပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ကယ်ဆယ်ရေးစခန်း၌ ရှိနေချိန်နှင့် မိမိနေရာများသို့ ပြန်လည်ရောက်ရှိသည့် အချိန်များတွင် လိုအပ်သည့် အကူအညီများနှင့် ထောက်ပံ့မှုများကို ဆက်လက်ကူညီ ဖြည့်ဆည်း ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိနေရာများသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ကြပါစေဟု ဆုတောင်းအပ်ပါကြောင်း ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ရေဘေးသင့် အိမ်ထောင်စုများထံ ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများကို ပေးအပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် တာရိုးကျိုးပေါက်မှုနှင့် ကမ်းနားလမ်းပျက်စီးမှုများအား စက်ယန္တရားများဖြင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်၍ မြစ်ရေဝင်ရောက်မှုကြောင့် ယဉ်တော်ကျေးရွာအုပ်စု၊ မုန်တန်းရပ်ကွက်၊ ကျန်တန်းရပ်ကွက်၊ ဈေးချိုရပ်ကွက်နှင့် ငယ်တိုင်ရပ်ကွက်များရှိ အိမ်ထောင်စုများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တာရိုးကျိုးပေါက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ ကြည့်ရှုစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးလင်းဓမ္မာရုံရှိ ရေဘေးသင့်အိမ်ထောင်စုများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

# အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး အခြေခံပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအကြား ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်ဆွေးနွေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၀**

ကမ္ဘာ့ကပ်ရောဂါ COVID-19 ကူးစက်ဖြစ်ပွားမှု အခြေအနေများကြောင့် ခေတ္တရပ်နားထားရသည့် အခြေခံပညာ အထက်တန်းကျောင်းများအား COVID-19 ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ညှိနှိုင်းအစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးတို့ ဦးဆောင်တက်ရောက်၍ ဆွေးနွေးခဲ့ကြသည်။

### အသေးစိတ်ပြန်လည်ဆွေးနွေး

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်မှ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပူးပေါင်း၍ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများအား COVID-19 ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ဆန်းစစ်ရန်စာရင်း (checklist) များ အသုံးပြု၍ စစ်ဆေးခဲ့မှု အခြေအနေများ၊ ရရှိလာသည့် ရလဒ်များအပေါ်မူတည်၍ လက်ရှိအခြေအနေအရ ဖွင့်လှစ်ခွင့်ပြုရန် လိုအပ်ချက်များ ပြည့်မီသည့်ကျောင်း (အဆင့်-A)၊ ထပ်မံဖြည့်ဆည်းရန် လိုအပ်သည့်ကျောင်း (အဆင့်-B)၊ အထူးထပ်မံဖြည့်ဆည်းရန်လိုအပ်သည့် ကျောင်း (အဆင့်-C) ခွဲခြားသတ်မှတ်၍ ရရှိလာသည့် အခြေအနေများနှင့် ထိုအခြေအနေများကို သုံးသပ်ဆွေးနွေးခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၏ အမြင်များ၊ အကြံပြုမှုများနှင့် စဉ်ဆက်မပြတ် ဆန်းစစ်ကြီးကြပ်ခြင်းလုပ်ငန်းများကို ကျောင်းတွင်းတွင် ဆန်းစစ်ကြီးကြပ်မည့် အဖွဲ့များဖွဲ့စည်းခြင်းနှင့် မြို့နယ်အဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကွပ်ကဲရေးအဖွဲ့နှင့် အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်ရေး လုပ်ငန်းများအပေါ် အသေးစိတ်ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

### ဦးစွာဖွင့်လှစ်ခွင့်ပြုရန် ဆွေးနွေး

အစည်းအဝေး၌ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးရေးနှင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး လုံခြုံဘေးကင်းသည့် အခြေခံပညာအထက်တန်း အဆင့်သင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေသအာဏာပိုင်များ၊ အခြေခံပညာဦးစီးဌာန၊ မိဘဆရာအသင်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သော အဖွဲ့များ ဖွဲ့စည်းကာ ဇူလိုင် ၁၇ ရက်မှစ၍ ဇူလိုင် ၂၀ ရက် နံနက်ပိုင်း အထိ အခြေခံပညာအထက်တန်းအဆင့်ကျောင်း စုစုပေါင်း ၇၁၇၃ ကျောင်းများ အနက် ၅၈၃၀ ကျောင်းတို့အား ဆန်းစစ်အကဲဖြတ်ဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်သော (A အဆင့်) ကျောင်း ၃၇၇၂ ကျောင်း၊ ဖြည့်ဆည်းရန် လိုအပ်သော (B အဆင့်) ကျောင်း ၁၂၂၀၊ ဖြည့်ဆည်းရန် အထူးလိုအပ်သော (C အဆင့်) ကျောင်း ၈၃၈ ကျောင်းဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ရကြောင်းနှင့် အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ အဆင့်-A ရရှိသည့် အခြေခံပညာ အထက်တန်းကျောင်း ၃၇၇၂ ကျောင်းအား မူလစီစဉ်ထားသည့်အတိုင်း ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ ရက်မှစတင်၍ ဦးစွာဖွင့်လှစ်ခွင့်ပြုရန် ဆွေးနွေးခဲ့ပြီး အဆင့်-B ရရှိသည့် ကျောင်း ၁၂၂၀၊ အဆင့်-C ရရှိသည့် ၈၃၈ ကျောင်းတို့ကို ဒုတိယ အဆင့်အနေဖြင့် ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီးပါကလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မိဘဆရာအသင်းများမှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့များဖြင့် မြို့နယ်အလိုက် စဉ်ဆက်မပြတ် အဆင့်ဆင့် ဆန်းစစ်ကြီးကြပ်ခြင်းနှင့် ရှောင်တခင်စစ်ဆေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

### တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူ ၄၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြကာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူ ၁၇ ဦးက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

### အထက်တန်းဆင့်သင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် COVID-19 ရောဂါကာကွယ်တားဆီးရေးအတွက် စီစဉ်ဆောင်ရွက်မှုအခြေအနေများအား ဆန်းစစ်မှုအခြေအနေ

ရက်စွဲ။ (၁၇-၇-၂၀၂၀) မှ (၂၀-၇-၂၀၂၀) အထိ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အခြေခံကျောင်းဦးရေ ရှိ | အခြေခံကျောင်းဦးရေ စစ်ဆေးပြီး | အခြေခံ စစ်ဆေးမှုရလဒ် A အဆင့် ကျောင်းဦးရေ | အခြေခံ စစ်ဆေးမှုရလဒ် B အဆင့် ကျောင်းဦးရေ | အခြေခံ စစ်ဆေးမှုရလဒ် C အဆင့် ကျောင်းဦးရေ | (ကပက)ကျောင်းဦးရေ ရှိ | (ကပက) စစ်ဆေးပြီး | (ကပက) စစ်ဆေးမှုရလဒ် A အဆင့် ကျောင်းဦးရေ | (ကပက) စစ်ဆေးမှုရလဒ် B အဆင့် ကျောင်းဦးရေ | (ကပက) စစ်ဆေးမှုရလဒ် C အဆင့် ကျောင်းဦးရေ | (ဘက)ကျောင်းဦးရေ ရှိ | (ဘက) စစ်ဆေးပြီး | (ဘက) စစ်ဆေးမှုရလဒ် A အဆင့် ကျောင်းဦးရေ | (ဘက) စစ်ဆေးမှုရလဒ် B အဆင့် ကျောင်းဦးရေ | (ဘက) စစ်ဆေးမှုရလဒ် C အဆင့် ကျောင်းဦးရေ | စစ်ဆေးပြီး ကျောင်းများ၏ရလဒ် ရှိ | ကျောင်းပေါင်း | A အဆင့် ကျောင်းဦးရေ | B အဆင့် ကျောင်းဦးရေ | C အဆင့် ကျောင်းဦးရေ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ကချင် | ၁၉၄ | ၁၁၅ | ၂၄ | ၂၆ | ၆၅ | ၅၃ | ၄ | ၂ | ၀ | ၂ | | | | | | ၂၄၇ | ၁၁၉ | ၂၆ | ၂၆ | ၆၇ |
| ၂ | ကယား | ၅၆ | ၅၆ | ၁၈ | ၃၆ | ၂ | ၆ | ၆ | ၄ | ၂ | ၀ | | | | | | ၆၂ | ၆၂ | ၂၂ | ၃၈ | ၂ |
| ၃ | ကရင် | ၂၁၄ | ၂၁၄ | ၁၂၇ | ၅၄ | ၃၃ | ၉ | ၉ | ၈ | ၁ | ၀ | | | | | | ၂၂၃ | ၂၂၃ | ၁၃၅ | ၅၅ | ၃၃ |
| ၄ | ချင်း | ၂၀၇ | ၁၄၀ | ၂၉ | ၃၁ | ၈၀ | ၉ | ၃ | ၀ | ၂ | ၁ | | | | | | ၂၁၆ | ၁၄၃ | ၂၉ | ၃၃ | ၈၁ |
| ၅ | စစ်ကိုင်း | ၇၄၀ | ၅၁၅ | ၂၇၃ | ၁၂၀ | ၁၂၂ | ၁၄၁ | ၉၁ | ၇၃ | ၁၃ | ၅ | | | | | | ၈၈၁ | ၆၀၆ | ၃၄၆ | ၁၃၃ | ၁၂၇ |
| ၆ | တနင်္သာရီ | ၁၇၃ | ၁၇၃ | ၇၇ | ၄၈ | ၄၈ | ၈ | ၈ | ၅ | ၃ | ၀ | | | | | | ၁၈၁ | ၁၈၁ | ၈၂ | ၅၁ | ၄၈ |
| ၇ | ပဲခူး(ရှေ့) | ၃၁၁ | ၃၁၁ | ၃၀၂ | ၈ | ၁ | ၆၅ | ၅၅ | ၅၅ | ၀ | ၀ | | | | | | ၃၇၆ | ၃၆၆ | ၃၅၇ | ၈ | ၁ |
| ၈ | ပဲခူး(နောက်) | ၂၀၁ | ၁၇၇ | ၇၆ | ၆၉ | ၃၂ | ၃၆ | ၂၇ | ၂၂ | ၃ | ၂ | | | | | | ၂၃၇ | ၂၀၄ | ၉၈ | ၇၂ | ၃၄ |
| ၉ | မကွေး | ၈၇၇ | ၇၄၃ | ၅၁၄ | ၁၃၇ | ၉၂ | ၆၁ | ၄ | ၄ | ၀ | ၀ | | | | | | ၉၃၈ | ၇၄၇ | ၅၁၈ | ၁၃၇ | ၉၂ |
| ၁၀ | မန္တလေး | ၇၀၉ | ၆၄၇ | ၄၇၁ | ၉၅ | ၈၁ | ၁၈၂ | ၁၅၈ | ၁၅၆ | ၁ | ၁ | ၂ | ၂ | ၂ | ၀ | ၀ | ၈၉၃ | ၈၀၇ | ၆၂၉ | ၉၆ | ၈၂ |
| ၁၁ | မွန် | ၁၉၂ | ၁၉၂ | ၁၄၀ | ၃၇ | ၁၅ | ၂၀ | ၂၀ | ၁၅ | ၅ | ၀ | | | | | | ၂၁၂ | ၂၁၂ | ၁၅၅ | ၄၂ | ၁၅ |
| ၁၂ | ရခိုင် | ၄၄၀ | ၁၅၄ | ၀ | ၅၄ | ၁၀၀ | ၃၇ | ၀ | ၀ | ၀ | ၀ | | | | | | ၄၇၇ | ၁၅၄ | ၀ | ၅၄ | ၁၀၀ |
| ၁၃ | ရန်ကုန် | ၄၀၈ | ၄၀၇ | ၃၆၆ | ၃၉ | ၂ | ၁၉၀ | ၁၈၉ | ၁၆၉ | ၁၂ | ၈ | | | | | | ၅၉၈ | ၅၉၆ | ၅၃၅ | ၅၁ | ၁၀ |
| ၁၄ | ရှမ်း(တောင်) | ၂၇၂ | ၂၇၂ | ၁၈၄ | ၈၈ | ၀ | ၄၉ | ၈ | ၆ | ၀ | ၂ | | | | | | ၃၂၁ | ၂၈၀ | ၁၉၀ | ၈၈ | ၂ |
| ၁၅ | ရှမ်း(မြောက်) | ၁၇၄ | ၁၀၆ | ၃၈ | ၆၀ | ၈ | ၅၂ | ၃၆ | ၃၅ | ၁ | ၀ | | | | | | ၂၂၆ | ၁၄၂ | ၇၃ | ၆၁ | ၈ |
| ၁၆ | ရှမ်း(ရှေ့) | ၅၂ | ၅၀ | ၂၃ | ၁၁ | ၁၆ | ၇ | ၂ | ၂ | ၀ | ၀ | | | | | | ၅၉ | ၅၂ | ၂၅ | ၁၁ | ၁၆ |
| ၁၇ | ဧရာဝတီ | ၈၂၂ | ၇၃၇ | ၄၃၅ | ၁၉၇ | ၁၀၅ | ၂၂ | ၁၇ | ၁၃ | ၄ | ၀ | | | | | | ၈၄၄ | ၇၅၄ | ၄၄၈ | ၂၀၁ | ၁၀၅ |
| ၁၈ | နေပြည်တော် | ၁၂၉ | ၁၂၉ | ၆၁ | ၅၆ | ၁၂ | ၅၃ | ၅၃ | ၄၃ | ၇ | ၃ | | | | | | ၁၈၂ | ၁၈၂ | ၁၀၄ | ၆၃ | ၁၅ |
| | စုစုပေါင်း | ၆၁၇၁ | ၅၁၃၈ | ၃၁၅၈ | ၁၁၆၆ | ၈၁၄ | ၁၀၀၀ | ၆၉၀ | ၆၁၂ | ၅၄ | ၂၄ | ၂ | ၂ | ၂ | ၀ | ၀ | ၇၁၇၃ | ၅၈၃၀ | ၃၇၇၂ | ၁၂၂၀ | ၈၃၈ |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမရပူရမြို့နယ် ယဉ်တော်ကျေးရွာအုပ်စု မန္တလေး - စစ်ကိုင်းလမ်း လမ်းသားပြတ်တောက်၍ ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ယဉ်တော်ကျေးရွာအုပ်စု မန္တလေး – စစ်ကိုင်း လမ်းရှိ ရွှေဂူရေဆိုးထုတ်စက်ရုံ အတွင်းသို့ ယမန်နေ့ညက ဧရာဝတီမြစ်ရေ ကမ်းနားလမ်း၏ အောက်ဘက်မှ ထူးပေါက်ဖြစ်၍ ဝင်ရောက်လာမှုကြောင့် ရေလွှမ်းနိုင်သည့် ရပ်ကွက် လေးခုမှ အိမ်ထောင်စုများအား ဘေးလွတ်ရာသို့ ကြိုတင် ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။




အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းတွင် ဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုးငွေ ထောက်ပံ့ခြင်း၊ ကိုဗစ်–၁၉ အကာအကွယ် ပစ္စည်းများထောက်ပံ့ခြင်းနှင့်ဖြစ်စဉ်ကြောင့် မန္တလေး – စစ်ကိုင်းလမ်း လမ်းသားပြတ်တောက်၍ ဧရာဝတီမြစ်ရေများ နံကပ်အင်းအတွင်း စီးဝင်နေမှုကို ပိတ်ဆို့နိုင်ရေး လိုအပ်သောကူညီပံ့ပိုးမှုပေးခြင်းတို့ကို သွားရောက်ပူးပေါင်းညှိနှိုင်းဆောင်ရွက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုအဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အမရပူရမြို့ ရှင်ပင်ဆတ်သွား ဘုရားတန်ဆောင်း မိုးကောင်းမြတ်စွာဘုရား ဓမ္မာရုံနှင့် ကျန်တန်းဓမ္မာရုံတို့တွင် ဖွင့်လှစ်ထားသော ယာယီရေဘေးရှောင်စခန်းများသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် သတိထားရမည့်အချက်များနှင့် အားပေးစကား ပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စု ၁၄၄၈ စုမှ လူဦးရေ ၄၀၃၄ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၈၄၇၁၄၀၀၊ နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာများ ထောက်ပံ့ပေးခဲ့သည်။ (ဓါတ်ပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဖြစ်စဉ်နေရာသို့ ရောက်ရှိပြီး နံကပ်အင်းပတ်လည်ရှိ တာရိုးနိမ့်ပြီးရေများ ကျော်ဝင်နိုင်သောနေရာများကို လည်းကောင်း၊ မန္တလေး–စစ်ကိုင်းလမ်း လမ်းသားပြတ်တောက်ပြီး မြစ်ရေများ စီးဝင်နေသည့်အခြေအနေကိုလည်းကောင်း ကြည့်ရှုကာ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့် မြစ်ရေစီးဝင်နေမှုကို အမြန်ဆုံးပိတ်ဆို့နိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပံ့ပိုးပေးနိုင်မည့်အခြေအနေများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

နံကပ်အင်းပတ်လည်ရှိ လူနေအိမ်ခြေများအနီး ရေကျော်နိုင်သည့် တာရိုးနိမ့်သောနေရာများကို သဲအိတ်များ ချထားနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် လူမှုအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာ အလုံး ၁၅၀ ထုတ်ပေးပြီး အိမ်တိုင်ရာရောက် တပ်ဆင်ပေး

**ကျိုင်းတုံ ဇူလိုင် ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာ အလုံး ၁၅၀ အိမ်တိုင်ရာရောက် တပ်ဆင်ပေးခြင်းကို ဇူလိုင် ၂၀ ရက်က အမှတ်(၁) ရပ်ကွက် ကောင်းကန်ရွာနှင့် ဟိုနား (အောက်)ကျေးရွာတို့တွင် ဆောင်ရွက်ခဲ့သည်။

တပ်ဆင်ပေးရာသို့ ရှမ်းပြည်နယ် အရှေ့ပိုင်း ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာမှူး ဦးသက်ပိုင်မျိုးနှင့် ဝန်ထမ်းများက အိမ်သုံးမီတာများ တပ်ဆင်ပြီးပါက လျှပ်စစ်မီး စတင်သုံးဆွဲရမည်ဖြစ်သည့်အတွက် ကျေးရွာနေပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးပြောကြားပြီး အိမ်သုံးမီတာ အလုံး ၁၅၀ ထုတ်ပေးကာ အိမ်တိုင်ရာရောက် လိုက်ပါတပ်ဆင် ဆောင်ရွက်ပေးခဲ့သည့်အတွက် ပြည်သူများ လျှပ်စစ်မီး စတင်ရရှိသုံးစွဲလျက်ရှိကြောင်း သိရသည်။

ထို့အပြင် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်စွန်ကျေးရွာနှင့် ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် လုပ်သားရွာ ဟိုနား(အထက်)ရွာတို့အတွက် အိမ်သုံးမီတာ အလုံး ၂၆၀ ကို အိမ်တိုင်ရာရောက် ဆက်လက် တပ်ဆင်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွေးထံမှ သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## လွိုင်လင်မြို့ရှိ မသန်စွမ်းများနှင့် ဟိုခိုက်ကျေးရွာရှိ အနာကြီးရောဂါကုဂေဟာသို့ စားနပ်ရိက္ခာများ သွားရောက်လှူဒါန်း

**တောင်ကြီး ဇူလိုင် ၂၀**

လွိုင်လင်မြို့ရှိ မသန်စွမ်းများနှင့်ဟိုခိုက်ကျေးရွာရှိ အနာကြီးရောဂါကု ဂေဟာသို့ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲရိက္ခာထုပ်များနှင့် ရှမ်းတောင်ပရဟိတညီနောင်များ ကွန်ရက်မှ ကြက်သွန်နီ၊ အာလူး၊ ကြက်ဥနှင့် ဖျော်ရည်ဘူးများ စသည့်စားနပ်ရိက္ခာများ သွားရောက်လှူဒါန်းခဲ့သည်။





ယင်းသို့ သွားရောက်လှူဒါန်းရာတွင် ရှမ်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်၊ ဦးသူရစောသိန်းနှင့် ကော်မတီဝင်များ၊ ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက်မှ ပရဟိတအဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် လွိုင်လင်မြို့ အမှတ်(၁) ရပ်ကွက်သို့ ရောက်ရှိပြီး လွိုင်လင်မြို့ရှိ မသန်စွမ်းများအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲ၊ ပါဝင်သည့်ရိက္ခာထုပ် ၈၀ နှင့် ဖျော်ရည်ဘူးများအား ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(ဓာတ်ပုံ)**

ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် လွိုင်လင်မြို့ ဟိုခိုက်ကျေးရွာ အနာကြီးရောဂါကုဂေဟာသို့ ရောက်ရှိပြီး ဆန် ၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ် ၃၀၀၊ ကြက်သွန်နီ ပိဿာ ၃၀၀၊ အာလူးပိဿာ ၃၀၀၊ ကြက်ဥ အလုံး ၃၃၀၀ နှင့်ဖျော်ရည်ဘူးများအား ပေးအပ်လှူဒါန်းပြီး ဂေဟာအတွက် အလှူငွေကျပ် ငါးသိန်းခွဲကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာထောက် ပံ့ရေးကော်မတီအနေဖြင့် ဇူလိုင် ၂၁ ရက်တွင် တောင်ကြီးမြို့ပေါ်ရပ်ကွက်များမှ အခြေခံပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် စားနပ်ရိက္ခာထုပ်များကို ဒုတိယအကြိမ် ဆက်လက်ဖြန့်ဝေရန် ကျန်ရှိသည့် ရပ်ကွက် (၄) ရပ်ကွက်အား စားနပ်ရိက္ခာထုပ်များ ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသူရစောသိန်းထံမှ သိရသည်။

**စိုးညွှန့်ရွှေ (ပြန်/ဆက်)**




## (၂၆) ကြိမ်မြောက် စုပေါင်းသွေးလှူပွဲ ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ ပြုလုပ်မည်

**ရန်ကုန် ဇူလိုင် ၂၀**

“စန်းမောင်မြင့် ဒါနဥပပါရမီသွေးလှူကုသိုလ်ဖောင်ဒေးရှင်း”က ကြီးမှူးပြုလုပ်မည့် (၂၆) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို သူနာပြုတက္ကသိုလ် (ရန်ကုန်) ၌ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီခွဲမှ ညနေ ၅ နာရီအထိ ကိုဗစ်–၁၉ စည်းမျဉ်းများနှင့်အညီ ပြုလုပ်မည်ဖြစ်သဖြင့် မည်သူမဆို လာရောက်သွေးလှူဒါန်းနိုင်ပါသည်။ သွေးလှူရှင်များအား သွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေးထောက်ပံ့မှုများအပြင် “စန်းမောင်မြင့် သွေးလှူ ကုသိုလ်ဖောင်ဒေးရှင်း” မှ အမှတ်တရလက်ဆောင်များဖြစ်သည့် ခေါက်ထီး၊ လက်ဆွဲအိတ်ငယ်၊ လက်သန့်ဆေးရည်၊ Cotton Mask တို့ဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ကာ သွေးလှူဒါန်းမည့်သူများအနေဖြင့် “စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း” ဖုန်း –၀၉–၄၄၉၂၅၃၇၆၇၊ ၀၉ – ၆၉၅၁၃၅၅၁၅ သို့ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၂၀**

ခန္တီးမြို့တွင် ၄ ဒသမ ၉၂ လက်မ၊ ကွမ်းလုံမြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၇၆ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မူဆယ်မြို့နှင့် သံတွဲမြို့တို့ တွင် ၁ ဒသမ ၅၇ လက်မစီ၊ မိုးကုတ်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ရေဦးမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ကျောက်ဖြူမြို့နှင့် တောင်ငူမြို့တို့တွင် ၁ ဒသမ ၃၀ လက်မစီနှင့် နောင်ချိုမြို့တွင် ၁ ဒသမ ၂၆ လက်မ တို့ဖြစ်ကြသည်။

**မိုး/ဇလ**

# လွတ်လပ်စွာ မဲပေးခွင့်

ဒေါက်တာခိုင်ခိုင်ဝင်း

**လွတ်လပ်မျှတသည့် ရွေးကောက်ပွဲပြုလုပ်ပြီး အစိုးရတစ်ရပ်ဖော်ဆောင်တဲ့ နိုင်ငံရေးစနစ်ကို ဒီမိုကရေစီစနစ်လို့ ဆိုကြပါသည်။ ရွေးကောက်ပွဲသည် လွတ်လပ်မျှတရမည်ဖြစ်သလို မဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံး လွတ်လပ်စွာ မဲပေးပိုင်ခွင့်ရှိရမည်လည်းဖြစ်သည်။ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း ( Universal Declaration of Human Rights, UDHR) အပိုဒ်(၂၁)၊ အပိုဒ်ခွဲ (၃) တွင် အစိုးရအုပ်ချုပ်မှုအာဏာသည် ပြည်သူ ပြည်သားတို့၏ ဆန္ဒအပေါ်အခြေခံရမည်။ လူတိုင်းပါဝင်၍ တန်းတူညီမျှဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ် ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သော မဲပေးစနစ်ဖြင့် ဖြစ်စေ အချိန်ကာလအပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့် ရွေးကောက်ပွဲများတွင် အဆိုပါ ဆန္ဒကိုဖော်ထုတ်ရမည်ဟု ဆိုထားပါသည်။ လွတ်လပ်စွာ မဲပေးပိုင်ခွင့်ကို လူသားတို့၏အခြေခံလူ့အခွင့်အရေး၊ နိုင်ငံရေး အခွင့်အရေးတစ်ခုအဖြစ်ဟုလည်း သတ်မှတ်ထားသည်ဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်စီတိုင်းသည် ၎င်းတို့၏ စိတ်ဆန္ဒအတိုင်း လွတ်လပ်စွာ မဲပေးပိုင်ခွင့်ရှိရမည် ဖြစ်ပါသည်။ လွတ်လပ်စွာ မဲပေးခွင့်သည် နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ဖြစ်သလို ရွေးကောက်ပွဲရလဒ်များသည် ပြည်သူ၏ဆန္ဒနှင့်တစ်ထပ်တည်းဖြစ်ဖို့ရာ အရေးကြီးလှပါသည်။**

မဲပေးခွင့်နှင့်စပ်လျဉ်းပြီး သမိုင်းကြောင်းကို ပြန်ကြည့် မည်ဆိုပါက ကမ္ဘာ့နိုင်ငံအများစုတွင် ယခင်က အမျိုးသမီးများ လွတ်လပ်စွာမဲပေးခွင့်မရှိဘဲ မဲပေးပိုင်ခွင့်ကို ကန့်သတ်ထားခြင်းမျိုးရှိခဲ့သည့်အတွက် ၂၀ ရာစု အစောပိုင်းမှစတင်ကာ အမျိုးသမီးများမဲပေးခွင့်ရရှိရေး လှုပ်ရှားဆောင်ရွက်မှုများဖြင့် အမျိုးသမီးများ မဲပေးခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယနေ့ခေတ်အခါတွင် အမျိုးသမီးများမဲပေးပိုင်ခွင့်များရှိလာနေပြီ ဖြစ်ပါသည်။ ယနေ့နောက်ဆုံးရရှိသည့် သတင်းအချက်အလက်များအရ ဆော်ဒီအာရေဗျနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် အမျိုးသမီးများမဲပေးခွင့် အခွင့်အရေးကို ခွင့်ပြုလိုက်သည့်နိုင်ငံ ဖြစ်ပါသည်။ ၂၀ ရာစုအစမှသည် ၂၁ရာစုဖြစ် သည့် ၂၀၁၅ခုနှစ်တိုင် ကမ္ဘာ့နိုင်ငံများတွင် အမျိုးသမီးများ မဲပေးခွင့်ရရှိရေး အစဉ်အဆက် ကြိုးပမ်းခဲ့ကြသည်လည်း ဖြစ်ပါသည်။ လူ့အခွင့်အရေးရှုထောင့်မှ ကြည့်မည်ဆိုပါက အမျိုးသမီးများ မဲပေးပိုင်ခွင့်မရရှိ ခြင်းသည် အမျိုးသမီးများ ခွဲခြားဆက်ဆံခံရခြင်း၊ ၎င်းတို့၏ အခြေခံလူ့အခွင့်အရေး ထိပါးချိုးဖောက်ခံရခြင်းနှင့် နိုင်ငံရေးအခွင့်အရေး ဆုံးရှုံးခြင်းတို့မည်ပါသည်။

**မဲပေးခွင့် ရှိသူတိုင်း လွတ်လပ်စွာ မဲပေးခွင့်**

အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ သန်စွမ်းသူဖြစ်စေ၊ မသန်စွမ်းသူဖြစ်စေ၊ ကိုးကွယ်ရာဘာသာတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ အသားရောင်တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ပညာတတ်သည်ဖြစ်စေ၊ မတတ်သည် ဖြစ်စေ၊ မြို့ပေါ်တွင် နေထိုင်သူဖြစ်စေ၊ ကျေးလက်တွင် နေထိုင်သူဖြစ်စေ၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ၎င်းတို့နိုင်ငံအတွက် ၎င်းတို့စိတ်ကြိုက်ခေါင်းဆောင်များကို ရွေးချယ်ခွင့် ၊ လွတ်လပ်စွာမဲပေးခွင့်ရှိမှသာ ဒီမိုကရေစနစ်ပီပြင်မည် ဖြစ်ပါသည်။ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ လွတ်လပ်စွာ မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်သလို မဲပေးပိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မှ မကျန်ရစ်ခဲ့စေရေး သေချာအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း လွတ်လပ်စွာ အပြည့်အဝ မဲပေးပိုင်ခွင့် ရှိသည်ဟု ဆိုထားသည်ဖြစ်ရာ သန်စွမ်းသူများနည်းတူ မသန်စွမ်းသူများလည်း အကျုံးဝင်မဲပေးပိုင်ခွင့်ရှိသည်လည်း ဖြစ်ပါသည်။ မဲပေးပိုင်ခွင့်ရှိသူဆိုသည်နှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ နိုင်ငံအစိုးရများမှ တရားဝင် ဥပဒေများပြဋ္ဌာန်း၍ သတ်မှတ်ထားကြပါသည်။ မဲပေးပိုင်ခွင့် ရှိသူအရည်အချင်း သတ်မှတ်ချက်များသည် နိုင်ငံအလိုက် ကွဲလွဲမှု ရှိကြပါသည်။

> **“အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ၊ သန်စွမ်းသူဖြစ်စေ၊ မသန်စွမ်းသူဖြစ်စေ၊ ကိုးကွယ်ရာဘာသာ တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ အသားရောင် တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ၊ ပညာတတ်သည်ဖြစ်စေ၊ မတတ်သည်ဖြစ်စေ၊ မြို့ပေါ်တွင် နေထိုင်သူဖြစ်စေ၊ ကျေးလက်တွင် နေထိုင်သူ ဖြစ်စေ၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ၎င်းတို့နိုင်ငံအတွက် ၎င်းတို့စိတ်ကြိုက် ခေါင်းဆောင်များကို ရွေးချယ်ခွင့်၊ လွတ်လပ်စွာ မဲပေးခွင့်ရှိမှသာ ဒီမိုကရေစနစ်ပီပြင်မည် ဖြစ်”**

**မဲတစ်ပြားစီတိုင်းမှာ အရေးကြီး**

စစ်မှန်သည့်ရွေးကောက်ပွဲများတွင် နိုင်ငံသားတိုင်း၏ လွတ်လပ်သောဆန္ဒဖြင့် မဲပေးခွင့်ရှိသော မဲတစ်ပြားစီတိုင်းသည် နိုင်ငံအတွက်အရေးကြီးသည်လည်း ဖြစ်ပါသည်။ စစ်မှန်သောကိုယ်စားလှယ်ကို ရွေးချယ်မဲပေးနိုင်ရေးနှင့် စစ်မှန်သော အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် လွတ်လပ်စွာမဲပေးခွင့်သည် အရေးကြီးသလို မဲပေးကြမည့် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတို့၏ နိုင်ငံရေးအပေါ် စိတ်ဝင်စားမှု၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ်စိတ်ဝင်စားမှု၊ မိမိတို့မြို့နယ်ရှိ မိမိတို့ရွေးချယ်မဲပေးမည့် ကိုယ်စားလှယ်လောင်း၏ အခြေအနေကို သိရှိနားလည်ထားမှုသည်လည်း အရေးကြီးလှပါသည်။ ဒီမိုကရေစီစနစ်အရ နိုင်ငံသားတိုင်း လွတ်လပ်စွာမဲပေးခွင့်ရှိရမည် ဖြစ်သော်လည်းမှန်ကန်သည့် ကိုယ်စားလှယ်ကို ရွေးချယ်မဲပေးဖို့ရာ လိုအပ်ပါသည်။

ကောင်းမွန်သည့် အစိုးရတစ်ရပ်ဖြစ်တည်လာရေးအတွက် အသည်းကြားက မဲတစ်ပြား ဟု ဆိုရလောက်သည်အထိ မဲတစ်ပြားစီတိုင်းသည် တန်ဖိုးရှိလှသည် ဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း တစ်ဦးတစ်ယောက်မျှ မကျန် မဲပေးဖို့ရာ လိုအပ်ပါသည်။ သည့်အတွက် မဲပေးနိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်ရရှိနိုင်ရေး စီမံဆောင်ရွက်ပေးဖို့ရာ လိုအပ်ပါသည်။ ဥပမာအားဖြင့် မသန်စွမ်းသူများ မဲပေးခွင့် ဖြစ်ပါသည်။ လွတ်လပ်စွာ မဲပေးခွင့်နှင့် စပ်လျဉ်းပြီး မသန်စွမ်းအမျိုးအစားတစ်ခုဖြစ်သည့် အကြားအာရုံမသန်စွမ်းမှု ခံစားနေရသူ နားမကြားသူ တစ်ဦးအတွက် မဲပေးပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ဗဟုသုတများ သိရှိထားရန်လိုအပ်ပါသည်။ မှန်ကန်စွာ ရွေးချယ်မဲပေးနိုင်ရေးအတွက် ကိုယ်စားလှယ်လောင်းများ၏ အရည်အချင်း များကို သိရှိထားရန် လိုအပ်သလို ရွေးကောက်ပွဲဆိုင်ရာ အသိပညာဗဟုသုတများကို ရုပ်မြင်သံကြားများမှ ထုတ်လွှင့်ရာတွင် လက်သင်္ကေတများဖြင့် ရှင်းလင်းဖော်ပြဖို့ရာလည်း လိုအပ်ပါသည်။ မဲရုံများတွင်လည်း ရုပ်ပြပညာပေးပုံများ ကပ်ပေးထားရန် လိုအပ်ပါသည်။ တချို့သော မသန်စွမ်းများအတွက် မဲရုံသို့ လာရောက်မဲပေးရေးမှာ အခက်အခဲရှိသည်လည်းဖြစ်ရာ အဆိုပါ အခက်အခဲကို ဖြေရှင်းနိုင်သည့် အကောင်းဆုံးနည်းလမ်းကိုလည်း စဉ်းစားစီစဉ်ထားရမည်လည်း ဖြစ်ပါသည်။

အဓိကအရေးကြီးသည်မှာ မဲပေးရာတွင် မဲပေးသူ ကိုယ်တိုင်၏ ဆန္ဒအမှန် ကိုယ်တိုင်ဖြစ်ရန်နှင့် လွတ်လပ်စွာ မဲပေးခွင့်ပေးရန်ဖြစ်ပါသည်။ အမြင်အာရုံမသန်စွမ်းသူများအတွက်မူ Braille Voter Slip Template များဖြင့် မဲပေးနိုင်ဖို့ရာ စီစဉ်ပေးရန် လိုအပ်ပါသည်။

ကိုယ်ခန္ဓာမသန်စွမ်းများအတွက် အထူးသဖြင့် Wheel Chair အသုံးပြု သွားလာနေသူများ အတွက် ၎င်းတို့ ဝင်ထွက် သွားလာလွယ်ကူနိုင်မည့် မဲရုံ အပြင်အဆင်များဖြင့် မသန်စွမ်းသူများ လွတ်လပ်စွာ မဲပေးခွင့်ရရှိရေး စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ မသန်စွမ်းသူများနှင့်စပ်လျဉ်းသည့် ဗဟုသုတများ အကြောင်းအရာများကို ရပ်ကွက်/ကျေးရွာ အုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒုတိယ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား သိရှိနိုင်ရေးကြိုတင်အသိပညာပေးခြင်းများ ပြုလုပ်ရန်လည်း လိုအပ်ပါသည်။ မသန်စွမ်းသူ မဲဆန္ဒရှင်များရှိနေသည့် အရပ်ဒေသ နယ်ပယ် စာရင်းများ တိတိကျကျထားရှိ ထားရမည် ဖြစ်ပါသည်။ သို့မှသာ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများဖြစ်သည့် မသန်စွမ်းသူများ ၎င်းတို့၏အခွင့်အရေးများ ဆုံးရှုံးမှုမရှိဘဲ လွတ်လပ်စွာမဲပေးနိုင်မည် ဖြစ်ပါသည်။

**အဆင်ပြေသော မဲရုံများ ဖြစ်ရမည်**

အချုပ်ဆိုရသော် ဒီမိုကရေစီနိုင်ငံများ၏ အနှစ်သာရတစ်ခုဖြစ်သော ပါတီစုံပါဝင်သည့် အထွေထွေရွေးကောက်ပွဲကျင်းပပြီး ပြည်သူများ၏ ဆန္ဒအမှန်ထင်ဟပ်စေသည့် ရွေးကောက်ပွဲရလဒ် ရရှိရေးအတွက် မဲပေးပိုင်ခွင့် ရှိသူ နိုင်ငံသားတိုင်း မဲပေးခွင့်ရှိရပါမည်။ မဲပေးရာတွင် လွတ်လပ်စွာ မဲပေးခွင့် ရှိရပါမည်။ လွတ်လပ်စွာ မဲပေးခွင့် ရရှိရေးအတွက် မဲရုံနေရာများ၊ အခင်းအကျင်းများသည် သန်စွမ်းသူ၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အို အားလုံးအတွက် အဆင်ပြေ လက်လှမ်းမီသည့် နေရာတွင်ရှိရပါမည်။ အရည်အချင်းပြည့်မီ မဲရုံဝန်ထမ်းများလည်း ထားရှိရမည်ဖြစ်ပါကြောင်း ရေးသားရင်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးအား ကြိုဆိုလိုက်ရပါသည်။ ။

# ကုန်းကြမ်းမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**ကုန်းကြမ်း ဇူလိုင် ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်းကြမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးလီကွယ်ရှန်းက ကုန်းကြမ်းမြို့နယ်အတွင်း လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စံ(၅) ရပ်နှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး စိစစ်ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးရန်လင်းဖြိုးက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှထုတ်ပြန်ထားသည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မြေ၊ အမျိုးသားလွှတ်တော်နယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်မြေများ ခွဲဝေသတ်မှတ်မှုနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသီဟထွန်းက မဲရုံအဖွဲ့ဝင်များ ခန့်အပ်နိုင်ရေးနှင့် ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**ဇော်ဇော်အောင်(ပြန်/ဆက်)**



# တက္ကသိုလ်များဓမ္မာရုံကြီး ပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီး

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်အတွင်းရှိ တက္ကသိုလ်များ ဓမ္မာရုံကြီးပြုပြင်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၁)ဦးစီးအရာရှိ (မြို့ပြ) ဦးသန်းဌေးထံမှ သိရသည်။

"လက်ရှိ အခြေအနေကတော့ မျက်နှာကြက်လုပ်ငန်း၊ မြန်မာမှုလုပ်ငန်း၊ ဆေးသုတ်တဲ့လုပ်ငန်း (ရေဆေး၊ ဆီဆေး၊ ပေါ်လစ်၊ ရွှေဆေး)၊ ကြမ်းခင်းပါကေးခင်းခြင်းလုပ်ငန်းနဲ့ လျှပ်စစ်လုပ်ငန်းတွေ လုပ်နေပါတယ်။ လုပ်ငန်းပြီးစီးမှုအနေနဲ့က ၈၀ ရာခိုင်နှုန်းလောက်ပြီးပါပြီ။ အခက်အခဲအနေနဲ့ ရန်ပုံငွေရရှိမှုမှာ အချိန်ကာလအားဖြင့် နည်းနည်း အခက်အခဲရှိတယ်။ အဲဒီအတွက် လုပ်ငန်းပိုင်းမှာ နှောင့်နှေးတာပေါ့။ ဒါပေမယ့်လည်း သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောင်ရွက်သွားမှာပါ" ဟု ဦးစီးအရာရှိ (မြို့ပြ) ဦးသန်းဌေးက ပြောကြားသည်။



ပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တက္ကသိုလ်များဓမ္မာရုံကြီးအား တွေ့မြင်ရစဉ်။

တက္ကသိုလ်များဓမ္မာရုံကြီး ပြုပြင်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများကို အပိုင်း ၁၂ ပိုင်း ခွဲခြားကာ ဆောင်ရွက်လျက်ရှိပြီး ကြမ်းခင်းပြုပြင်ခြင်းလုပ်ငန်း၊ အမိုးပိုင်းပြုပြင်ခြင်းလုပ်ငန်း၊ မြန်မာမှုလက်ရာလုပ်ငန်း၊ မျက်နှာကြက်များ ပြင်ဆင်ခြင်းလုပ်ငန်း၊ နံရံများအား ပြန်လည်ပြုပြင်ခြင်း၊ ဓမ္မာရုံပတ်လမ်းများအား အဆင့်မြှင့်ကတ္တရာခင်းခြင်းလုပ်ငန်း၊ ခြံစည်းရိုး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ လျှပ်စစ်ပိုင်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း၊ ရေသန့် သိုလှောင်ထားရှိ သုံးစွဲရန်ကန်၊ တိုင်ကီများ ဖြည့်တင်းခြင်း စသောလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် စတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် လုပ်ငန်းများပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ တက္ကသိုလ်များ ဓမ္မာရုံကြီးအား နိုင်ငံတော်မှ ထည့်ဝင်ငွေ၊ အလှူရှင်များ၏ လှူဒါန်းငွေတို့ဖြင့် ပြန်လည်ပြုပြင်နေခြင်းဖြစ်ပြီး ငွေကျပ်သန်းပေါင်း ၅၈၇ ဒသမ ၁၆၃ သန်းခန့် ကုန်ကျမည်ဖြစ်သည်။ တက္ကသိုလ်များဓမ္မာရုံကြီး ပြုပြင်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်)မှ လုပ်ငန်းအပ်နှံသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနက တာဝန်ယူပြုပြင်နေခြင်းဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - လင်းညွန့်**

# ချယ်လ်ဆီးတို့ မန်ယူကိုအနိုင်ယူပြီး အက်ဖ်အေဖိုလ်လုပွဲတက်ရောက်

အင်္ဂလန်အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၉ ရက်က မန်ယူနှင့် ချယ်လ်ဆီးတို့ ယှဉ်ပြိုင်ခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ချယ်လ်ဆီးအသင်းအနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ ၁၄ ကြိမ်မြောက် တက်ရောက်နိုင်ခဲ့သည်။

ယင်းပွဲတွင် မန်ယူ အသင်းသည် အရန်ကစားသမားအချို့ဖြင့် ၃-၄-၁-၂ ကစားကွက်အတိုင်း ပွဲထွက်ခဲ့ရာ တိုက်စစ်တွင် ဒန်နီရယ်ဂျိမ်းစ်နှင့် ရက်ရှ်ဖို့ဒ်တို့ ပွဲထွက်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ၃-၄-၃ ပုံစံဖြင့် မေဆန်မောင့်တ်၊ ဂျီရော့ဒ်နှင့် ဝီလီယံတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဂျီရော့ဒ်က ချယ်လ်ဆီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်းပွဲအစတွင် ချယ်လ်ဆီးအတွက် ဒုတိယဂိုးကို မေဆန်မောင့်တ်က သွင်းယူခဲ့၍ နှစ်ဂိုးအသာဖြင့် ပွဲကိုဦးဆောင်ခဲ့ရာ ပွဲချိန် ၇၄မိနစ်တွင် မန်ယူနောက်တန်းကစားသမား မက်ဂွိုင်းယား ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိခဲ့၍ ချယ်လ်ဆီးတို့ တတိယဂိုးရရှိခဲ့သည်။



ပွဲချိန် ၈၆ မိနစ်တွင် မန်ယူအသင်း ပယ်နယ်တီကန်ခွင့်ရကာ ဘရူနိုဖာနန်ဒက်စ်က ချေပဂိုး တစ်ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။ ယနေ့ပွဲတွင် မန်ယူအသင်း နည်းပြဆိုးလ်ရှားသည် ပရီမီယာလိဂ် အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံလိဂ်ဝင်ခွင့်ရရေးအတွက် အဓိကကစားသမားအချို့ကိုချန်ခဲ့ပြီး ပထမပိုင်းကို ယှဉ်ပြိုင်ခဲ့ရာ ကစားကွက်ပျက်ပြီး ချယ်လ်ဆီးကို မယှဉ်နိုင်ခဲ့ဘဲ ဒုတိယပိုင်းတွင် ပြန်လည်လူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း ချယ်လ်ဆီး၏ အသင်းလိုက် ချိတ်ဆက်မှုအားကို မယှဉ်နိုင်တော့ပေ။ ဂိုးကန်သွင်းခွင့် ချယ်လ်ဆီးက ၁၃ ကြိမ်ထိ ရရှိခဲ့ပြီး ခုနစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ မန်ယူအသင်းသည် ခုနစ်ကြိမ်ကန်သွင်းခွင့်ရခဲ့ပြီး သုံးကြိမ်သာ ဂိုးပေါက် ခြိမ်းခြောက်နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် အက်ဖ်အေဖလား ဗိုလ်လုပွဲကို ၁၄ ကြိမ်မြောက် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဖလားရှစ်ကြိမ်ရရှိထားသည်။

အင်္ဂလန်အက်ဖ်အေဖလားဗိုလ်လုပွဲတွင် လန်ဒန်မြို့ခံပြိုင်ဘက်နှစ်သင်းဖြစ်သော ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ တွေ့ဆုံခဲ့ရာ ယင်းနှစ်သင်းသည် ၂၀၁၇ ခုနှစ် အက်ဖ်အေဖလားဗိုလ်လုပွဲတွေ့ဆုံမှုတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အာဆင်နယ်က အနိုင်ရရှိထားသည်။ အာဆင်နယ်နှင့် ချယ်လ်ဆီးသည် ပြိုင်ပွဲစုံ နောက်ဆုံး ၂၉ပွဲ တွေ့ဆုံမှုတွင် ချယ်လ်ဆီးအသင်းသည် ၁၃ ပွဲ အနိုင်ရရှိထားပြီး ခုနစ်ပွဲ ရှုံးနိမ့်ကာ ကိုးပွဲသရေကျထားသည်။ အက်ဖ်အေဖလားဗိုလ်လုပွဲကြီးကို ဩဂုတ် ၂ ရက်(**တနင်္ဂနွေနေ့**) နံနက် ၁နာရီ ၁၅ မိနစ်တွင် လန်ဒန်မြို့ ဝင်ဘာလေကွင်းကြီးတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

**ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့် အထိမ်းအမှတ်ကဗျာ**

# ရာပြည့်မိခင်၊ ကျေးဇူးရှင်

❖ ကံ့ကော်မြိုင်တန်း၊ ပွင့်တွေလန်းလျက်၊
တင့်ဆန်းနေတဲ့၊ တက္ကသိုလ်။
❖ သစ်ပုတ်ပင်အို၊ တေးတွေဆိုရင်း၊
မြဲကြိုနေတဲ့၊ တက္ကသိုလ်။
❖ ဘွဲ့နှင်းခန်းမ၊ သည်ဌာန၌၊
ဘွဲ့ရသူပေါင်း၊ ထောင်ချီသောင်းအား၊
ဘွဲ့ဆောင်းပေးတဲ့၊ တက္ကသိုလ်။
❖ မိဘတိလမ်း၊ တို့တူလှမ်း၍၊
ရွှင်လန်းကြည်မော၊ တသောသောနှင့်၊
ရယ်မောမကုန်၊ မိတ်ပေါင်းဆုံလို့၊
တူစုံစကား၊ ရပ်မနားဘဲ၊
ပြောကြားခဲ့တဲ့၊ တက္ကသိုလ်။
❖ ဘူမိနက်သန်၊ ဤမြေမှန်မှ၊
အားမာန်ကြိုးကုတ်၊ နောက်မဆုတ်ဘဲ၊
ဖွဲ့ထုတ်ကြိုးပမ်း၊ လွတ်လပ်ပန်းကို၊
လက်ကမ်းယူပေး၊ ပြည်ချစ်သွေးများ၊
မနေးစီရီ၊ မွေးခဲ့သည်။
❖ ဘယာမထောက်၊ မိ-ရင်အောက်မှ၊
မကြောက်မရွံ့၊ လက်မတွန့်ဘဲ၊
သက်စွန့်သယ်ပိုး၊ နိုင်ငံ့ကျိုးတွက်၊
မျှော်ကိုးစိတ်ထား၊ လူစွန့်စားလည်း၊
များပြားစုံညီ၊ မွေးခဲ့သည်။
❖ သင်၏ရာပြည့်၊ သည်တစ်နေ့တွင်၊
မမေ့စေချင်၊ တို့မိခင်၏၊
သန့်စင်မွေးဖွား၊ အိုသွေးသားတို့၊
ပြည့်အားကိုမူ၊ ပြည်သစ်ထူလျက်၊
ပြည်သူ့အကျိုး၊ ရည်သယ်ပိုးဖြင့်၊
ဂုဏ်တိုးစေဖို့၊ ကြိုးစားစို့။ ။

**မောင်ဇေယျ**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၀**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

❑ *ကျောဖုံးမှ*

လီဂါနက်စ်၊ မာလော့ကာနှင့် အက်စ်ပန်ညိုအသင်းတို့သည် စပိန်လာလီဂါမှ တန်းဆင်းသွားရသော အသင်းများဖြစ်သည်။ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ အက်သလက်တီကိုမက်ဒရစ်နှင့် ဆီဗီလာအသင်းတို့သည် ချန်ပီယံလိဂ် ဝင်ခွင့်ရရှိခဲ့ပြီး ယူရိုပါလိဂ်ဝင်ခွင့်နေရာအတွက် ဗီလာရီးရဲ၊ ရီးရဲဆိုစီဒက်၊ ဂရန်နာဒါအသင်းတို့က ရရှိခဲ့သည်။ ဗီလာရီးရဲနှင့် ရီးရဲဆိုစီဒက်အသင်းအနေဖြင့် ယူရိုပါလိဂ်သို့ တိုက်ရိုက်ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ဂရန်နာဒါအသင်းအနေဖြင့် ယူရိုပါလိဂ်သို့ ဒုတိယအဆင့်ခြေစစ်ပွဲမှတစ်ဆင့် ဝင်ရောက်ရမည်ဖြစ်သည်။

၂၀၁၉-၂၀၂၀ ခုနှစ် စပိန်လာလီဂါ၏ သွင်းဂိုးစုစုပေါင်း အရေအတွက်သည် ၉၄၂ ဂိုးဖြစ်ပြီး (တစ်ပွဲပျမ်းမျှ ၂ ဒသမ ၄၈ဂိုး) ရှိသည်။ ဂိုးအပြတ်ဆုံးအိမ်ကွင်းနိုင်ပွဲအဖြစ် ၂၀၂၀ ပြည့်နှစ် ဇွန် ၂၁ ရက်တွင် ဆယ်လ်တာဗီဂိုအသင်းက အလာဗက်စ်အသင်းကို ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်ဖြစ်သည်။ ဂိုးအပြတ်ဆုံး အဝေးကွင်းနိုင်ပွဲအဖြစ် ၂၀၂၀ ပြည့်နှစ် ဇွန် ၁၇ ရက်တွင် အိုဆာဆူနာအသင်းကို အက်သလက်တီကို မက်ဒရစ်အသင်းက ငါးဂိုးပြတ်အနိုင်ရရှိခဲ့သော ပွဲစဉ်နှင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်တွင် အလာဗက်စ်အသင်းကို ဘာစီလိုနာအသင်းက ငါးဂိုးပြတ်အနိုင်ရရှိခဲ့သောပွဲစဉ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့သောပွဲစဉ်အဖြစ် ၂၀၁၉ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ဗီလာရီးရဲနှင့် ဂရန်နာဒါအသင်းတို့ တစ်ဖက်လေးဂိုးစီ သရေကျခဲ့သော ပွဲစဉ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

အရှည်ကြာဆုံးနိုင်ပွဲဆက်မှုအသင်းအဖြစ် ရီးရဲမက်ဒရစ်အသင်းက ၁၀ ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ထို့အပြင် အရှည်ကြာဆုံး ရှုံးပွဲမရှိမှုအသင်းအဖြစ် အက်သလက်တီကိုမက်ဒရစ်အသင်းက ၁၆ ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ အရှည်ကြာဆုံး နိုင်ပွဲပျောက်မှုအသင်းအဖြစ် ဘီလ်ဘာအိုအသင်းက ၁၀ ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့သကဲ့သို့ ရှုံးပွဲဆက်မှုအရှည်ကြာဆုံးအသင်းအဖြစ် အက်စ်ပန်ညိုအသင်းက ရှစ်ပွဲဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။ ပရိသတ်ကြည့်ရှုမှုအများဆုံးပွဲစဉ်အဖြစ် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သောပွဲစဉ်ဖြစ်ပြီး ပွဲကြည့်ပရိသတ်ပေါင်း ၉၃၄၆၂ ဦး လာရောက်ကြည့်ရှုခဲ့သည်။ ပရိသတ်ကြည့်ရှုမှုအနည်းဆုံး အသင်းအဖြစ် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အီဘာနှင့် ဂရန်နာဒါအသင်းတို့ပွဲစဉ်ဖြစ်ခဲ့ပြီး ပရိသတ် ၅၃၄၁ ဦးသာ ကြည့်ရှုခဲ့သည်။ စုစုပေါင်း ပွဲကြည့်ပရိသတ်ဦးရေသည် ၄၆၃၀၆၀၈ ဦးရှိပြီး တစ်ပွဲပျမ်းမျှ ၁၂၁၈၆ ဦး ကြည့်ရှုခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

သွင်းဂိုးအများဆုံး သွင်းယူထားသူစာရင်းတွင် မက်ဆီက ၂၅ ဂိုးဖြင့် ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် မာကာသတင်းစာက ဂိုးအများဆုံးသွင်းယူသူကို ပေးအပ်သော ပီချီချီဆုကို မက်ဆီက ရရှိခဲ့သည်။ ထို့အပြင် မက်ဆီသည် ဂိုးရရှိအောင် အများဆုံးထောက်ပံ့ပေးနိုင်သည့် ကစားသမားအဖြစ်လည်း ၂၁ ကြိမ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့သည်။ အဝါကတ် အများဆုံးပြသခံရသည့် ကစားသမားအဖြစ် ဘာစီလိုနာအသင်းမှ ပီကေးနှင့် ဂီတာဖေးအသင်းမှ ဒါမီယန်ဆွာရက်ဇ်တို့က ၁၅ ကြိမ်စီဖြင့် အများဆုံးပြသခံထားရသည်။ အဝါကတ် အများဆုံးပြသခံရသည့်အသင်းအဖြစ် ဂီတာဖေးအသင်းက အကြိမ်ရေ ၁၃၀ အထိ ပြသခံထားရပြီး အနီကတ်အများဆုံးပြသခံရသည့် အသင်းအဖြစ် အက်စ်ပန်ညိုနှင့် ရီးရဲဘက်တစ် အသင်းတို့က ကိုးကြိမ်စီဖြင့် မှတ်တမ်းတင်နိုင်ခဲ့သည်။

**အောင်ဇော်**

# အီးယူအစည်းအဝေးတွင် ပြင်သစ်သမ္မတက နယ်သာလန်ဝန်ကြီးချုပ်နှင့် သြစတြီးယားဝန်ကြီးချုပ်တို့အား ပြစ်တင်ပြောကြား

ဘရပ်ဆဲလ် ဇူလိုင် ၂၀

**အရေးပေါ်ရန်ပုံငွေထူထောင်ရေးနှင့် ပတ်သက်ပြီး ရှေ့မတိုးသာ နောက်မဆုတ်သာဖြစ်နေသည့် အီးယူ ကိုရိုနာဗိုင်းရပ်စ် ထိပ်သီးအစည်းအဝေးကို တနင်္ဂနွေနေ့မှ တနင်္လာနေ့အထိ ကျင်းပခဲ့သော်လည်း နယ်သာလန်ဝန်ကြီးချုပ်နှင့် သြစတြီးယားဝန်ကြီးချုပ်တို့က စိတ်သဘောထားချင်းမတိုက်ဆိုင်ဘဲ အစည်းအဝေးမှ ရုတ်တရက် ထွက်ခွာမည်ဟု ခြိမ်းခြောက်ပြောကြားလိုက်သည့်အတွက် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က စိတ်ဆိုးဒေါသထွက်စရာများနှင့် မတင်မကျဖြစ်ခဲ့ရသည်ဟု နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။**

ခေါင်းဆောင် ၂၇ ဦးတို့သည် ကိုရိုနာဗိုင်းရပ်စ်ဒဏ်ခံနိုင်ငံများကို စီးပွားရေးကျဆင်းမှုမှ ကယ်တင်ရန် ယူရို ၇၅၀ ဘီလီယံတန် အရေးပေါ်ရန်ပုံငွေထူထောင်ရေးနှင့် ပတ်သက်ပြီး ငြင်းခုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သောကြောင့် သုံးရက်ကြာ ဆွေးနွေးခဲ့သော အစည်းအဝေးတွင် စိတ်ပျက်စရာများ ပေါ်ပေါက်လာခဲ့သည်။

နယ်သာလန်ဝန်ကြီးချုပ် မာ့ခ်ရုဒ်နှင့် သြစတြီးယားဝန်ကြီးချုပ် ဆီဘတ်ရှန်ကာ့ဇ်တို့ ဦးဆောင်သော ခြိုးခြံချွေတာရေး မိတ်ဖက်နိုင်ငံများက ပြန်လည်ပေးဆပ်ရန် မလိုသည့် ထောက်ပံ့ငွေများပေးရေးနှင့် ပတ်သက်ပြီး အခိုင်အမာခုခံလျက်ရှိကြသည်။

မျက်မြင်သက်သေများ၏ ပြောစကားအရ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်သည် စားပွဲခုံကို လက်နှင့်ရိုက်လိုက်ပြီး သြစတြီးယားဝန်ကြီးချုပ် ဆီဘတ်ရှန်ကာ့ဇ်ကို စကားလုံးများဖြင့် တိုက်ခိုက်လိုက်သလို နယ်သာလန်ဝန်ကြီးချုပ် မာ့ခ်ရုဒ်ကို နည်းဗျူဟာများ အဆုံးသတ်မကောင်းခဲ့သော ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဒေးဗစ်ကင်မရွန်းလို လုပ်နေသလားဟု စွပ်စွဲပြောကြားလိုက်သည်။

ဒေးဗစ်ကင်မရွန်းသည် အီးယူအစည်းအဝေးများတွင် ခေါင်းမာသူဖြစ်ပြီး ဗြိတိန်နိုင်ငံအတွက် လိုက်လျောမှု၊ အလျှော့ပေးမှုများကို အမြဲရှာဖွေသူဖြစ်သည်။ နောက်ဆုံးတွင် ဘရက်ဇစ်ပြည်လုံးကျွတ် ဆန္ဒခံယူပွဲပင်မရောက်လိုက်ဘဲ အဆုံးသတ်ခဲ့ရသလို အလုပ်အကိုင်လည်း ဆုံးရှုံးခဲ့ရသည်။

အီးယူသတင်းရင်းမြစ်များအရ ကာ့ဇ်သည် မက်ခရွန်၏ အပြုအမူများနှင့် ပတ်သက်ပြီး မကျေမနပ်ဖြစ်ခဲ့ကြောင်း သိရသည်။

မက်ခရွန်က ခေါင်းဆောင်နှစ်ဦးသည် အရေးပေါ်ရန်ပုံငွေနှင့် ပတ်သက်ပြီး ထောက်ပံ့ပေးသည့် ပုံစံမျိုးမဟုတ်ဘဲ တင်းကျပ်သည့် ချည်နှောင်မှုများပါဝင်သော ချေးငွေပုံစံမျိုးဖြစ်အောင် မရမကတောင်းဆိုမှုများကို ပြုလုပ်ခဲ့ကြောင်း၊ သူ့အနေဖြင့် ဆိုးရွားသည့်သဘောတူညီမှုထက် နှုတ်ဆက်ထွက်ခွာမည့် သဘောကို ပိုမိုသဘောကျကြောင်း ပြောကြားလိုက်သည်။



အီးယူအစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်။

ပြင်သစ်က ထောက်ပံ့ငွေအဖြစ်ပေးရန် အနည်းဆုံး ယူရို ဘီလီယံ ၄၀၀ ခန့် လိုချင်သော်လည်း ခြိုးခြံချွေတာရေးအဖွဲ့က သဘောမတူကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အမေရိကန်ပြည်ထောင်စုတွင် ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူ ၆၃၈၇၂ ဦး ရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဖော်ပြ

**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ် ထပ်မံ ကူးစက်ဖြစ်ပွားသူပေါင်း ၆၃၈၇၂ ဦးရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်က ဇူလိုင် ၂၉ ရက်တွင် ဖော်ပြလိုက်သည်။

ထပ်မံ ကူးစက်ဖြစ်ပွားသူများ အပါအဝင် စုစုပေါင်း အမေရိကန်ပြည်ထောင်စုတွင် ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသူပေါင်း ၃၇၆၂၀၈၁ ဦးရှိလာပြီဖြစ်ကြောင်း ဘယ်တီမိုးအခြေစိုက် တက္ကသိုလ်က ဇူလိုင် ၂၀ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ထို့အပြင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ၅၁၄ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၄၀၄၇၄ ဦး ရှိလာပြီဖြစ်ကြောင်း သိရသည်။



နယူးယောက်ရှိ ဓာတ်ခွဲစစ်ဆေးရေးဌာန၌ ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်- ၁၉ ဓာတ်ခွဲနမူနာများကို စစ်ဆေးနေစဉ်။

အမေရိကန်ပြည်ထောင်စုတွင် လွန်ခဲ့သော ခြောက်ရက်လုံး နေ့စဉ် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၀၀၀၀ ကျော်ရှိကြောင်းနှင့် သောကြာနေ့တွင် ကိုရိုနာဗိုင်းရပ်စ် အသစ်ထပ်မံကူးစက်ခံရသူအရေအတွက်သည် ၇၇၆၃၈ ဦး အထိ မြင့်တက်လာကြောင်း သိရသည်။

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်က ဖောက်စ်သတင်းတွေ့ဆုံမေးမြန်းခန်းတွင် ၎င်း၏ ကိုရိုနာဗိုင်းရပ်စ်ကို ကိုင်တွယ်ပုံနှင့် ပတ်သက်၍ ခုခံပြောကြားခဲ့ပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့် ကမ္ဘာကြီးက အားကျလောက်အောင် စစ်ဆေးမှုများကို လုပ်ဆောင်နေကြောင်း ပြောကြားလိုက်သည်။

နိုင်ငံတိုင်းက ကိုရိုနာဗိုင်းရပ်စ်ကို ကာကွယ်ရန် ပါးစပ်နှာခေါင်းစည်းများ ဝတ်ဆင်ရမည်ဆိုသည့် အမိန့်ကို သမ္မတထရမ့်က ဆန့်ကျင်ပြီး မိမိကတော့ ပြည်သူများကို လွတ်လပ်မှုများ ရှိစေချင်သည်ဟု ပြောကြားလိုက်သည်။

**အေအက်ဖ်ပီ**

## အီရန်၌ ကိုဗစ်- ၁၉ ကူးစက်ခံရသူ တိုးလာနိုင်ကြောင်း သမ္မတရိုဟာနီပြော

**တီဟီရန် ဇူလိုင် ၂၀**

အီရန်နိုင်ငံတွင် ဇူလိုင် ၁၉ ရက်အထိ ကိုဗစ်-၁၉ ရောဂါအသစ်ထပ်တိုးလူနာ ၂၁၈၂ ဦးနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြု လူနာ၂၇၃၆၅၆ ဦး၊ အသစ်ထပ်တိုးသေဆုံးသူ ၂၀၉ ဦး အပါအဝင် စုစုပေါင်းသေဆုံးသူ ၁၄၁၈၈ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

ထို့အပြင် ကိုဗစ်- ၁၉ သက်သာပျောက်ကင်းသွားသူ စုစုပေါင်း ၂၃၇၇၈၈ ဦး၊ အထူးကြပ်မတ်ကုသဆောင်တွင် ဆေးကုသမှု ခံယူနေသူ ၃၅၅၆ ဦးရှိကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၁၉ ရက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။ အီရန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ ပိုမိုတိုးလာနိုင်ကြောင်း အီရန်သမ္မတ ဟက်ဆန်ရိုဟာနီက ပြောကြားလိုက်သည်။

ကိုဗစ်- ၁၉ ရောဂါပြန့်ပွားမှုကို ထိရောက်စွာ ကာကွယ်ရန် အီရန်နိုင်ငံဒေသအသီးသီးရှိ အာဏာပိုင်များက လက်တွေ့အခြေအနေနှင့် ပတ်သက်ပြီး ဗဟိုအစိုးရသို့ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်မှုနည်းလမ်းများ တင်ပြထားကြောင်း သိရသည်။

အီရန်နိုင်ငံ တီဟီရန်မြို့တွင် ဇူလိုင် ၁၈ ရက်မှစကာ ရက်သတ္တပတ်ကြာ ရောဂါကာကွယ်ထိန်းချုပ်ရေးများ နောက်ထပ်တစ်ဖန်ပြုလုပ်ခဲ့ရာ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်နှင့် အချို့ဖျော်ဖြေရေးနေရာများကို ရပ်နားပိတ်သိမ်းခဲ့ရကြောင်း၊ အစည်းအဝေးများနှင့် အားကစားလှုပ်ရှားမှုများကိုလည်း ခေတ္တရပ်နားထားကြောင်းနှင့် ရုံးတက်အလုပ်လုပ်နေသည့် ဝန်ထမ်းဦးရေကိုလည်း သုံးပုံတစ်ပုံလျှော့ချခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံတွင် လူဦးရေ ၈၄ သန်းရှိပြီး ကပ်ရောဂါဖြစ်ပွားသည့် ဖေဖော်ဝါရီလမှစကာ တစ်နိုင်ငံလုံးရှိ ဒေသအသီးသီးတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို တင်းကျပ်စွာ လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ၏ တင်ပို့ကုန် ဆက်လက်ကျဆင်းနိုင်ဖွယ်ရှိ

**တိုကျို ဇူလိုင် ၂၀**

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် ကမ္ဘာ့စီးပွားရေးကို ကျပ်တည်းမှုများဖြစ်စေသောကြောင့် ဂျပန်နိုင်ငံ၏ ပို့ကုန်များသည်လည်း ဆက်လက်ကျဆင်းမည့် အရိပ်အယောင်များ တွေ့မြင်နေရကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဇူလိုင် ၂၀ ရက်က ထုတ်ပြန်လိုက်သော စာရင်းဇယားများအရ ဂျပန်နိုင်ငံ၏ ဇွန်လပို့ကုန်များသည် ယန်း ၄ ဒသမ ၈၆ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၃ ဘီလီယံ) ရှိကြောင်း သိရသည်။ ယင်းပမာဏသည် ယမန်နှစ် အလားတူကာလထက် ၂၆ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁၉ လဆက်တိုက် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသို့ ဂျပန်နိုင်ငံ၏ တင်ပို့မှုများ သည် ၄၆ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အထူးသဖြင့် မော်တော်ယာဉ်နှင့် ဆက်စပ်အစိတ်အပိုင်း တင်ပို့မှုတွင် သိသိသာသာကျဆင်းခဲ့သည်။

ထို့အတူ အီးယူသို့တင်ပို့မှုများသည်လည်း ၂၈ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ တရုတ်နိုင်ငံသို့ တင်ပို့မှုများသည် လွန်ခဲ့သော နှစ် အလားတူကာလအထိ ၀ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း သတ္တုနှင့် မော်တော်ယာဉ် တင်ပို့ကုန်များတွင် တိုးတက်မှုများ ရှိခဲ့သည်။

ဂျပန်နိုင်ငံသို့ တင်သွင်းမှုများသည် ဇွန်လက အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၇၅ ဘီလီယံရှိခဲ့သည်။ ယင်းပမာဏသည် ယခင်နှစ် အလားတူကာလထက် ၁၄ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းခဲ့ခြင်းဖြစ်ပြီး ၁၄ လ ဆက်တိုက်ကျဆင်းခဲ့ခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံမှ ဆေးဝါးတင်သွင်းမှုနှင့် တရုတ် နိုင်ငံမှ နှာခေါင်းစည်း အပါအဝင် ချည်ထည်နှင့် ပိတ်စတင်သွင်းမှုများတွင် ၆၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သည်။


ဇွန်လ ကုန်သွယ်ရေး မျှခြေအနေအထားတွင် လိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ ရှိသည်။ ယင်းပမာဏသည် သုံးလဆက်တိုက် လိုငွေပြမှုဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပထမနှစ်ဝက် ကုန်သွယ်ရေးလိုငွေပြမှုသည် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၈ ဘီလီယံရှိသည်။




ဂျပန်နိုင်ငံ၏ သွင်းကုန်၊ ပို့ကုန်အခြေအနေကို ပြသထားစဉ်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ ကျူရှူကျွန်းပေါ်ရှိ ကမ္ဘာအေးစေတီကို နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်မည်



ဂျပန်နိုင်ငံ ကျူရှူကျွန်းပေါ်တွင် တည်ထားကိုးကွယ်သည့် မိုဂျိကမ္ဘာအေးစေတီ။

**တိုကျို ဇူလိုင် ၂၀**

ဂျပန်နိုင်ငံတွင် တစ်ဆူတည်းသော ဗုဒ္ဓဘာသာဘုရားစေတီဖြစ်သည့် မိုဂျိကမ္ဘာအေးစေတီကို ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တရားဝင်သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုဂျိကမ္ဘာအေးစေတီကို ဒုတိယ ကမ္ဘာစစ်အတွင်းက မိုဂျိဆိပ်ကမ်းမှ စစ်ထွက်ခဲ့ပြီးနောက် စစ်မြေပြင်၌ ကျဆုံးခဲ့သူများကို ရည်စူးကာ ခိတကျူးရှူးမြို့ရှိ မိုဂျိအရပ်၌ ၁၉၅၈ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ တစ်ခုတည်းသော ဗုဒ္ဓဘာသာ စေတီတစ်ဆူ ဖြစ်ကြောင်း သိရသည်။

မိုဂျိ ကမ္ဘာအေးစေတီတော်၏ ထူးခြားချက်မှာ စေတီ၏ အနောက်တောင်၊ အရှေ့တောင်နှင့် အနောက်မြောက်စသည့် အရပ်သုံးမျက်နှာဆီသို့ မုခ်ဦးဝင်ပေါက်များရှိပြီး စေတီတော်၏ အောက်ပိုင်းတွင် ကျောက်ပြားနှင့် အပေါ်ပိုင်းတွင် ရွှေပြားများကပ်ကာ တည်ထားခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ စေတီတော်၌ သာသနာပြုရန် မြန်မာနိုင်ငံအစိုးရက စေလွှတ်ထားသည့် ရဟန်းတော်များ သီတင်းသုံးနေထိုင်လျက်ရှိသည်။

မိုဂျိကမ္ဘာအေးစေတီတော်ကို မြန်မာ့ဗိသုကာပညာရှင်များအား ဖိတ်ခေါ်ပြီး မြန်မာစေတီပုထိုးများ၏ ပုံသဏ္ဌာန်အတိုင်း တည်ထားကိုးကွယ်ခဲ့ကာ ဂျပန်နိုင်ငံအတွက်လည်း ထူးခြားရှားပါးသော စေတီတစ်ဆူဖြစ်သည့်အတွက် နိုင်ငံ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ရန်တင်ပြထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အာရပ်စော်ဘွားများပြည်ထောင်စုက အင်္ဂါဂြိုဟ်သို့ ပထမဆုံးအကြိမ် သမိုင်းဝင်လေ့လာရေး မစ်ရှင်စတင်


တာနီဂါရှီမာ အာကာသစခန်းမှ ဒုံးပျံလွှတ်တင်မှုကို တွေ့ရစဉ်။

**အဘူဒါဘီ ဇူလိုင် ၂၀**

အာရပ်စော်ဘွားများပြည်ထောင်စု၏ အင်္ဂါဂြိုဟ်သို့ ပထမဆုံးအကြိမ်သမိုင်းဝင် လေ့လာရေးမစ်ရှင်ကို စတင်လိုက်ပြီဖြစ်ကြောင်း သိရသည်။ လေ့လာရေးခရီးစဉ် သွားရောက်မည့် အာကာသယာဉ်ကို ဂျပန်နိုင်ငံရှိ တာနီဂါရှီမာ အာကာသစခန်းမှ အိတ်ချ်တူးအေ ဒုံးပျံဖြင့် ဇူလိုင် ၁၉ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

**ရာသီဥတုအခြေအနေကြောင့် နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်း**

အင်္ဂါဂြိုဟ်သို့ လေ့လာရေးခရီးစဉ်သွားရောက်မည့် အယ်လ်အာမယ် (မျှော်လင့်ခြင်း) ဟု အမည်ရသည့် အာကာသယာဉ်အား ဒုံးကျည်ဖြင့် လွှတ်တင်ခဲ့မှုကို ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ဖော်ပြကြောင်း သိရသည်။ မူလက အာကာသယာဉ်လွှတ်တင်မှုကို ဇူလိုင် ၁၄ ရက်တွင် လုပ်ဆောင်ရန် စီစဉ်ထားသော်လည်း ရာသီဥတုအခြေအနေကြောင့် နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ရသည်။

အာကာသယာဉ် Hope Probe ၏ သိပ္ပံဆိုင်ရာ ခေါင်းဆောင်ဆာရာ အယ်လ်အမီရီက အင်္ဂါဂြိုဟ်သို့ သွားရောက်လေ့လာမည့် မစ်ရှင်ခရီးစဉ်သည် မျိုးဆက်သစ်တစ်ရပ်လုံးအတွက် မှတ်ကျောက်တစ်ခုဖြစ်ပြီး ပိုမိုကြီးမားသည့် စိတ်ကူးယဉ်အိပ်မက်များမက်ရန် လူတိုင်းကို လှုံ့ဆော်လိုက်သည့်အရာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အချက်အလက်ကောက်ယူ စုစည်းမှုများ လုပ်ဆောင်မည်**

ယခုလွှတ်တင်လိုက်သည့် အာကာသယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ်သို့ ရောက်ရှိမည်ဟု ခန့်မှန်းထားပြီး လေ့လာရေးမစ်ရှင်အနေဖြင့် အင်္ဂါဂြိုဟ်ပေါ်ရှိ လေထုအခြေအနေကိုလေ့လာမည်ဖြစ်ကာ နှစ်နှစ်ကြာအောင် အချက်အလက်ကောက်ယူ စုစည်းမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လေ့လာရေးမစ်ရှင်ကို ၂၀၂၅ မတိုင်မီအထိ အချိန်ထပ်တိုးနိုင်ဖွယ်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံများသို့ တူရကီလေကြောင်းလိုင်းမှ လေယာဉ်များ ခရီးစဉ်ပြန်လည်စတင်မည့် အစီအစဉ်ကို ရပ်နား

**အစ္စတန်ဘူလ် ဇူလိုင် ၂၀**

တူရကီအမျိုးသားအလံလွှင့် တူရကီလေကြောင်းလိုင်းက အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံများသို့ လေကြောင်းခရီးစဉ် ပျံသန်းမှုများ ပြန်လည်စတင်ရန် စီစဉ်ထားမှုကို ရပ်ဆိုင်းလိုက်ကြောင်း ဇူလိုင် ၂၀ ရက်တွင် ပြောကြားခဲ့သည်။

**ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်**

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်သည့် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်တစ်ခုအနေဖြင့် အီရန်နှင့် အာဖဂန်နစ္စတန်နိုင်ငံများသို့ လေကြောင်းခရီးစဉ်ပြေးဆွဲမှုများကို ရပ်နားလိုက်ကြောင်း တူရကီ သယ်ယူပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံ ဝန်ကြီးဌာနက ဇူလိုင် ၂၀ ရက်တွင် ကြေညာခဲ့ပြီးနောက်မှာပင် တူရကီလေကြောင်းလိုင်း၏ အဆိုပါဆုံးဖြတ်ချက် ပေါ်ထွက်လာခဲ့သည်။

**ရေးသားဖော်ပြ**

မူလက တူရကီလေကြောင်းလိုင်းသည် အီရန်နိုင်ငံ တီဟီရန်မြို့သို့ လေကြောင်းခရီးစဉ်ပျံသန်းမှုကို သြဂုတ် ၁ ရက်တွင် စတင်မည်ဖြစ်ပြီး အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့သို့ လေကြောင်းခရီးစဉ်ပျံသန်းမှုကို ဇူလိုင် ၁၉ ရက်တို့တွင် အသီးသီးပြန်လည်စတင်မည်ဖြစ်ကြောင်း ၎င်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သည့် ဇွန် ၁၁ ရက်က တူရကီသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်မှုကြောင့် ရပ်နားထားရသည့် နိုင်ငံတကာ လေကြောင်းခရီးစဉ်အချို့ကို ပြန်လည်ပြေးဆွဲခဲ့သည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ကိုဗစ်-၁၉ ကူးစက်ခံရ

**ဆိုးလ် ဇူလိုင် ၂၀**

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင် ၁၀ ဦးထက်မနည်း ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များက ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့် ဇူလိုင် ၁၂ ရက်နှင့် ၁၅ ရက်တို့တွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာသည့် စစ်မှုထမ်း ခြောက်ဦးနှင့် ၎င်းတို့ကို မှီခိုနေသည့် မိသားစုဝင်များတွင် ကိုဗစ်-၁၉ ကူးစက်ခံထားသည်ကို အတည်ပြုခဲ့ကြောင်း တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့က ပြောသည်။

တောင်ကိုရီးယားနိုင်ငံသို့ လေယာဉ်များဖြင့် ရောက်ရှိလာကြသည့် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးတို့တွင် ကိုဗစ်-၁၉ ကူးစက်ခံရသည့် လက္ခဏာများ တွေ့ခဲ့ရပြီးနောက် ရောဂါကူးစက်ခံရသည့် အတည်ပြုလူနာများကို ပြုံထယ်ရှိ အိုဆန်လေတပ်စခန်းနှင့် ဟမ်ဖရေးစ်ရှိ အခြားစစ်စခန်းတို့တွင် သီးသန့်ကန့်သတ်စောင့်ကြည့်ဌာနများသို့ ရွှေ့ပြောင်းခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအကြား ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက် စုစုပေါင်းမှာ ယခုအခါ ၉၈ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ရောဂါကူးစက်ခံရသည့် တပ်ဖွဲ့ဝင်အရေအတွက်တိုးပွားလာမှုနှင့်အတူ ပြည်ပမှ ရောဂါကူးစက်ခံရလာသူ အရေအတွက် တိုးပွားလာမည့် အခြေအနေကို စိုးရိမ်မှုမြင့်တက်လျက်ရှိသည်။ တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြည်ပမှ ရောဂါကူးစက်ခံခဲ့ရသူ ၂၆ ဦး ထပ်တိုးလာခဲ့ရာ စုစုပေါင်း ရောဂါကူးစက်ခံရသူ အရေအတွက် ၁၃၇၇၁ ဦးအထိ ရှိလာခဲ့သည်။

**ဆင်ဟွာ**


တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်အချို့ကို တွေ့ရစဉ်။

# လက်တင်အမေရိကရဲ့ နိုင်ငံရေးအလွှာထိ ပျံ့နှံ့လာတဲ့ ကိုဗစ်-၁၉

................... ခြူးစန္ဒီဌေး ...................

ကမ္ဘာအနှံ့ ကူးစက်ပျံ့နှံ့နေတဲ့ ကိုဗစ် -၁၉ ဟာ အားပျော့ပျက်ပြယ်မသွားသေးတဲ့အပြင် လက်တင်အမေရိကမှာဆိုရင် ပိုပြီးတော့တောင် အားကောင်းနေပါတယ်။

### နိုင်ငံရေးအသိုင်းအဝိုင်းထိ ကူးစက်ပျံ့နှံ့

အခုဆိုရင် လက်တင်အမေရိကမှာ ကိုဗစ် -၁၉ ကူးစက်မှုဟာ သာမန်ပြည်သူတွေရဲ့ အသိုင်းအဝိုင်းမှာတင် ဖြစ်ပေါ်နေတာ မဟုတ်ပါဘူး။ နိုင်ငံရေးအသိုင်းအဝိုင်းထိအောင် ကူးစက်မှုဟာ ပျံ့နှံ့လာပါတယ်။ နိုင်ငံအကြီးအကဲခေါင်းဆောင်သုံးဦးနဲ့ နိုင်ငံရေးသမားအချို့မှာ ကိုဗစ်-၁၉ ကူးစက်ခံထားရတာကို တွေ့လာရပါတယ်။ ဘိုလီဗီးယားနိုင်ငံမှာ ဆိုရင်လည်း ကိုဗစ် -၁၉ ကူးစက်မှုအခြေအနေဟာ ထင်ထားတာထက်ကို ပိုမိုဆိုးရွားနေပါတယ်။ ဘိုလီဗီးယားနိုင်ငံ ခေါင်းဆောင်အသိုင်းအဝိုင်းမှာ ကူးစက်မှုပျံ့နှံ့နေပြီး အခုဆိုရင် ဘိုလီဗီးယားနိုင်ငံခြားရေးဝန်ကြီးပါ ကိုဗစ်-၁၉ ကူးစက်ခံထားရပါတယ်။ နိုင်ငံခြားရေးဝန်ကြီး ကာရန်လောင်ဂါရစ်ကတော့ ဘိုလီဗီးယားနိုင်ငံ အစိုးရအသိုင်းအဝိုင်းမှာ ကိုးဦးမြောက် ကိုဗစ် -၁၉ ကူးစက်ခံရတဲ့သူလည်း ဖြစ်ပါတယ်။

### နိုင်ငံခေါင်းဆောင်များ ကူးစက်ခံရ

သူဟာ ကျန်းမာရေးဝန်ကြီး၊ စီးပွားရေးဝန်ကြီး၊ တရားရေးဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးတို့နဲ့အတူ ကြားဖြတ်သမ္မတ ဂျန်နီးအေနက်စ်နဲ့အတူ လွန်ခဲ့တဲ့ သီတင်းပတ်က တွေ့ဆုံမှုပြုလုပ်ခဲ့တာဖြစ်ပြီး ကြားဖြတ်သမ္မတကိုယ်တိုင်လည်း အသွားအလာကန့်သတ်ခံထားရပါတယ်။ အေနက်စ်ဟာ လက်တင်အမေရိကနိုင်ငံတွေမှာ ကိုဗစ် -၁၉ ကူးစက်ခံရတဲ့ တတိယမြောက်ခေါင်းဆောင်လည်းဖြစ်ပါတယ်။ သူ့အရင် ကူးစက်ခံရတဲ့ နိုင်ငံ့ခေါင်းဆောင်တွေကတော့ ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုနဲ့ ဟွန်ဒူးရပ်စ်သမ္မတ ဂျူအန် အော်လန်ဒိုဟာနန်ဒတ်တို့ပဲ ဖြစ်ပါတယ်။

### ဟွန်ဒူးရပ်စ်နိုင်ငံတွင် ကူးစက်ပျံ့နှံ့မှု

ဟွန်ဒူးရပ်စ်နိုင်ငံမှာ ကိုဗစ်-၁၉ ကို ပထမဦးဆုံး စတင်တွေ့ရှိခဲ့တာကတော့ မတ်လ ၁၀ ရက်နေ့ပဲဖြစ်ပါတယ်။ အဲဒီနောက် ကူးစက်မှုတစ်စတစ်စ များပြားလာရာမှာ ဇွန် ၁၃ ရက်ရောက်တဲ့အခါမှာတော့ ကူးစက်မှုပေါင်း ၈၅၄၄ ဦးအထိ ရှိလာပါတယ်။ ကိုဗစ် -၁၉ ထိန်းချုပ်ရေးအတွက် လုပ်ဆောင်ရာမှာတော့ လေကြောင်းခရီးသွားလာမှုအားလုံးကို ပိတ်ထားခဲ့ပြီး နယ်စပ်တွေကိုလည်း ပိတ်ပစ်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးအနှံ့ ကျောင်းတွေကိုလည်း ပိတ်ပစ်ခဲ့ပြီး အခြေခံစားသောက်ကုန်ပစ္စည်းဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုပစ္စည်းတွေအတွက် ဈေးနှုန်းကို ပုံသေပဲသတ်မှတ်ခဲ့ပါတယ် ။ဈေးနှုန်းကြီးမြင့်တာမျိုးမဖြစ်ရလေအောင် ထိန်းချုပ်မှုတွေပြုလုပ်ခဲ့တာပါ။

**“လက်တင်အမေရိကမှာ ကိုဗစ် -၁၉ ကူးစက်မှုဟာ သာမန်ပြည်သူတွေရဲ့ အသိုင်းအဝိုင်းမှာတင် ဖြစ်ပေါ်နေတာ မဟုတ်ပါဘူး။ နိုင်ငံရေးအသိုင်းအဝိုင်းထိအောင် ကူးစက်မှုဟာ ပျံ့နှံ့လာပါတယ်။ နိုင်ငံအကြီးအကဲခေါင်းဆောင်သုံးဦးနဲ့ နိုင်ငံရေးသမားအချို့မှာ ကိုဗစ်-၁၉ ကူးစက်ခံထားရတာကို တွေ့လာရပါတယ်”**



ဘရာဇီးနိုင်ငံရှိ ကူနာအူရာ တိုင်းရင်းသားခေါင်းဆောင်တစ်ဦးကို ကျန်းမာရေးဝန်ထမ်းများက ကိုဗစ် -၁၉ ရှိ မရှိ ဆေးစစ်ပေးနေစဉ်။

### ဘရာဇီးသမ္မတ ကူးစက်ခံရ

ဘရာဇီးနိုင်ငံကို ကြည့်မယ်ဆိုရင် သမ္မတဘော်ဆွန်နာရိုဆိုရင် အစောပိုင်းကာလမှာ ကိုဗစ် -၁၉ ကို အတော်လေး အထင်မြင်သေးခဲ့သူလည်း ဖြစ်ပါတယ်။ သာမန်တုပ်ကွေးရောဂါလောက်အဖြစ်သာ သတ်မှတ်ခဲ့ပြီး စီးပွားရေးကျဆင်းမှုတွေ ဖြစ်လာမှာ စိုးတဲ့အတွက် ကူးစက်ရောဂါကာကွယ်ရေးတွေကို တင်းတင်းကျပ်ကျပ် လုပ်ဆောင်တာမျိုး မရှိခဲ့ပါဘူး။ ဒ့ါအပြင် အများပြည်သူ ရှေ့သွားတဲ့အခါမှာလည်း ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိလို့ ဝေဖန်ခံရသူလည်းဖြစ်ပါတယ်။ ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုမှာ အဓိက ကူးစက်နိုင်တဲ့နည်းလမ်းဖြစ်တဲ့ လူစုလူဝေးပြုလုပ်မှုတွေကိုလည်း သူဟာရှောင်ရှားခဲ့ခြင်း မရှိပါဘူး။ ထောက်ခံပွဲတွေ ပြုလုပ်မြဲ ပြုလုပ်ခဲ့ပါတယ်။ နောက်ဆုံးရလဒ်အနေနဲ့ကတော့ သူကိုယ်တိုင် ကိုဗစ် -၁၉ ကူးစက်ခံလိုက်ရတာပဲ ဖြစ်ပါတယ်။

### ဘရာဇီးတိုင်းရင်းသားတွေပါ ကူးစက်ခံရ

ဘရာဇီးမှာ ဇူလိုင်လအစောပိုင်းမှာတော့ ဒေသခံတိုင်းရင်းသားတွေရဲ့ ကျန်းမာရေးအတွက် ခန့်အပ်ထားတဲ့ ကျန်းမာရေးလုပ်သား ၁၀၀၀ ကျော်မှာဆိုရင် ကိုဗစ်-၁၉ ကူးစက်ခံထားရတာကို တွေ့ရပါတယ်။ လုံလောက်တဲ့ အကာအကွယ်ကိရိယာမပြည့်စုံဘဲ လုပ်ငန်းခွင်ဝင်ရတဲ့ ကျန်းမာရေးလုပ်သားတွေဟာ သူတို့ ကြည့်ရှုပေးရတဲ့ တိုင်းရင်းသားတွေကို ဘေးအန္တရာယ်ဖြစ်စေခဲ့ပါတယ်လို့ ကျန်းမာရေးလုပ်သားတွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေက ပြောပါတယ်။ ဒါကြောင့် အခုအခါမှာတော့ ဘရာဇီးနိုင်ငံက တိုင်းရင်းသား ၁၅၅၀၀ မှာ ကိုဗစ် -၁၉ ကူးစက်ခံထားရတာကိုတွေ့ရပါတယ်။ ကူးစက်ခံထားရတဲ့ထဲက တိုင်းရင်းသားပေါင်း ၁၀၈၈၉ ဦးကတော့ အကာအကွယ်ရတဲ့ နယ်မြေတွေမှာ နေထိုင်ကြတဲ့သူတွေလို့ သိရပါတယ်။

### ဗဟိုချက်မနေရာသစ်ဖြစ်လာ

တစ်ကမ္ဘာလုံးကို နှိပ်စက်ကလူပြုနေတဲ့ ကိုဗစ် -၁၉ ဟာ ကူးစက်မှု ဗဟိုချက်မနေရာတွေ ပြောင်းလဲသွားတာကို တွေ့ရပါတယ်။ တရုတ်ပြည်မှာ အစပြုခဲ့တဲ့ ကိုဗစ် -၁၉ ဟာ ဥရောပမှာလည်း အတော်လေး ကူးစက်မှုမြင့်ခဲ့ပြီး ကူးစက်မှုဗဟိုချက်မနေရာ ဖြစ်လာခဲ့ပါတယ်။ လက်တင်အမေရိကမှာတော့ မေလနှောင်းပိုင်းကစပြီး ကိုဗစ် -၁၉ ကူးစက်မှု ဗဟိုချက်မနေရာသစ်တစ်ခု ဖြစ်လာခဲ့ပါတယ်။ လတ်တလောမှာ ကူးစက်မှုတွေ မြင့်တက်နေတာကိုလည်း တွေ့မြင်နေရပါတယ်။

### ကူးစက်မှုအမြင့်ဆုံး ၁၀ နိုင်ငံစာရင်းမှာ ပါဝင်ဆဲ

ကမ္ဘာပေါ်မှာ ကိုဗစ် -၁၉ ကူးစက်မှုအမြင့်ဆုံး နိုင်ငံက အမေရိကန်နိုင်ငံဖြစ်ပြီး လူပေါင်း သုံးသန်းကျော် ကူးစက်ခံထားရပါတယ်။ အဲဒီနောက်မှာတော့ ဘရာဇီးဟာ ဒုတိယ ကူးစက်မှုအမြင့်ဆုံးနိုင်ငံပါပဲ။ ဘရာဇီးနိုင်ငံအပြင် ပီရူး၊ ချီလီနဲ့ မက္ကဆီကိုနိုင်ငံတို့ဟာလည်း ဆိုးဆိုးရွားရွား ကူးစက်ခံနေရတဲ့ နိုင်ငံတွေပါပဲ။ အဲဒီနိုင်ငံတွေဟာ ကိုဗစ် -၁၉ ကူးစက်မှုအမြင့်ဆုံး ၁၀ နိုင်ငံ စာရင်းမှာပါဝင်နေကြဆဲပါပဲ။ နောက်ထပ်စိုးရိမ်နေရတဲ့ နိုင်ငံကတော့ ဗင်နီဇွဲလားနိုင်ငံပါပဲ။

### ဗင်နီဇွဲလားနိုင်ငံအတွက် စိုးရိမ်ရ

ဗင်နီဇွဲလားနိုင်ငံဟာ နဂိုကတည်းကမှ နိုင်ငံရေးပဋိပက္ခတွေကြောင့် ပြည်သူတွေဟာ တိုင်းပြည်ကနေ ထွက်ခွာနေခဲ့ကြပါတယ်။ နိုင်ငံရေးပဋိပက္ခတွေကြောင့် ကျန်းမာရေးစနစ်ဟာလည်း ယိုင်လဲလုနီးနီးဖြစ်နေပါတယ်။ ဒီလိုအခြေအနေမျိုး ဖြစ်နေတဲ့အချိန် ဗင်နီဇွဲလားမှာသာ ကိုဗစ် -၁၉ ကူးစက်မှုပျံ့နှံ့ခဲ့မယ်ဆိုရင် အခြေအနေတွေဟာ မတွေးဝံ့စရာပဲဆိုပြီး စိုးရိမ်မှုတွေမြင့်တက်နေကြပါတယ်။ အဲဒီအချိန်မှာပဲ ဗင်နီဇွဲလားနိုင်ငံ တိုင်းပြုပြည်ပြုလွှတ်တော်ဥက္ကဋ္ဌ ဒီယိုဒါဒိုကာဘီလို မှာ ကိုဗစ်-၁၉ ကူးစက်ခံထားရတယ်လို့ စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ ဇွန်လ ၉ ရက်နေ့မှာ စစ်ဆေးတွေ့ရှိခဲ့တာဖြစ်ပြီး ကာဘယ်လိုဆိုတာဟာ ဗင်နီဇွဲလားမှာ သမ္မတနီကိုးလပ်မာဒူရိုပြီးရင် ဒုတိယ ဩဇာအာဏာအရှိဆုံးလူဆိုပြီး အသိအမှတ်ပြုခံထားရသူလည်း ဖြစ်ပါတယ်။

### လူသေမှုပိုမိုများပြား

လက်တင်အမေရိကတစ်လွှားမှာ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် အစိုးရအသီးသီးဟာ သူ့နည်းသူ့ဟန်နဲ့အတူ ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ ဒါပေမယ့်လည်း ဒေသတွင်း သာတူညီမျှမှုမရှိမှုနဲ့ ရွှေ့ပြောင်းလုပ်သားထုကြောင့် ကိုဗစ် -၁၉ ကူးစက်ပျံ့နှံ့မှုကို ပိုပြီးဆိုးရွားစေပါတယ်။ လက်တင်အမေရိကနဲ့ ကာရေဗီယန်ဒေသတွေမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုဟာ အမေရိကန်နဲ့ ကနေဒါတို့မှာ ကိုဗစ်-၁၉ ကြောင့် လူသေဆုံးမှုထက် ပိုပြီးများတယ်လို့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ အချက်အလက်တွေအရ သိရပါတယ်။ ကမ္ဘာပေါ်မှာ ကူးစက်မှုအမြင့်ဆုံးဖြစ်တဲ့ အမေရိကန်မှာတော့ တစ်ကမ္ဘာလုံးကူးစက်မှုရဲ့ ၆၀ ရာခိုင်နှုန်းရှိပြီး အမေရိကန်ကျန်းမာရေးအဖွဲ့အစည်းမှ ညွှန်ကြားရေးမှူး ဒေါက်တာ ကရာဆစ်အီတိုင်နင်က ပြောပါတယ်။

### နိုင်ငံရေးအလွှာထဲထိထိုးဖောက်လာ

လက်တင်အမေရိကရဲ့ ကူးစက်မှုနှုန်းဟာ ဆက်လက်တိုးမြင့်နေဆဲ ဖြစ်ပါတယ်။ ကမ္ဘာနိုင်ငံအချို့တွေဟာ ကိုဗစ်-၁၉ ထိန်းချုပ်မှုနှုန်းမှာ လမ်းကြောင်းမှားဆီကို ဦးတည်နေတယ်ဆိုပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲက ပြောကြားပါတယ်။ အခုဆိုရင်တော့ တစ်ကမ္ဘာလုံးအနှံ့ ပျံ့နှံ့နေတဲ့ ကိုဗစ်-၁၉ ဟာ လက်တင်အမေရိကမှာတော့ နိုင်ငံရေးအလွှာထဲထိ ထိုးဖောက်လာတာကို တွေ့မြင်နေရပါတယ်။

**ကိုးကား - ဝီကီပီးဒီးယား၊ နယူးယောက်တိုင်းမ်စ်**

## နိုင်ငံတကာသတင်းတိုထွာ

### ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူအရေအတွက် ၈၀၀၀၀ နီးပါးရှိလာ

**ဆော်ပိုလို ဇူလိုင် ၂၀**

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူအရေအတွက်သည် ဇူလိုင် ၂၀ ရက်တွင် ၈၀၀၀၀ နီးပါးအထိ ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ နိုင်ငံတစ်ဝန်း ပြီးခဲ့သည့် ၂၄ နာရီအတွင်း သေဆုံးသူ ၇၁၆ ဦးအထိ ရှိခဲ့ကာ သေဆုံးသူအရေအတွက်စုစုပေါင်း ၇၉၄၈၈ ဦးအထိ မြင့်တက်လာခဲ့သည်။

တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်မှာ ၂၀၉၈၃၈၉ ဦးရှိပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ကူးစက် ဖြစ်ပွားမှုအဆိုးဆုံးခံစားရလျက်ရှိပြီး ရောဂါကူးစက်ဖြစ်ပွားမှုနှင့်သေဆုံးသူ အရေအတွက် အမြင့်ဆုံးဖြစ်သည်။

လူဦးရေအထူထပ်ဆုံးဖြစ်သည့် ဆော်ပိုလိုမြို့မှာ ရောဂါကူးစက်ပျံ့နှံ့ရာ ဗဟိုချက်မဖြစ်ပြီး ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် ၄၁၅၀၄၉ ဦးနှင့် သေဆုံးသူအရေအတွက် ၁၉၇၃၂ ဦး ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

### အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ရှစ်ဦးဒဏ်ရာရ


**ဝါရှင်တန် ဇူလိုင် ၂၀**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ၌ ဇူလိုင် ၁၉ ရက်က သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေနတ်ပစ်ခတ်မှုသည် ဝါရှင်တန်ဒီစီ အရှေ့မြောက်ပိုင်း ၁၄လမ်းမြောက် Sprind Road ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲချုပ်ပီတာနော်ရှမ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ပြောင်းရှည်သေနတ်ကိုင်ဆောင်ထားသူနှစ်ဦးနှင့် ပစ္စတိုသေနတ်တစ်လက်ကိုင်ဆောင်ထားသူ တစ်ဦးအပါအဝင် အမျိုးသားသုံးဦးတို့က ပစ်မှတ်ဖြစ်ဖွယ်ရှိသည့် လူစုတစ်စုကို သေနတ်များဖြင့် စတင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသူ ကိုးဦးကို ဆေးရုံများသို့ ပို့ဆောင်ခဲ့ရာ တစ်ဦးမှာ ဆေးရုံသို့ ရောက်ပြီးနောက် သေဆုံးသွားခဲ့ပြီး နှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း သိရသည်။ **ဆင်ဟွာ**

# ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့ နိုင်ငံဖြစ်လာဖို့ မျှော်လင့်



ဒီစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရင် ယခုအတွက်သာမက နောင်မျိုးဆက်တွေအတွက်ပါ အောင်မြင်မှုကြီးဖြစ်ပါလိမ့်မယ်။ စာရေးဆရာမကြီးတစ်ဦးက ပြောဖူးပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ရပ်တွေဟာ ခေတ်အဆက်ဆက်မှာ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်ဖို့ အင်အားတွေ ဖြစ်စေပါတယ်။ ဒီ့တွေဟာ အခက်အခဲကြီးတွေကို ကျော်လွှားနိုင်စွမ်း ရှိခဲ့တယ်၊ ခုလည်း ကျော်လွှားနိုင်မှာပဲဆိုတဲ့ ယုံကြည်မှုစွမ်းအားပါ။ ပြည်သူတွေရဲ့စွမ်းအားနဲ့ Covid အလွန်ကာလမှာ ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့ နိုင်ငံဖြစ်လာဖို့ မျှော်လင့်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသား ဖော်ပြချက်မှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကိုဗစ်-၁၉ ကုသရေးဌာန (ဖောင်ကြီး) လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ၌ ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) သို့ သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) ဖွင့်လှစ်ကာ ကိုဗစ်–၁၉ လူနာများ လက်ခံကုသမှုပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပံ့ပိုး၍ ဆောင်ရွက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၊ လူမှုပရဟိတအဖွဲ့အစည်းများ၊ ပုဂ္ဂလိကဆေးရုံများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတွင် ယခုကဲ့သို့ အရေးကြုံသည့်အခါ နိုင်ငံနှင့် ပြည်သူများအကျိုးအတွက် မိမိတို့၏ကိုယ်ပိုင်ကိစ္စသဖွယ် အလေးထားကာ စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) အချိန်တိုအတွင်း စနစ်တကျပေါ်ပေါက်လာခြင်း ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) တွင် ကိုဗစ်–၁၉ လူနာများကို တစ်ပြိုင်နက်လက်ခံကာ အထူးကြပ်မတ်ကုသဆောင်များ၊ ဆေးနှင့် စက်ပစ္စည်းကိရိယာများ စုံလင်စွာဖြင့် အရည်အသွေးပြည့်ဝသော ကုသမှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် ကိုဗစ်–၁၉ ကပ်ရောဂါနှင့် ရင်ဆိုင်နေရသော ကျန်းမာရေးဝန်ထမ်းများအတွက် စိတ်ဓာတ်ရေးရာ ယုံကြည်မှုကိုလည်း ရရှိစေပါကြောင်း၊ ယခုလက်ရှိတွင် မိမိတို့နိုင်ငံ၌ ကိုဗစ်–၁၉ ကပ်ရောဂါကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်လျက်ရှိပါကြောင်း၊ ထိုသို့ထိန်းချုပ်နိုင်သည်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်မှု၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ယနေ့ နံနက်အထိ ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ ၃၄၁ ဦးရှိပြီး ၎င်းတို့အနက် အထူးကြပ်မတ်ကုသမှုခံယူရသူ ၂၀ နှင့် အသက်ရှူစက် အသုံးပြုခဲ့ရသူ ၅ ဦးသာ ရှိပါကြောင်း။

လက်ရှိအချိန်၌ ဆေးရုံအသီးသီးတွင် ကုသမှုခံယူနေသော ကိုဗစ်–၁၉ လူနာများ၏ အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသမှုခံယူသူ တစ်ဦးမျှမရှိပါကြောင်း၊ ထိုသို့လူနာများ ကောင်းမွန်စေရန် ကုသမှုပေးနေသော ဆရာဝန်၊ သူနာပြု၊ ကုသမှုအထောက်အကူပြု ပညာရှင်များ၏ စွမ်းရည်မြင့်မားမှုကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ကူးစက်မှု ဒုတိယလှိုင်းမဖြစ်ပွားစေရေးအတွက် နယ်စပ် ဝင်၊ ထွက်ပေါက်များနှင့် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာများ သတ်မှတ်ချက်၊ စည်းကမ်းလမ်းညွှန်ချက်များနှင့်အညီ တိကျစွာ ဆောင်ရွက်မှု ရှိ၊ မရှိ ဆန်းစစ်အကဲဖြတ်ခြင်း (monitoring) ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကိုဗစ်–၁၉ ကုသရေးဌာန(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန် စီမံခန့်ခွဲမှု၊ ကဏ္ဍစုံပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ခဲ့မှု၊ ဖွင့်လှစ်ပြီးနောက် လူနာများလက်ခံကုသမှုနှင့် လုပ်ငန်းများဆောင်ရွက်နေမှုတို့နှင့် ပတ်သက်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ဝန်ကြီးဌာနရှိ ဒုတိယတိုင်းဒေသကြီး/ပြည်နယ် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ချုပ်ရေး မဟာတွဲ့သင်တန်း တက်ရောက်နေသူများက လာရောက်လေ့လာမှုများ ပြုလုပ်စေလိုပါကြောင်း၊ ကိုဗစ်–၁၉ ကုသရေးဆိုင်ရာ လမ်းညွှန်များကို ပြုစုထားရှိပြီး ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မှုများ မှတ်တမ်းစာအုပ်ကို ပြုစုနေသည်မှာ အထူးကောင်းမွန်ပါကြောင်း၊ ယခုအတွေ့အကြုံများသည် နောင်အခါ အလားတူကပ်ရောဂါ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရင်ဆိုင်ရသည့်အခါ များစွာအသုံးကျအကျိုးရှိမည် ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) မှ တာဝန်ရှိသူများအနေဖြင့် မျက်နှာချင်းဆိုင် (သို့မဟုတ်) video conferencing စနစ်ဖြင့် အစည်းအဝေးများပြုလုပ်ကာ တိုင်ပင်ဆွေးနွေး ညှိနှိုင်းနေမှုများသည် ကောင်းမွန်ပါကြောင်း၊ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး)အတွက် ပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၏ ပါမောက္ခချုပ် ဦးကျော်ဝင်းဟန်က ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ရာတွင် ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ စတင်ချိန်က ကျန်းမာရေးစောင့်ရှောက်မှုပေးသူ ၁၈၀ နှင့် နီးနွယ်ဆက်စပ်တာဝန်ဆောင်ရွက်သူ ၂၀၀ ဖြင့် ဆောင်ရွက်ခဲ့ရာမှ ယခုအခါလူနာများ တက်ရောက်မှုအခြေအနေနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုပေးသူ ၁၀၀ နှင့် နီးနွယ်ဆက်စပ်တာဝန်ဆောင်ရွက်သူ ၁၈၀ ခန့်တို့ဖြင့် ဆက်လက်ဆောင်ရွက်နေမှု၊ ကြီးကြပ်မှုကော်မတီအစည်းအဝေးများ ပုံမှန်ပြုလုပ်ကာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများ ကိုဗစ်–၁၉ ကုသရေးဌာန(ဖောင်ကြီး) ရှိ အထူးကြပ်မတ်ကုသဆောင်များအား လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) ၏ ဆေးရုံအုပ်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသော ဒေါက်တာကိုကိုနိုင်က ကိုဗစ်–၁၉ ကုသရေးဌာန(ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ရာ၌ လူနာဆောင်များအဖြစ် ထားရှိနိုင်ရန် ပြုပြင်မွမ်းမံခဲ့မှု၊ လူနာဆောင်များအတွက် Liquid oxygen plant အပါအဝင် အောက်ဆီဂျင်ပိုက်လိုင်းများတပ်ဆင်မှု၊ အထူးကြပ်မတ်ကုသဆောင်များ စီစဉ်မှု၊ စက်ပစ္စည်း ကိရိယာများတပ်ဆင်မှု၊ CCTV ကင်မရာများ တပ်ဆင်မှု၊ အင်တာနက်လိုင်းများတပ်ဆင်မှု၊ ဆေးနှင့်ဆေးပစ္စည်း စတို၊ ဓာတ်ခွဲခန်း၊ CT နှင့် ဓာတ်မှန်ဆောင်စီစဉ်မှု၊ လုံခြုံရေးကိစ္စရပ်များ၊ လူနာများ သယ်ယူပို့ဆောင်ရန်စီစဉ်မှုစသည့်လုပ်ငန်းများအား ကဏ္ဍစုံမှ ပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး)တွင် လူနာပေါင်း ၁၄၉ ဦးကို ကုသမှုပေးခဲ့ပြီး ၁၃၂ ဦး ဆေးရုံဆင်းခဲ့ကာ လက်ရှိ ၁၇ ဦးတွင် ကုသမှုပေးနေမှု၊ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး) ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မှုများမှတ်တမ်းစာအုပ်ပြုစုနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကိုဗစ်–၁၉ ကုသရေးဌာန (ဖောင်ကြီး)၊ ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာဇော်ဝေစိုးက ကိုဗစ်–၁၉ ကုသရေးဌာန ဖွင့်လှစ်ဆောင်ရွက်မှုတွင် ဘေးထွက်အကျိုးအမြတ်အဖြစ် စီမံခန့်ခွဲအုပ်ချုပ်မှု၊ ကဏ္ဍစုံပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှု၊ ကုသမှုအတွေ့အကြုံကောင်းများစွာ ရရှိပါကြောင်း၊ မိမိတို့အနေဖြင့် စီမံခန့်ခွဲမှုနှင့် ကုသရေးဆိုင်ရာ အစည်းအဝေးများကို ပုံမှန်ပြုလုပ်ကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတိုင်ပင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်၊ ဆေးပညာဌာန၏ ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာဇော်လင်းအောင်က ကိုဗစ်–၁၉ ကုသရေးဌာန(ဖောင်ကြီး)တွင် လက်ရှိ၌ လူနာ ၅၀၀ အား ထားရှိကုသနိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ကာ လိုအပ်ပါက လူနာ ၂၀၀၀ ခန့်အထိ ထားရှိနိုင်ရေး ပြင်ဆင်သွားနိုင်ရန် စီစဉ်ခဲ့ပါကြောင်း၊ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများရေးဆွဲထားရှိကာ စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ကိုဗစ်–၁၉ ကုသရေးဌာန(ဖောင်ကြီး) ရှိ အထူးကြပ်မတ်ကုသဆောင်များအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၀၄)ခုတွင် -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၀-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၁)ဦး ရှိပါသည်။

၃။ (၁၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၅၇) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၇၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု
- စုစုပေါင်း (၁,၄၁၉) ခုအား စစ်ဆေးခဲ့ပြီး ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၀-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၉-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၀၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၀-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၈၀)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၆) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၈၂) ခု၊ စုစုပေါင်း (၁,၀၂၂)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၁) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၄၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၂၇၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case- 263, 314)တွေ့ရှိရသဖြင့် စုစုပေါင်း (၂၇၈) ဦး ရှိပါသည်။ ၎င်းတို့အနက် (၂၆၅)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၉-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၀-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၂) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၀-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၈၀) ခု |
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၈) ခု |
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၆) ခု |
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၆) ခု |
| (၂၀-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

● *ကျောဖုံးမှ*

မြန်မာနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၁၃၄ ဦးတို့အား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဆစ်ဒနီ-ဘာလီ-ရန်ကုန် ခရီးစဉ်အတိုင်း ပြေးဆွဲလျက် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် ကင်ဘာရာမြို့နှင့် ဂျကာတာမြို့ရှိ မြန်မာသံရုံးများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ယနေ့ည ၈ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ **(ယာပုံ)**

ထို့ပြင် ပြည်ပနိုင်ငံအသီးသီးတွင် ရောက်ရှိနေပြီး စာချုပ်သက်တမ်းပြည့်လွန်နေသဖြင့် Crew Change ပြုလုပ်ရန်လိုအပ်နေသည့် မြန်မာသင်္ဘောသားစုစုပေါင်း ၅၁ ဦးတို့အား မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများ ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (Myanmar Seafarer Employment Services Federation) နှင့် သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီများ၏ စီစဉ်ပေးမှုတို့ဖြင့် စင်ကာပူနိုင်ငံ၊ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး စင်ကာပူမြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့မွန်းလွဲ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၄၂၂ ဦးအား ကယ်ဆယ်ရေး/ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၃၈၈၈ | ၃၄၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၇၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၅၄၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၆၅ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၃ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၂ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၄၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၀-၇-၂၀၂၀ ရက်၊ ည (၈) နာရီ




## ၂၀-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၉၀၁၀၂၆ | ၁၈၀၂၅၅၀ | ၁၄၃၃၂၁ |
| ၂။ | ဘရာဇီး | ၂၁၀၀၁၁၂ | ၁၃၇၁၂၂၉ | ၇၉၅၃၅ |
| ၃။ | အိန္ဒိယ | ၁၁၂၇၂၈၁ | ၇၀၇၅၂၃ | ၂၇၆၂၈ |
| ၄။ | ရုရှား | ၇၇၇၄၈၆ | ၅၅၃၆၀၂ | ၁၂၄၂၇ |
| ၅။ | တောင်အာဖရိက | ၃၆၄၃၂၈ | ၁၉၁၀၅၉ | ၅၀၃၃ |
| ၆။ | ပီရူး | ၃၅၃၅၉၀ | ၂၄၁၉၅၅ | ၁၃၁၈၇ |
| ၇။ | မက္ကဆီကို | ၃၄၄၂၂၄ | ၂၁၇၄၂၃ | ၃၉၁၈၄ |
| ၈။ | ချီလီ | ၃၃၀၉၃၀ | ၃၀၁၇၉၄ | ၈၅၀၃ |
| ၉။ | စပိန် | ၃၀၇၃၃၅ | စိစစ်ဆဲ | ၂၈၄၂၀ |
| ၁၀။ | ဗြိတိန် | ၂၉၄၇၉၂ | စိစစ်ဆဲ | ၄၅၃၀၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၀ - ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၈၂၁၄ | ၄၆၉၇၇ | ၄၂၃၉ |
| ဖိလစ်ပိုင် | ၆၈၈၉၈ | ၂၃၀၇၂ | ၁၈၃၅ |
| စင်ကာပူ | ၄၈၀၃၅ | ၄၄၀၈၆ | ၂၇ |
| မလေးရှား | ၈၈၀၀ | ၈၅၅၅ | ၁၂၃ |
| ထိုင်း | ၃၂၅၀ | ၃၀၉၆ | ၅၈ |
| ဗီယက်နမ် | ၃၈၄ | ၃၆၀ | ၀ |
| မြန်မာ | ၃၄၁ | ၂၇၈ | ၆ |
| ကမ္ဘောဒီးယား | ၁၇၁ | ၁၃၆ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |

## လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်

လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် သေရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းစေခြင်း (Killing and Maiming of Children) ၊

(၂) တပ်မတော်နှင့် လက်နက်ကိုင်တပ်ဖွဲ့များတွင် ကလေးသူငယ်များအား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း (Recruitment and Use of Children by Armed Forces or Armed Groups)၊

(၃) ကလေးသူငယ်များအား အဓမ္မပြုကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းအမျိုးမျိုး (Rape or other Sexual Violence Against Children) ၊

(၄) ကလေးသူငယ်များအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း (Abduction of Children) ၊

(၅) ဆေးရုံနှင့် ကျောင်းများအား တိုက်ခိုက်ခြင်း (Attacks against Schools and Hospitals)၊

(၆) ကလေးသူငယ်များအတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကို တားဆီးခြင်း (သို့မဟုတ်) ခွင့်မပြုခြင်း (Denial of Humanitarian Access for Children)။

## မြဝတီနယ်စပ် အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြန်မာရွှေ့ပြောင်းလုပ်သား ၆၂၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၂၀

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၂၆ ဦးသည် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မြဝတီနယ်စပ် အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၂၀ ရက်အထိ ၁၃၂၈၉ ဦး ဝင်ရောက်ခဲ့သဖြင့် မြဝတီနယ်စပ် ချစ်ကြည်ရေးတံတား အမှတ်(၂)မှ နေရပ်ပြန်သူ စုစုပေါင်း ၅၀၃၀၇ ဦး တို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၃၅၇ ဦး၊ အမျိုးသမီး ၂၆၉ ဦး စုစုပေါင်း ၆၂၆ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# နေရပ်ပြန် ထိုင်းနိုင်ငံသားများကို ဆက်လက်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိ

**တာချီလိတ် ဇူလိုင် ၂၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် မြန်မာနိုင်ငံသို့ တရားဝင်လာရောက်အလုပ်လုပ်ကိုင်လျက်ရှိသော နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသား အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၇ ဦးတို့ကို ယနေ့ နံနက်ပိုင်းက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)မှ ပြန်လည်လွှဲပြောင်းပို့ဆောင်ပေးကြောင်း သိရသည်။ **(ယာပုံ)**

နေရပ်ပြန်ထိုင်းနိုင်ငံသား ၁၇ ဦးသည် မြန်မာနိုင်ငံသို့ တရားဝင်လာရောက်အလုပ်လုပ်ကိုင်သူများနှင့် အခြေခံပညာကျောင်းများ ပြန်လည်တက်ရောက်ရန်ဖြစ်ပြီး နေရပ်သို့ ပြန်ခြင်းဖြစ်ကြောင်း၊ လွှဲပြောင်းပို့ဆောင်ခြင်းမပြုမီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်း ပြုလုပ်ပြီး စနစ်တကျပြန်လည်လွှဲပြောင်းပေးခဲ့သည်။

နေရပ်ပြန် ထိုင်းနိုင်ငံသား ၁၇ ဦးကို တာချီလိတ်မြို့ လဝက ဌာနခွဲ(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့် ဦးဆောင်သည့် တာဝန်ရှိသူများနှင့် CNCMC အဖွဲ့က ပြန်လည်ပို့ဆောင်ပေးခဲ့ကာ ထိုင်းနိုင်ငံမှ တံတား(၂) တာဝန်ခံရဲအရာရှိ Pathpon Onnoul၊ လဝကအရာရှိ Sakhonnawat Luansomwang၊ ကျန်းမာရေးဌာနမှ ဦးစီးအရာရှိ Priawpurin Manopeaw ဦးစီးသည့်အဖွဲ့တို့က ပြန်လည်လက်ခံခဲ့ကြကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**



## COVID – 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၂၀**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကိုဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်**"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့သွားသည့် အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့်သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ခံတတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ချောင်းကူးတံတားတည်ဆောက်နေမှု စစ်ဆေး

ဖြူး ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့က ဖြူးမြို့နယ် ခင်တန်းကြီးကျေးရွာ အုပ်စု ပိန္နဲကုန်ကျေးရွာချောင်းကူး တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ချောင်းကူးတံတားမှာ ဖြူး-ချင်းခင်လမ်းပေါ်ရှိ ပိန္နဲကုန် တံတားဖြစ်ပြီး တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၂၈ သန်းဖြင့် တံတားအရှည်ပေ ၁၂၀ ၊ အကျယ်ပေ ၂၀ ရှိ သံမဏိသံပေါင်၊ သံကူကွန်ကရစ် တံတားဖြစ်ပြီး တင်ဒါအောင်မြင်သောကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ အဆိုပါပိန္နဲကုန်တံတား ပြီးစီးပါက ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရန် အဆင်ပြေမည်ဖြစ်ကာ ကျေးရွာအတွက် ရာသီမရွေး သွားလာနိုင်ပြီး စီးပွားရေး၊ လူမှုရေးများ အဆင်ပြေမည် ဖြစ်ကြောင်း သိရသည်။

မနွယ်(ဖြူး)

## ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ အန္တရာယ်ရှိသော ရေဝဲနေရာခုနစ်ခုကို သတိပေးချက်ထုတ်ပြန်

မုံရွာ ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ကြောင်း တစ်လျှောက်ရှိ ရေဝဲနေရာခုနစ်ခုကို မြစ်ရေကြီးမြင့်ချိန်တွင် လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ သတိဖြင့် ခုတ်မောင်းသွားလာကြရန် တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

"မိုးရာသီမှာဖြစ်တတ်တဲ့ ရေဝဲရှိတဲ့ နေရာတွေမှာ ရေစီးသန်တဲ့အခါ ဝဲစုပ်ပြီးနစ်တတ်တယ်။ မိုးရာသီမှာ ရေပြင်ကျယ်သွားပြီး ရေယာဉ်အကြီးတွေက လွတ်လွတ်လပ်လပ်မောင်းလို့ရတယ်။ ရေယာဉ်အသေးတွေကျတော့ စက်ရပ်ပြီးမျောတာတို့၊ မြုပ်တာတို့၊ လှိုင်းကြောင့် မြုပ်တာက မိုးရာသီမှာ အဖြစ်များတယ်။ ဟောပြောပွဲတွေမှာ အဓိကထားပြီးပြောတယ်။ ခရီးသည်တွေ သတ်မှတ်ဦးရေထက် ပိုပြီးတင်မယ်။ အင်ဂျင်တွေ မကောင်းတာတို့ကြောင့် ရေမျောပြီး ရေဝဲထဲရောက်မယ်ဆိုရင်မြုပ်တတ်တယ်။ အဲဒါတွေကို သတိပြုဆင်ခြင်ဖို့ အခုလို သတိပေးချက်ထုတ်ပြန်ခြင်းဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးစိုးနိုင်ထွန်းက ပြောသည်။

သတိပေးချက်ထုတ်ပြန်သည့် နေရာများအဖြစ် မုံရွာမြို့နယ်နှင့် ကနီမြို့နယ်အကြား ရေမိုင် ၁၉ မိုင်ရှိ ရွှေစာရေးဝဲ၊ ကနီမြို့နယ်နှင့်မင်းကင်းမြို့နယ်အကြား ရေမိုင် ၉၀ ရှိ ဝက်သိုက်ဝဲ၊ မင်းကင်းမြို့နယ်နှင့် ကလေးဝမြို့နယ်အကြား ရေမိုင် ၁၄၄ ရှိ ပေဝဲ၊ ကလေးဝမြို့နယ်နှင့် မော်လိုက်မြို့နယ်အကြား ရေမိုင် ၁၆၀ ရှိ လောင်းဂရိတ်ဝဲ၊ ကလေးဝမြို့နယ်နှင့် မော်လိုက်မြို့နယ်အကြား ရေမိုင် ၁၆၅ ရှိ မစိန်ဝဲ၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်အကြား ရေမိုင်၂၃၀ ရှိ ရွှေပုလ္လင်ဝဲ၊ ဟုမ္မလင်းမြို့နယ်နှင့် ခန္တီးမြို့နယ်အကြား ရေမိုင် ၄၄၇ ရှိ ကတိုးဝဲတို့ကို ဖြတ်သန်းမောင်းနှင်သွားလာကြမည့် လူစီးအမြန်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ သတိပြုသွားလာနိုင်ကြရန် တိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ဝင်းဦး(ဖေယျာတိုင်း)




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေး နိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၅၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၇၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၅၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၇၆၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ ကျပ် | ၅၇၅/၅၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ ကျပ် | ၅၅၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ ကျပ် | ၆၇၀/၆၉၀ ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၈၀ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၂ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၃ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၅ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၂၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၃၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၆၀၃ | ၆၃၃၀၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၁၂၉၁ | ၄၉၆၇၃၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁ | ၈၁၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၇၅၀ | ၁၁၉၈ | ၃၂၇၈၈၅၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - ချူးစန္ဒီဆွေ၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဆွာဆည်ရေသောက်စနစ်အဆင့်မြှင့်တင်ခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

ရေတာရှည် ဇူလိုင် ၂၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့ နံနက် ၉ နာရီခွဲက ရေတာရှည်မြို့နယ် သိုင်းဂုကျေးရွာအုပ်စု ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲအသစ် တည်ဆောက်နေသည့်နေရာ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလင်းတို့က ရေပိုလွှဲအသစ်တည်ဆောက်လျက်ရှိသည့် လုပ်ငန်းများနှင့် ၂၀၂၀-၂၀၂၁ နွေစပါးရာသီ ရေပေးဝေမည့်အစီအမံများကို ရှင်းလင်းတင်ပြသည်။ (ယာပုံ)



ထို့နောက် ဆွာချောင်းရေလှောင်တမံ ရှင်းလင်းဆောင်သို့သွားရောက်ပြီး ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများကို လက်ထောက်ညွှန်ကြားရေးမှူး ဦးတိုးလင်းက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ယင်းနောက် ကျွန်းပင်ဆိပ်၊ ဥယျာဉ်မှူး(အရှေ့ကုန်း)၊ လှည်းလမ်းကူး၊ သမဆယ်၊ တုံးကြီး၊ ဘောင်တုတ်ကျေးရွာများအား ၁၁ ကေဗွီလိုင်းဖြင့် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆွာချောင်း မြောက်ဘက်ခြမ်း၊ အမြန်လမ်းမကြီးအနောက်ဘက်ရှိ ကမ္ဘာနီကျေးရွာ၊ အလယ်မြောင်ကျေးရွာတို့အား ဓာတ်အားလိုင်း ချိတ်ဆက်ဆောင်ရွက်မှုလုပ်ငန်းများကို တိုင်းဒေသကြီး လျှပ်စစ်ဦးစီးမှူး ဦးရဲဝဏ္ဏက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လုပ်ငန်းများ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျွန်းတောစုကျေးရွာ စုပေါင်းရုံးတွင် Na Rain Dara Co.Ltd မှ ဝါးစိုက်ပျိုးရေး၊ အခြေခံစားသောက်ကုန် Export Quality မျှစ်ခြောက်ပြုလုပ်ပုံအဆင့်ဆင့်ကို ဒေသခံကျေးရွာသူ ကျေးရွာသားများအား အသိပညာပေး ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဝါးစိုက်ပျိုးသူများအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဝါးစိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ ဝင်ငွေကောင်းမွန်ခြင်း၊ သဘာဝဂေဟစနစ်ကို အထောက်အကူပြုနိုင်ခြင်းနှင့် ဝါးစိုက်ပျိုးနည်းစနစ်များ၊ ပြုစုပျိုးထောင်ခြင်း၊ မျှစ်ထုတ်လုပ်ခြင်း၊ မျှစ်ခြောက်ပြုလုပ်ခြင်းနှင့် ဈေးကွက်ပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျွန်းတောစုကျေးရွာမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိခဲ့ပြီး ကြံသန္တယ်ကျေးရွာအုပ်စု မြောက်နန်ချွန်ကျေးရွာ အထက်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ပရင်တာတစ်စုံကို ပေးအပ်သည်။

**သန်းလွင်(ဆွာ)**



## မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ကမ်းပါး ရေထိန်းနံရံနှင့် ရေတားတာပေါင် တည်ဆောက်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဇူလိုင် ၂၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်မှ လယ်ကုန်းရပ်ကွက်အထိ အရှည် ပေ ၁၄၀၀၀ ရှိသော မြစ်ကမ်းပါးတစ်လျှောက်၌ ကျောက်စီ ရေထိန်းနံရံနှင့် ပေ ၃၀ အကျယ် တာရိုးလမ်း ဖောက်လုပ်သွားနိုင်ရေးအတွက် ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဇူလိုင် ၁၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။ **(အပေါ်ပုံ)**

အလားတူ လယ်ကုန်းရပ်ကွက်မှ ရေကြည်အထိ အရှည် ပေ ၂၅၀၀၀ ကျော် မြစ်ကမ်းပါးတစ်လျှောက်၌လည်း မြေသားတာပေါင်ဖို့ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါ လုပ်ငန်းဆောင်ရွက်မည့်အခြေအနေနှင့် ပတ်သက်၍ ကချင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဧရာဝတီမြစ်ရိုးတစ်လျှောက် မြေပြင်ကွင်းဆင်း တိုင်းတာစစ်ဆေးမှု ဆောင်ရွက်ထားသည့် အခြေအနေများနှင့် ရေဝင်ပေါက်/ထွက်ပေါက်နေရာ ရှစ်ခုတွင် ရေထိန်းတံခါးများ တပ်ဆင်ရန်အတွက် ဘူမိဗေဒမြေအနေအထား စမ်းသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က နှစ်စဉ် ပြည်သူများ ရေကြီးမှုဖြစ်စဉ်မှ ကင်းဝေးအောင် စနစ်တကျ ကွင်းဆင်း တိုင်းတာစစ်ဆေး၍ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက်အတွင်းရှိ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ်က အရည်အသွေးပြည့်မီစွာ ဆောင်ရွက်သွားရေးနှင့် လမ်းဘေးဝဲယာ၌ရေနုတ်မြောင်းများ စနစ်တကျထားရှိရေးအတွက် မှာကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ချင်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ဖလမ်း ဇူလိုင် ၂၀

ချင်းပြည်နယ် ဖလမ်းမြို့နယ်အတွင်း ဆောင်ရွက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇူလိုင် ၁၈ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဖလမ်းမြို့ရှိ ခရိုင်တရားရုံး အဆောက်အအုံသစ် ဆောက်လုပ်နိုင်ရန် မြေနေရာရရှိနိုင်ရေးအတွက် ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ ဖလမ်းမြို့နယ်ခန်းမဆောင် ဆောက်လုပ်နေမှုအခြေအနေနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဖလမ်းမြို့နယ် ခန်းမဆောင်ကို Aroma Rose ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိပြီး လက်ရှိအချိန်တွင် လုပ်ငန်းအားလုံး၏ ၄၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးကို Power 7 ကုမ္ပဏီက တာဝန်ယူဆောက်လုပ်၍ လက်ရှိအချိန်တွင် လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဖလမ်းမြို့နယ် ရှာလ်လမ်ကျေးရွာ၌ ခရစ်ယာန်ဘုရားကျောင်း ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုပြီး ဘုရားကျောင်း ဆက်လက်ဆောက်လုပ်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေမှ ထောက်ပံ့ပေးသည့် ထောက်ပံ့ငွေ ကျပ်သိန်း ၅၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း လက်တွေ့ကျင့်သုံးမှု နည်းပညာသင်တန်း အောင်မြင်စွာဖွင့်လှစ်ပြီးစီး




နေပြည်တော် ဇူလိုင် ၂၀

ဒုတိယအကြိမ် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေအထောက်အပံ့ဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း (GAP – Good Agricultural Practices) လက်တွေ့ကျင့်သုံးမှု နည်းပညာသင်တန်း သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား) ကျောင်း ခန်းမဆောင်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်လွင်လွင်ထွန်း က သင်တန်းဆင်း အမှာစကားပြောကြားပြီး (ဝဲပုံ) သင်တန်းဆင်းလက်မှတ်များ၊ ထူးချွန်ဆုများနှင့် သင်ကြားမှုအထောက်အကူပြုပစ္စည်းများကို ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြသည်။

အဆိုပါသင်တန်းကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲ၊ စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ ဆရာ ဆရာမများ၏ သင်ကြားမှုအရည်အသွေးမြှင့်တင်ရန်အတွက် ဒုတိယအကြိမ် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေအထောက်အပံ့ဖြင့် မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း ၁၅ ကျောင်းမှ ဆရာ ဆရာမ ၃၀ တို့ကို ဇူလိုင် ၆ ရက်မှ ၁၉ ရက်အထိ ပို့ချပေးခြင်းဖြစ်သည်။

ထို့အပြင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လိုက်နာရမည့် Module လေးခု၊ Protocol ၁၆ ခုနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ စိုက်ပျိုးရေးသိပ္ပံများသို့ ပြန်လည်ရောက်ရှိပါက ဆင့်ပွား သင်တန်းများ ပို့ချနိုင်ရန် သက်ဆိုင်ရာပညာရှင်များက ဆွေးနွေးပို့ချပေးပြီး စိုက်ပျိုးရေးသိပ္ပံ ကျောင်းသား ကျောင်းသူများ လုပ်ငန်းခွင်သို့ ဝင်ရောက်ပါက တောင်သူများလက်ဝယ်သို့ GAP ဆိုင်ရာ လိုက်နာကျင့်သုံးရမည့် နည်းပညာများကို စနစ်တကျဖြန့်ဝေပေးအပ်နိုင်ခြင်းဖြင့် အရည်အသွေးမြင့်မားသော သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရန် ဖြစ်ကြောင်း သိရသည်။

**သိခ်**

# ကျိုင်းတုံ ခရိုင်သို့

မောင်သာ(ရှေးဟောင်းသုတေသန)

**တစ်ချိန်က ရှမ်းပြည်နယ်အရှေ့ပိုင်း၏ မြို့တော်ဖြစ်ခဲ့သည့် ကျိုင်းတုံမြို့သည် ရှမ်းပြည်နယ်၏ ကြီးမားထင်ရှားသော မြို့ကြီးတစ်မြို့ဖြစ်ကာ ကျိုင်းတုံခရိုင်ကို ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းပျဉ်းနှင့် မိုင်းယန်းမြို့နယ်များဖြင့် ဖွဲ့စည်းထားသည်။ ပြည်မဒေသမှ ဝေးလံသဖြင့် သွားလာမှုခက်ခဲခဲ့သည့် ကျိုင်းတုံခရိုင်သို့ လွန်ခဲ့သော ဆယ်စုနှစ်များက လေကြောင်းခရီးဖြင့်သာ သွားလာနိုင်ခဲ့သော်လည်း ယခုအခါတွင် ကုန်းလမ်းခရီးဖြင့်ပါ အလွယ်တကူသွားရောက်နိုင်ကြပြီဖြစ်ပေသည်။ ကျိုင်းတုံမြို့သည် ရန်ကုန်မြို့မှအရှေ့မြောက်ဘက်သို့ ၁၁၀၂ ကီလိုမီတာကွာဝေး၍ ရေလမ်းနှင့် မီးရထားလမ်းများမရှိဘဲ လေကြောင်းနှင့် ကားလမ်းမှသာ သွားလာနိုင်သဖြင့် ရန်ကုန်မြို့မှ ကျိုင်းတုံမြို့သို့ မော်တော်ကားဖြင့် ၂၁ နာရီဝန်းကျင် မောင်းနှင်ကြရသည်။**

## ကျိုင်းတုံခရိုင်သို့

၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် ထုတ်ပြန်သည့် နိုင်ငံတော်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာဦးရေစာရင်းချုပ်အရ ရှမ်းပြည်နယ်ရှိ ခရိုင် ၁၂ ခု အနက် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ကျိုင်းတုံခရိုင်၊ တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်တို့ တည်ရှိကြသည်။

ကျိုင်းတုံဟူသည့်အမည်သည် ရှမ်းဘာသာစကား နောင်တုံမှ ဆင်းသက်လာကာ နောင်သည်အင်း၊ တုံသည်ခံယူသည်ဟု အဓိပ္ပာယ်ရှိ၍ ဆွမ်းဆန်ဆေးရေများကို ခံယူထားသည့် ရေကန်(နောင်တုံကန်)ရှိသည့်မြို့ဟု အစဉ်အဆက် ယူဆကြသည်။ ကျိုင်းတုံသည် တရုတ်ဘာသာစကား ဇိန်းတုံမှ ဆင်းသက်လာ၍ ဇိန်းသည် မြို့၊ တုံသည် ဓမ္မိကရေအိုင်ကို ခန်းခြောက်အောင်ပြုလုပ်ခဲ့သည့် ဆန္ဒသိကတုံက ရသေ့ဟူသည့် ယူဆချက်လည်း ရှိခဲ့သည်။

ကျိုင်းတုံမြို့ကို ရှေးအခါက စန္ဒရကွမ်း၊ ဒမ္မိလပ်၊ ခေမရဋ္ဌ၊ တုံဂပူရိစသည်ဖြင့် ခေါ်တွင်ကြသကဲ့သို့ ခေမာဝရတိုင်းဂုံပြည်ဟုလည်း ခေါ်ဝေါ်ရေးသားကြကြောင်း ကျိုင်းတုံယဉ်ကျေးမှုပြတိုက်တွင် ဖော်ပြထားသည်။

လက်ရှိ ကျိုင်းတုံမြို့နယ်သည် အရှေ့မှ အနောက်သို့ ၆၂ မိုင်နှင့် တောင်မှ မြောက်သို့ ၆၃ မိုင်ရှည်လျားကာ ၁၄၆၀ ဒသမ ၉၀ စတုရန်းမိုင် ကျယ်ဝန်းသည်။ ကျိုင်းတုံမြို့သည် ၃ ဒသမ ၅၈ စတုရန်းမိုင်ကျယ်ဝန်းလျက် အရှေ့ဘက်တွင် မိုင်းယောင်းမြို့နယ်၊ အနောက်ဘက်တွင် မိုင်းပျဉ်းမြို့နယ်၊ တောင်ဘက်တွင် မိုင်းဖြတ်မြို့နယ်နှင့် မြောက်ဘက်တွင် မိုင်းခတ်မြို့နယ်၊ မိုင်းလားမြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်နေသည်။

ကျိုင်းတုံမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှ ပေ ၂၇၁၀ မြင့်၍ မြစ်၊ ချောင်းများအလွန်နည်းပါးသည့် ဒေသတစ်ခုဖြစ်သည်။ ကျိုင်းတုံမြို့နယ်၌ ပေ ၅၀၀၀ မှ ၇၅၀၀ အထိမြင့်မားသော တောင်တန်းများ သွယ်တန်းနေကာ မြေမျက်နှာပြင်သည် တောင်ဘက်မှမြောက်ဘက်သို့ နိမ့်ဆင်းနေပြီး ကျိုင်းတုံချိုင့်ဝှမ်းကို တောင်တန်းများက ဝန်းရံနေကြသည်။ မြို့နယ်အတွင်းရှိ အမြင့်ဆုံးတောင်သည် ပေ ၇၅၀၀ ကျော်မြင့်သည့် လွယ်ဖီးတောင်ဖြစ်သည်။

ပျမ်းမျှမိုးရေချိန် ၄၅ ဒသမ ၅၁ လက်မ၊ အမြင့်ဆုံးအပူချိန် ၃၃ ဒသမ ၃ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် ၁၂ ဒသမ ၁ ဒီဂရီစင်တီဂရိတ်ရှိသည့် ကျိုင်းတုံမြို့နယ်၏ ၇၀ ဒသမ ၉၄ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းနေကာ ကြိုးဝိုင်း၊ ကြိုးပြင်သစ်တောဧရိယာ ၅၁၉၈၉၁ ဧကတွင် ထင်းရှူး၊ လက်ပံ၊ ဝါး စသည့် သဘာဝပေါက်ပင်များပေါက်ရောက်၍ ဝက်ဝံ၊ တောဝက်၊ ဂျီ၊ ဆတ် ၊ မြွေ စသည့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ပေါက်ပွားလျက်ရှိသည်။



ကျိုင်းတုံမြို့မှ သမိုင်းဝင် ပါလျှန်တံခါး။

ကျိုင်းတုံမြို့နယ်ကို ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၃၁ အုပ်စု၊ ကျေးရွာ ၇၁၈ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့်စာရင်းအရ ကျိုင်းတုံမြို့နယ်လူဦးရေသည် ၁၇၀၆၆၀ ဖြစ်သည်။ မြို့နယ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြသည့်အနက် ရှမ်းတိုင်းရင်းသားများက မြို့နယ်လူဦးရေ၏ ၄၁ ဒသမ ၆၄ ရာခိုင်နှုန်း ၇၁၀၆၄ ဦး နှင့် လားဟူလူမျိုးများက ၂၄ ဒသမ ၂၆ ရာခိုင်နှုန်း ၄၁၄၀၅ ဦး ဖြစ်သည်။ မြို့နယ်လူဦးရေ၏ ၆၈ ဒသမ ၁၈ ရာခိုင်နှုန်း ၁၁၆၃၅၆ ဦး သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာ ကိုးကွယ်ကြသူများလည်းရှိသည်။

ကျိုင်းတုံမြို့နယ်၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်ကာ အသားတင်စိုက်ပျိုးမြေဧရိယာ ၆၆၈၁၇ ဧကတွင် စပါး၊ အစေ့ထုတ်ပြောင်းနှင့် မြေပဲကို အများဆုံး စိုက်ပျိုးကြသည်။ ထို့အတူ နှစ်ရှည်သီးနှံပင်များဖြစ်သည့် ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ငှက်ပျောနှင့် သစ်သီးပင်များနှင့်ဈေးကွက်ဝင် သီးနှံပင်များဖြစ်သည့် အာလူး၊ သံပရာ၊ မက်မန်း၊ နာနတ်နှင့် သရက်ပင်များကိုလည်း စိုက်ပျိုးကြသည်။ ကျိုင်းတုံမြို့နယ်တွင် စပါး ၄၇၂၇၂ ဧက စိုက်ပျိုးပြီး ဒေသတွင်းဆန်ဖူလုံမှုသည် ၁၆၈ ဒသမ ၈၇ ရာခိုင်နှုန်းဖြစ်၍ ဆီဖူလုံမှုမှာမူ ၃၄ ဒသမ ၄၀ ရာခိုင်နှုန်းဖြစ်သည်။ ကျိုင်းတုံမြို့နယ်၌ မွေးမြူရေးကဏ္ဍတွင် ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲနှင့် ငါးတို့ကို မွေးမြူ၍ စက်မှုကဏ္ဍတွင် ပုဂ္ဂလိကစက်ရုံ ၂၆ ရုံနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၉၀ တည်ထောင်လည်ပတ်လျက်ရှိသည်။

ဒေသနေကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်ရန် ကျိုင်းတုံမြို့နယ်တွင် ကျိုင်းတုံတက္ကသိုလ်၊ ကျိုင်းတုံနည်းပညာ တက္ကသိုလ်၊ ကျိုင်းတုံကွန်ပျူတာတက္ကသိုလ်၊ အစိုးရအထက်တန်းကျောင်း ၁၁ ကျောင်း၊ အထက်တန်းကျောင်းခွဲ သုံးကျောင်း၊ အလယ်တန်းကျောင်း ကိုးကျောင်း၊ အလယ်တန်းကျောင်းခွဲ လေးကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၁၄၇ ကျောင်းကို ဖွင့်လှစ်ထားသကဲ့သို့ ဒေသနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ခုတင် ၃၀၀ ဆံ့ တပ်မတော်စစ်ဆေးရုံ၊ ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံ၊ ၁၆ ခုတင်ဆံ့အစိုးရဆေးရုံ သုံးရုံနှင့် ၂၅ ခုတင်ဆံ့ ပုဂ္ဂလိကဆေးရုံတစ်ရုံတို့ကို ဖွင့်လှစ်ထားသည်။ ထို့အတူ ကျေးလက်ကျန်းမာရေးဌာန ခုနစ်ခုနှင့် ကျန်းမာရေးဌာနခွဲ ၃၄ ခုကိုလည်း ဖွင့်လှစ်ထားသည်။

မြို့နယ်စာရင်းချုပ်အရ ကျိုင်းတုံမြို့နယ်တွင် ဘုရားစေတီပေါင်း ၁၅၉၉ ဆူနှင့် ဘုန်းကြီးကျောင်း ၃၂၂ ကျောင်းရှိသည့်အနက် ကျိုင်းတုံမြို့ပေါ်ရှိ မဟာမြတ်မုနိဘုရား၊ ခေမာရဋ္ဌဗျာဒိတ်တော်ပေးရပ်တော်မူဘုရား၊ စွန်ခမ်းစေတီတော်၊ မိုင်းလန်းကျေးရွာအုပ်စုရှိ မူလကမ္ဘာအေးစေတီ၊ လွယ်မွေကျေးရွာအုပ်စုရှိ စတုရဌ္ဌသုမင်္ဂလစေတီနှင့် အဘယရာဇမုနိရုပ်ပွားတော်တို့သည် အထင်ရှားဆုံးဖြစ်ကြသည်။

ကျိုင်းတုံမြို့နယ်တွင် ၁၉၉၄-၁၉၉၅ နှစ်က တူးဖော်ခဲ့သည့် စွန်ဆပ်ကုန်း၊ ကျိုင်းတုံမြို့ဟောင်း၏ မြို့ရိုးနှင့် ကျုံး၊ ပါလျှန်တံခါးတို့သည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စောင့်ရှောက်ထိန်းသိမ်းပြုပြင်ထားသည့် အဆောက်အအုံများဖြစ်ကာ ကျိုင်းတုံမြို့၊ အမှတ်(၃)ရပ်ကွက်ရှိ စော်ဘွားဂူသင်္ချိုင်းနှင့် လွယ်မွေကျေးရွာရှိ လွယ်မွေနှစ် ၁၀၀ အိမ်တို့သည်လည်း ထင်ရှားသော သမိုင်းဝင်အဆောက်အအုံများဖြစ်ကြပေသည်။ ၁၇၅၃ ခုနှစ်တွင် အလောင်းမင်းတရားဦးအောင်ဇေယျ ကျိုင်းတုံမြို့၌ စစ်စခန်းချခဲ့စဉ် စိုက်ပျိုးခဲ့သည့် ကညင်ဖြူပင်ကြီးသည် ၂၁၈ ပေမြင့်၍ လုံးပတ် ၃၆ ပေရှိကာ ကျိုင်းတုံမြို့၏ အမှတ်လက္ခဏာတစ်ခုအဖြစ် ထင်ရှားလျက်ရှိသည်။ ထို့အတူ နောင်တုံကန်၊ ပါလျှန်တံခါး၊ ရပ်တော်မူဘုရား၊ စော်ဘွားဂူ စသည်တို့သည် ကျိုင်းတုံမြို့သို့ ရောက်ရှိလာကြသူများ သွားရောက်လေ့လာလည်ပတ်ကြသည့် နေရာများဖြစ်ကြပေသည်။

## မိုင်းပျဉ်းသို့

မိုင်းပျဉ်းမြို့သည် ကျိုင်းတုံမြို့မှ အနောက်ဘက်သို့ ၁၀၆ ကီလိုမီတာကွာဝေး၍ အရှေ့ဘက်တွင် ကျိုင်းတုံမြို့နယ်၊ အနောက်ဘက်တွင် ကွန်ဟိန်းမြို့နယ်၊ တောင်ဘက်တွင် မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်၊ မြောက်ဘက်တွင် မက်မန်းမြို့နယ်တို့နှင့် ထိစပ်နေသည်။

မိုင်းပျဉ်းမြို့နယ်အနီးတွင် တောင်မှ မြောက်သို့ စီးဆင်းနေသည့် နမ့်ပင်းချောင်းကို အစွဲပြုလျက် မိုင်းပင်းဟု ခေါ်ဆိုကြရာမှ ကာလကြာမြင့်ချိန်တွင် မိုင်းပျဉ်းဟု အမည်တွင်ခဲ့သည်။ ရာဇဝင်များအရ မိုင်းပျဉ်းကို ရှမ်းညီနောင်လေးဦးဖြစ်သည့် အိုက်ဆူ၊ အိုက်ရီ၊ အိုက်စံနှင့် အိုက်ဆိုက်တို့က ကောဇာသက္ကရာဇ် ၁၀၇ ခုနှစ်တွင် တည်ထောင်ခဲ့သည်ဟု ဆိုကြပြီး သူကြီးများနှင့် ကျိုင်းတုံစော်ဘွားက ခန့်အပ်သည့်မြို့စားများက မိုင်းပျဉ်းဒေသကို အစဉ်အဆက် အုပ်ချုပ်ခဲ့ကြသည်။ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၇၂ ခုနှစ် ဩဂုတ်လ ၄ ရက်တွင် မိုင်းပျဉ်းမြို့နယ်ကို ဖွဲ့စည်းခဲ့ပြီး တုံတာကို ၂၀၁၄ ခုနှစ် မေလ ၂၂ ရက်တွင် မြို့အဖြစ် သတ်မှတ်ခဲ့သည်။

မိုင်းပျဉ်းမြို့နယ်သည် အရှေ့အနောက် ၃၆ မိုင်နှင့် တောင်မြောက် ၆၄ မိုင်ရှည်လျား၍ ၂၃၃၁ ဒသမ ၈၆ စတုရန်းမိုင်ကျယ်ဝန်းသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၁၅၁၈ ပေမြင့်သည့် မိုင်းပျဉ်းမြို့နယ်သည် တောင်ကုန်း တောင်တန်းများထူထပ်သည့် ဒေသဖြစ်၍ ၇၃၂၉ ပေမြင့်သည့် လွယ်ဆီးတောင်သည် အမြင့်ဆုံးဖြစ်သည်။ သံလွင်မြစ်သည် မိုင်းပျဉ်းမြို့နယ်၏ အနောက်မြောက်ဘက်မှ အနောက်ဘက်သို့ စီးဆင်းနေသည်။

ပျမ်းမျှမိုးရေချိန် ၃၅ ဒသမ ၆၁ လက်မ၊ အမြင့်ဆုံးအပူချိန် ၃၄ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် ၁၁ ဒီဂရီ စင်တီဂရိတ်ရှိသည့် မိုင်းပျဉ်းမြို့နယ်၏ ၅၉ ဒသမ ၃၁ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းနေကာ ကြိုးပြင် သစ်တောဧရိယာ ဧက ၃၆၁၄၇၀ တွင် ကျွန်း၊ အင်ကြင်း၊ ပိတောက်၊ သစ်ရာ၊ သစ်အယ်၊ ထင်းရှူးစသည့် သဘာဝပေါက်ပင်များ ပေါက်ရောက်၍ ကျား၊ ကျားသစ်၊ ဂျီ၊ ဆတ်၊ တောဝက်၊ သင်းခွေချပ်၊ မျောက်၊ မြွေစသည့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားလျက်ရှိသည်။

မိုင်းပျဉ်းမြို့နယ်ကို မြို့နှစ်ခု (မိုင်းပျဉ်းနှင့်တုံတာ)၊ ရပ်ကွက် ခုနစ်ခု၊ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကျေးရွာ ၃၉၃ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့်စာရင်းအရ မိုင်းပျဉ်းမြို့နယ် လူဦးရေသည် ၆၂၃၄၉ ဦးဖြစ်သည်။ မြို့နယ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြသည့်အနက် ရှမ်းတိုင်းရင်းသားများက မြို့နယ်လူဦးရေ၏ ၃၉ ဒသမ ၀၈ ရာခိုင်နှုန်း (၂၄၃၆၉ ဦး) နှင့် လားဟူလူမျိုးများက ၃၉ ဒသမ ၆၇ ရာခိုင်နှုန်း ၂၄၇၃၆ ဦး ဖြစ်သည်။ မြို့နယ်လူဦးရေ၏ ၅၅ ဒသမ ၈၈ ရာခိုင်နှုန်း (၃၄၈၄၀) သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနှင့် နတ်ကိုးကွယ်ကြသူများလည်းရှိသည်။

စာမျက်နှာ ၂၂ သို့



ကျိုင်းတုံမြို့မှ နောင်တုံရေကန်။

**"ကျိုင်းတုံဟူသည့် အမည်သည် ရှမ်းဘာသာစကား နောင်တုံမှ ဆင်းသက်လာကာ နောင်သည် အင်း၊ တုံသည် ခံယူသည်ဟု အဓိပ္ပာယ်ရှိ၍ ဆွမ်းဆန်ဆေးရေများကို ခံယူထားသည့် ရေကန်(နောင်တုံကန်) ရှိသည့်မြို့ဟု အစဉ်အဆက်ယူဆကြသည်။ ကျိုင်းတုံသည် တရုတ်ဘာသာစကား ဇိန်းတုံမှ ဆင်းသက်လာ၍ ဇိန်းသည်မြို့၊ တုံသည် ဓမ္မိကရေအိုင်ကို ခန်းခြောက်အောင်ပြုလုပ်ခဲ့သည့် ဆန္ဒသိကတုံက ရသေ့ဟူသည့် ယူဆချက်လည်းရှိခဲ့သည်"**

# သဘာဝဘေးများ ရင်ဆိုင်ရလျှင် ကူညီထောက်ပံ့ရန် ကယ်ဆယ်ရေးပစ္စည်းများ အရန်သင့် သိုလှောင်ထား

**မကွေး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီးအတွင်း၌ နှစ်စဉ် သဘာဝဘေးများ အကြိမ်ရာနှင့်ချီ၍ ရင်ဆိုင်ရလေ့ရှိပြီး ဘေးကြုံလျှင် ချက်ချင်းထောက်ပံ့နိုင်ရန် ကယ်ဆယ်ရေးပစ္စည်း ၁၇မျိုးကို ဂိုဒေါင်များအတွင်း အသင့်သိုလှောင်ထားကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။




အမျိုးသားဝတ်၊ အမျိုးသမီးဝတ် လုံချည်များ၊ ရုပ်အင်္ကျီ၊ ခြင်ထောင်၊ စောင်၊ ဖျာ၊ ဒန်အိုး၊ စတီးဇလုံ၊ စတီးပန်းကန်ပြား၊ စတီးဇွန်း၊ စတီးခွား၊ ရေချိုးခွက်၊ သောက်ရေခွက်၊ မျက်နှာသုတ်ပဝါ စသည့်ကယ်ဆယ်ရေးပစ္စည်းများကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရုံး ဂိုဒေါင်များ၌ အရန်သင့် ပြင်ဆင်ထားခြင်းဖြစ်သည်။

" ဘေးဖြစ်ရင် ပေးနိုင်အောင် သိုလှောင်ထားတာပါ။ မကွေးတိုင်းဒေသကြီးမှာက ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်မှာ သဘာဝဘေး အကြိမ်ရေ ၄၄၂ ကြိမ် ကြုံတွေ့ခဲ့ပြီးတော့ ၂၀၁၉- ၂၀၂၀ ပြည့်နှစ်မှာ အောက်တိုဘာကနေ ဇွန်လကုန်အထိ သဘာဝဘေး ၂၇၇ ကြိမ် ကြုံခဲ့ရပါတယ်။ အဖြစ်များတဲ့ လေဘေး၊ ကမ်းပါးပြိုဘေး၊ မီးဘေးတွေအတွက် နှစ်စဉ်ကြိုတင်စီမံထားရတာပါ "ဟု တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးဦးမြင့်စိုးက ပြောသည်။

ဘေးကြုံရသူများကို ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းလုပ်ငန်းအပြင် သဘာဝဘေးကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးမှုနှင့် ပြိုကျပျက်စီးမှုများအတွက် ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ခြင်း၊ လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများအတွက် ထောက်ပံ့ခြင်း၊ ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ်ပြောင်းရွှေ့စရိတ်ထောက်ပံ့ခြင်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

# ခေါင်လန်ဖူးမြို့နယ်ရှိ အဘိုးအဘွားများအား အိမ်အရောက် ကျန်းမာရေးစောင့်ရှောက်မှုပေး

**ခေါင်လန်ဖူး ဇူလိုင် ၂၀**

ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း အဘိုးအဘွားများအတွက် အထွေထွေကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေကြောင်း၊ ကိုဗစ်- ၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ပြီး နှာခေါင်းစည်းများ တပ်ဆင်စေခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလို မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောင်ပေါ်ဒေသအနေဖြင့် ဆေးရုံသို့ မသွားရောက်နိုင်သည့် အဘိုးအဘွားများထံသို့ အိမ်တိုင်ရာရောက် အထွေထွေကျန်းမာရေးစောင့်ရှောက်မှုများကို ကွင်းဆင်းဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်းနှင့် မိုးများလွန်းသည့် ဇွန်လမှ စက်တင်ဘာလအထိ အိမ်အရောက် ကျန်းမာရေး စောင့်ရှောက်မှုများကို ကွင်းဆင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဂွမ်ဆိုင်းလီက ပြောသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများတွင် ဇူလိုင် ၂၀ ရက်က ခေါင်လန်ဖူးမြို့ပေါ်ရပ်ကွက်လေးရပ်ကွက်မှ အသက် ၈၀ နှစ်အထက် အဘိုးသုံးဦးနှင့် အဘွားလေးဦးတို့အား ကိုယ်အလေးချိန်စစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်း၊ ဆီးချို သွေးချို စစ်ဆေးပေးခြင်း၊ အားဆေးများ ထိုးပေးခြင်း၊ အားဆေးတိုက်ကျွေးခြင်းများနှင့် လိုအပ်သည့် ဆေးထိုး၊ ဆေးတိုက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းအိအိဖြိုး(ပြန်/ဆက်)**



# ပုဏ္ဏားကျွန်းမြို့နယ်၌ ပဉ္စမအကြိမ်မြောက် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေး

**ပုဏ္ဏားကျွန်း ဇူလိုင် ၂၀**

စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယနေ့တွင် ပုဏ္ဏားကျွန်းမြို့နယ် တန်းခိုးကျေးရွာ မြစိမ်းရောင် စီမံကိန်း ရန်ပုံငွေ ပဉ္စမအကြိမ်မြောက် ငွေထုတ်ချေးပေးခြင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပဉ္စမအကြိမ်မြောက် ငွေချေးသူ ၂၈၅ ဦး ချေးငွေကျပ် ၃၉၅ သိန်းကို ထုတ်ချေးပေးခဲ့ပြီး မြို့နယ်ကျေးလက်ဦးစီးဌာန ဒုဦးစီးမှူး ဒေါ်စောဝင်းမေ၊ ဒုဦးစီးမှူး ဒေါ်ငွေငွေလှိုင်နှင့် တာဝန်ခံများ ကွင်းဆင်း၍ ယင်းလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်စေရန် ဆောင်ရွက်ပေးကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

*စာမျက်နှာ ၂၁ မှ*

မိုင်းပျဉ်းမြို့နယ်၏ အဓိကစီးပွားရေးသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ လက်ဖက်ခြောက်အများဆုံးထွက်ရှိသည်။ အသားတင် စိုက်ပျိုးမြေဧရိယာ ၁၂၆၉၉ ဧကတွင် စပါး၊ မြေပဲ၊ နှမ်း၊ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ကြက်သွန်နီ၊ အာလူးနှင့် လိမ္မော်ကို အများဆုံးစိုက်ပျိုးသည်။ မိုင်းပျဉ်းမြို့နယ်တွင် စပါးစိုက်ဧက ၁၃၃၀၄ ဧကမှ စပါး ၉၄၁၉၇၄ တင်း ထွက်ရှိသဖြင့် ဒေသတွင်း ဆန်ဖူလုံမှုသည် ၁၅၂ ဒသမ ၅၂ ရာခိုင်နှုန်းဖြစ်၍ ဆီဖူလုံမှုမှာမူ ၂၅ ဒသမ ၃၂ ရာခိုင်နှုန်းဖြစ်သည်။ မိုင်းပျဉ်းမြို့နယ်တွင် ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ၊ ငုံးနှင့် ငါးတို့ကို မွေးမြူသည်။

မိုင်းပျဉ်းမြို့နယ်၌ အစိုးရအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲ ခြောက်ကျောင်း၊ အစိုးရအလယ်တန်းကျောင်းနှင့် အလယ်တန်းကျောင်းခွဲ ခုနစ်ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၅၇ ကျောင်း၊ ၂၅ ခုတင်ဆံ့မိုင်းပျဉ်းမြို့နယ်ပြည်သူ့ ဆေးရုံ၊ ၁၆ ခုတင်ဆံ့ တုံတာတိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ကိုးခုကို ဖွင့်လှစ်ထားသည်။ မြို့နယ်အတွင်းရှိ ဘုရားစေတီများအနက် မိုင်းပုအွန်ကျေးရွာရှိ ကြောင်ကျိန်စေတီသည် အထင်ရှားဆုံးဖြစ်သည်။

**မိုင်းခတ်သို့**

ကျိုင်းတုံမြို့နယ်၏ အနောက်ဘက်တွင် တည်ရှိသည့် မိုင်းခတ်သည် ၁၉၆၂ ခုနှစ် မတိုင်မီက မိုင်းယန်းမြို့နယ်၏ နယ်ခြားဝန်ထောက်လက်အောက်ခံဒေသတစ်ခုဖြစ်ခဲ့ပြီး ၁၉၇၂ ခုနှစ် ဩဂုတ်လ ၄ ရက်တွင် မိုင်းခတ်မြို့နယ်ကို ဖွဲ့စည်းခဲ့သည်။

မိုင်းခတ်မြို့နယ်သည် အရှေ့အနောက် ၄၁ မိုင်နှင့် တောင်မြောက် ၃၂ မိုင် ရှည်လျား၍ ၉၇၃ ဒသမ ၃၃ စတုရန်းမိုင်သာ ကျယ်ဝန်းသည်။ မိုင်းခတ်မြို့နယ်၏ အရှေ့ဘက်တွင် ကျိုင်းတုံမြို့နယ်၊ အရှေ့မြောက်ဘက်တွင် မိုင်းယန်းမြို့နယ်၊ အနောက်ဘက်တွင် မက်မန်းမြို့နယ်နှင့် အနောက်တောင်ဘက်တွင် မိုင်းပျဉ်းမြို့နယ်တို့ တည်ရှိသည်။ မိုင်းခတ်မြို့နယ်သည် တောင်ကုန်းတောင်တန်းများနှင့် ချိုင့်ဝှမ်းများအကြား၌ တည်ရှိသဖြင့် မြေပြန့်လွင်ပြင် နည်းပါးကာ အရှေ့ဘက်၌ ပေ ၈၀၀၀ ကျော်မြင့်သည့် လွယ်မီးတောင်နှင့် အနောက်ဘက်တွင် ၇၃၂၉ ပေ မြင့်သည့် လွယ်ဆီးတောင်တို့က ဝန်းရံထားသည်။ မြစ်၊ ချောင်းများပေါများသည့် မိုင်းခတ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အထက် ပေ ၂၇၀၀ မြင့်၍ နမ့်ဟူးချောင်းနှင့် နမ့်ခတ်ချောင်းတွင် လက်ရိုက်ဆည် သုံးခုတည်ဆောက်ကာ စိုက်ပျိုးရေနှင့် သောက်သုံးရေများကို ရယူသုံးစွဲကြသည်။

ရှစ်နှစ်အတွင်း ပျမ်းမျှမိုးရေချိန် ၄၈ ဒသမ ၅၈ လက်မ၊ အမြင့်ဆုံးအပူချိန် ၃၉ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် ၄ ဒီဂရီ စင်တီဂရိတ်ရှိသည့် မိုင်းခတ်မြို့နယ်၏ ၅၀ ရာခိုင်နှုန်းကို သစ်တောများက ဖုံးလွှမ်းနေကာ ကြိုးပြင်သစ်တောဧရိယာဧက ၂၆၀၀၀ တွင် သစ်မာ၊ ထင်းရှူးနှင့်ဝါးပင်များသာ ပေါက်ရောက်၍ ဆင်၊ ကျား၊ ကျားသစ်၊ ဂျီ၊ ဆတ်၊ တောဝက်၊ တောင်ဆိတ်၊ သင်းခွေချပ်၊ ဝက်ဝံ၊ မျောက်၊ ဒေါင်း၊ မြွေစသည့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားလျက်ရှိသည်။

မိုင်းခတ်မြို့နယ်ကို ရပ်ကွက် နှစ်ခု၊ ကျေးရွာအုပ်စု ၁၆ အုပ်စု၊ ကျေးရွာ ၁၆၆ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့်စာရင်းအရ မိုင်းခတ်မြို့နယ် လူဦးရေသည် ၄၅၅၄၀ ဖြစ်သည်။ မြို့နယ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြပြီး လားဟူလူမျိုးများက မြို့နယ်လူဦးရေ၏ ၃၅ ဒသမ ၂၀ ရာခိုင်နှုန်း (၁၆၀၂၉ ဦး)၊ ရှမ်းလူမျိုးများက ၂၀ ဒသမ ၉၄ ရာခိုင်နှုန်း (၉၅၃၇ ဦး) ဖြစ်သည်။ မြို့နယ်လူဦးရေ၏ ၆၆ ဒသမ ၂၀ ရာခိုင်နှုန်း (၃၀၁၄၉ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်ဘာသာကိုးကွယ်သူများမှာ ၁၆ ဒသမ ၈၂ ရာခိုင်နှုန်း(၇၆၆၂ ဦး) ဖြစ်သည်။

မိုင်းခတ်မြို့နယ်သည် စီးပွားရေးတိုးတက်မှုနှေးကွေးသည့် မြို့နယ်တစ်ခုဖြစ်၍ ဒေသနေပြည်သူများသည် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးကြကာ အသားတင်စိုက်ပျိုးမြေဧရိယာ ၂၆၅၁၄ ဧကတွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်းနှင့် မလှိုင်ဝါတို့ကို စိုက်ပျိုးကြသည်။ ထို့အတူ နှစ်ရှည်သီးနှံပင်များဖြစ်သည့် ရော်ဘာနှင့်လက်ဖက်ကို စိုက်ပျိုးကြပြီး ဈေးကွက်ဝင်သီးနှံပင်များကို စိုက်ပျိုးခြင်းမရှိချေ။

မိုင်းခတ်မြို့နယ်၏ ဆန်ဖူလုံမှုသည် ၂၂၂ ဒသမ ၉၄ ရာခိုင်နှုန်း၊ ဆီဖူလုံမှုသည် ၁၇၂ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်၍ ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲနှင့် ငါးတို့ကိုမွေးမြူသည်။ စက်မှုကဏ္ဍတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၁၇၃ ခုရှိသည်။

မိုင်းခတ်မြို့နယ်တွင် အစိုးရအထက်တန်းကျောင်း တစ်ကျောင်း၊ အစိုးရအလယ်တန်းကျောင်းခွဲ တစ်ကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၄၀ ၊ ၂၅ ခုတင်ဆံ့ မိုင်းခတ်မြို့နယ် ပြည်သူ့ဆေးရုံ၊ ၁၆ ခုတင်ဆံ့ မိုင်းညှင်းတိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန သုံးခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၁ ခုကို ဖွင့်လှစ်ထားသည်။

မြို့နယ်အတွင်းရှိ ဘုရားစေတီ ၃၃ ဆူအနက် မိုင်းနှုန်းကျေးရွာရှိ နီးဘုရား၊ ဝမ်ခုတ်ကျေးရွာရှိ ရုပ်တော်မူဘုရားနှင့် ယန်းမိုင်ကျေးရွာရှိ မဟာမြတ်မုနိဘုရားတို့သည် အထင်ရှားဆုံးဖြစ်ကြသည်။

**မိုင်းယန်းသို့**

ကျိုင်းတုံမြို့နယ်၏ အနောက်ဘက်တွင် တည်ရှိသည့် မိုင်းယန်းမြို့နယ်သည် သက္ကရာဇ် ၆၂၃ ခုနှစ်တွင်မြို့ပျက်တစ်ခုဖြစ်ခဲ့ပြီး ကျိုင်းတုံစော်ဘွား၏ လက်အောက်ခံနယ်မြေတစ်ခုဖြစ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းတွင် ဖော်ပြထားသည်။ မိုင်းယန်းသည် ခရီးတစ်ထောက်နားသည့် မြို့ဟုအဓိပ္ပာယ်ရှိကာ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၇၂ ခုနှစ် ဩဂုတ်လ ၄ ရက်တွင် မိုင်းယန်းမြို့နယ်ကို ဖွဲ့စည်းခဲ့သည်။

မိုင်းယန်းမြို့နယ်သည် ၁၀၄၉ ဒသမ ၆၇ စတုရန်းမိုင်သာ ကျယ်ဝန်း၍ အရှေ့ဘက်တွင် ကျိုင်းတုံမြို့နယ်၊ အနောက်ဘက်တွင် မက်မန်းမြို့နယ်၊ တောင်ဘက်တွင်မိုင်းခတ်မြို့နယ်နှင့် မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်နှင့် နယ်နိမိတ်ထိစပ်နေသည်။

မိုင်းယန်းမြို့နယ်သည် တောင်ကုန်းတောင်တန်းများထူထပ်၍ လျှိုမြောင်ကမ်းပါးများတည်ရှိကာ မြေပြန့်လွင်ပြင်နည်းပါးပြီး ပင်လယ်ရေမျက်နှာပြင် အထက်ပေ ၃၂၀၀ မြင့်သည်။ ပျမ်းမျှမိုးရေချိန် ၃၉ ဒသမ ၇၄ လက်မ၊ အမြင့်ဆုံးအပူချိန် ၃၆ ဒီဂရီ စင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန် ၃ ဒီဂရီစင်တီဂရိတ်ရှိသည့် မိုင်းယန်းမြို့နယ်တွင် ပေ ၁၅၀၀ မှ ၃၂၀၀ မြင့်သည့် တောင်များရှိနေကာ သစ်ရာ၊ သစ်အယ်၊ လက်ပံနှင့် ဝါးပင်များပေါက်ရောက်၍ ဂျီ၊ တောဝက်၊ သင်းခွေချပ်၊ ဖွတ်၊ မျောက်၊ ယုန်စသည့် တောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားလျက်ရှိသည်။

မိုင်းယန်းမြို့နယ်ကို မြို့နှစ်မြို့ (မိုင်းယန်းနှင့်မိုင်းပေါက်)ရပ်ကွက် ၁၃ ခု၊ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ကျေးရွာ ၃၃၄ ရွာဖြင့် ဖွဲ့စည်းထားကာ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းအရ မိုင်းခတ်မြို့နယ်လူဦးရေသည် ၄၉၅၄၂ ဦးဖြစ်သည်။ မြို့နယ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံနေထိုင်ကြပြီး ရှမ်းလူမျိုးများက ၃၇ ဒသမ ၃၄ ရာခိုင်နှုန်း (၁၈၅၀၁ ဦး)နှင့် လားဟူလူမျိုးများက ၂၉ ဒသမ ၈၁ ရာခိုင်နှုန်း(၁၄၇၇၁ ဦး) ဖြစ်သည်။ မြို့နယ်လူဦးရေ၏ ၅၈ ဒသမ ၂၀ ရာခိုင်နှုန်း (၂၈၈၃၅ ဦး)သည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ခရစ်ယာန်ဘာသာကိုးကွယ်သူများမှာ ၃၉ ဒသမ ၂၁ ရာခိုင်နှုန်း(၁၉၄၃၀) ဖြစ်သည်။

မိုင်းယန်းမြို့နယ်နေ ဒေသခံပြည်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကအသက်မွေးကြကာ အသားတင်စိုက်ပျိုးမြေဧရိယာဧက ၆၅၂၃၀ တွင် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ဝါနှင့်အစေ့ထုတ်ပြောင်းတို့ကို စိုက်ပျိုးကြသည်။ ထို့အတူ နှစ်ရှည်သီးနှံပင်များဖြစ်သည့် ကော်ဖီ၊ ရော်ဘာ၊ လက်ဖက်နှင့် ဈေးကွက်ဝင်သီးနှံပင်များဖြစ်သည့် ပဲပုပ်၊ စားတော်ပဲ၊ ငရုတ်နှင့် အာလူးတို့ကို စိုက်ပျိုးကြသည်။

မိုင်းယန်းမြို့နယ်၏ ဆန်ဖူလုံမှုသည် ၃၃၉ ဒသမ ၆၄ ရာခိုင်နှုန်း၊ ဆီဖူလုံမှုသည် ၁၀၉ ဒသမ ၀၁ ရာခိုင်နှုန်းဖြစ်၍ ကျွဲ၊ နွား၊ ဝက်၊ သိုး၊ ဆိတ်၊ ကြက်၊ ဘဲနှင့် ငါးတို့ကို မွေးမြူသည်။ စက်မှုကဏ္ဍတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၄၁ ခုရှိသည်။

မိုင်းယန်းမြို့နယ်တွင် အစိုးရအထက်တန်းကျောင်း နှစ်ကျောင်း၊ အစိုးရအလယ်တန်းကျောင်းနှင့်ကျောင်းခွဲ သုံးကျောင်း၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၃၆ ကျောင်း၊ ၂၅ ခုတင်ဆံ့ မိုင်းယန်းမြို့နယ်ပြည်သူ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာန လေးခုကို ဖွင့်လှစ်ထားသည်။ မြို့နယ်အတွင်းရှိ ဘုရားစေတီ ၅၂ ဆူ အနက် စွန်စနုတ်မြို့ဦးစေတီသည် ထင်ရှားသည်။

ရှမ်းပြည်နယ်အရှေ့ဘက်တွင် တည်ရှိသည့် ကျိုင်းတုံခရိုင်သည် ရှေးယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့သော်လည်း တောင်ကြီး- တာချီလိတ်ပြည်ထောင်စုကားလမ်းမကြီးကို ဖောက်လုပ်ပြီးသည့် နောက်ပိုင်းတွင် ဆက်သွယ်ရေးလမ်းကြောင်း တိုးတက်ကောင်းမွန်လာခဲ့သည်။ ကျိုင်းတုံခရိုင်သို့ ရောက်ရှိခိုက် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တွေ့မြင်တွေ့ခဲ့ရပြီး နောင်နှစ်များတွင် ယခုထက်ပိုမို တိုးတက်လာမည်ဟု ယုံကြည်မိခဲ့ပါသည်။ ။

**ကိုးကား**
မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)
မြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
မြန်မာပြည်တစ်ခွင်လမ်းညွှန်(တင်နိုင်တိုး)

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ(က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေ ချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၈။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရ ဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်း မပြုရ-

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည် ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ(စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၃၉။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည်-

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၅ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၅ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ် တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့်စပ်လျဉ်း၍ ဆုကြေးငွေ ချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံ ရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်း တို့အတွက် ဤဥပဒေ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန်သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

ဇယား(၁)

ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန်မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၀ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | **၄,၄၀၉,၇၂၃.၀၄၇** |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ယစ်မျိုးခွန် | ၁,၂၈၉.၇၁၉ |
| | ၂ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန် | ၂,၂၀၁,၉၅၄.၈၄၉ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၆,၀၀၀.၀၀၀ |
| | ၄ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၆၄,၆၄၁.၀၀၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၅၆,၀၀၀.၀၀၀ |
| | ၆ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၈၅,၁၂၈.၇၃၅ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၆၂၂.၅၄၃ |
| | ၈ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၆၉၄,၂၁၀.၉၀၁ |
| | ၉ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ရတနာခွန်၊ | ၉၉,၈၇၅.၂၉၂ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၂,၇၅၄,၁၈၉.၂၁၅** |
| | ၁ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၇၅၄,၁၈၉.၂၁၅ |
| ၃ | | | **အကောက်ခွန်** | **၅၂၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အကောက်ခွန် | ၅၂၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၉၃၁,၈၆၄.၉၆၇** |
| | ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊ | ၂၃.၅၁၆ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၀၄.၅၈၄ |
| | ၃ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၉၃၅ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၅,၉၈၈.၉၉၄ |
| | ၅ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၇၆.၀၅၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၂,၆၄၉.၂၈၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၃၃၄,၃၂၁.၁၁၆ |
| | ၈ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန် | ၃၁,၃၆၂.၇၉၆ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ | ၅၄၄,၂၅၁.၁၀၀ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှလျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ၊ | ၁၁,၉၀၅.၃၆၂ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန် | ၁,၁၈၁.၂၃၄ |
| | | **စုစုပေါင်း** | | **၈,၆၁၅,၇၇၇.၂၂၉** |

## စလင်း၌ ယာဉ်စည်းကမ်း ဥပဒေအသစ် အသိပညာပေး

စလင်း ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး စလင်းမြို့ ပေါင်းနားရပ် မြို့လယ်လမ်းဆုံ၌ ယနေ့နံနက်ပိုင်းက စတင်ကာ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပါ ပြစ်မှုပြစ်ဒဏ်များကို အများပြည်သူ သိရှိလိုက်နာနိုင်စေရန် ဆောင်ရွက်သည်။

စလင်းယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်အောင်ချိုမိုး၊ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ဇင်မင်းထိုက်တို့ ခေါင်းဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့မစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အင်ရှင်းကပ် ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အသိပညာပေးလက်ကမ်းစာစောင်များကို ဈေးသွား ဈေးပြန်များ၊ ခရီးသွားပြည်သူများအား ဖြန့်ဝေပေးကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

(ခ) အခွန်နှစ်တစ်နှစ်အတွက် ပုဂ္ဂိုလ်တစ်ဦး ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏသည် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲငယ်(၂) အရ ပေးဆောင်ရန် ငွေကြေးပမာဏများ၏ စုစုပေါင်း ဖြစ်သည်။

(ဂ) ပုဒ်မ ၄၁ နှင့် မဆန့်ကျင်စေဘဲ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ပုဂ္ဂိုလ်တစ်ဦး ပေးဆောင်ရမည့် ဝင်ငွေခွန်ကို အောက်ပါအတိုင်း တွက်ချက်ရမည် –

(၁) ပထမဦးစွာ ဇယား(၁)တွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာနှုန်း သို့မဟုတ် နှုန်းများဖြင့် ယင်းပုဂ္ဂိုလ်၏ အခွန်စည်းကြပ်ရန်ဝင်ငွေကို မြှောက်ခြင်း၊

(၂) ဒုတိယအဆင့်အဖြစ် ပုဒ်မ ၄၅ အရ ယင်းအခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်အား ခွင့်ပြုထားသည့် မည်သည့် ပြည်ပအခွန်ခုနှိမ်မှုကိုမဆို နုတ်ခြင်းနှင့်

(၃) တတိယအဆင့်အဖြစ် ဤဥပဒေအရ ယင်းနှစ်အတွက် ယင်းပုဂ္ဂိုလ်အား ခွင့်ပြုထားသည့် မည်သည့်အခွန် ခုနှိမ်မှုကိုမဆို နုတ်ခြင်း။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦး ပေးဆောင်ရမည့် ဝင်ငွေခွန်ကို တွက်ချက်ရာ၌ အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှု တစ်ခုစီ၏ စုစုပေါင်း ပမာဏ (gross amount) ကို ဇယား (၁) တွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာ နှုန်းဖြင့် မြှောက်ရမည်။

(င) ပုဒ်မ ၉၉၊ ပုဒ်မခွဲ (ဂ) ကို ကျင့်သုံးသည့်အခါမှအပ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦးက ပေးဆောင်ရမည့် အခွန်ကို ပုဒ်မ ၉၅ အရ ပေးချေမှုမှ နုတ်ယူထားပြီး ဖြစ်လျှင် ယင်းပုဂ္ဂိုလ်၏ အခွန်ပေးဆောင်ရန်တာဝန်သည် ကျေပွန်ပြီး ဖြစ်သည်။

**အခြေပစ္စည်းမှ မြတ်စွန်းခွန် ကျသင့်စေခြင်း**

၁၃။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါတို့ကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာသည့် အမြတ်အစွန်းပေါ်တွင် အခြေပစ္စည်းမှ မြတ်စွန်းခွန် ပေးဆောင်ရမည် –

(၁) ယင်းပုဂ္ဂိုလ်သည် ပြည်တွင်းနေ ပုဂ္ဂိုလ်ဖြစ်နေသည့် အခွန်နှစ်တစ်နှစ်အတွင်း အခွန်ကျသင့်သော မည်သည့်ရရန်ပိုင်ခွင့်မဆို၊

(၂) ယင်းပုဂ္ဂိုလ်သည် ပြည်ပနေပုဂ္ဂိုလ်ဖြစ်နေသည့် အခွန်နှစ်တစ်နှစ်အတွင်း မြန်မာနိုင်ငံအတွင်း တည်ရှိသည့် အခွန်ကျသင့်သော မည်သည့်ရရန်ပိုင်ခွင့်မဆို။

(ခ) အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အမြတ်အစွန်းသည် ယင်း ရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည့် အခွန်နှစ်အတွင်း ရရှိလာခြင်းဖြစ်ပြီး အမြတ်အစွန်း ငွေကြေးပမာဏသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချခြင်းအတွက် အဖိုးစားနားက ထုခွဲရောင်းချသည့်အချိန်ရှိ ယင်းရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးထက် ကျော်လွန်သော ငွေကြေးပမာဏ ဖြစ်သည်။

(ဂ) အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အရှုံးသည် ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းချသည့် အခွန်နှစ်အတွင်း ပေါ်ပေါက်ခြင်းဖြစ်ပြီး အရှုံးပမာဏသည် ထုခွဲရောင်းချသည့်အချိန်ရှိ ယင်းရရန်ပိုင်ခွင့်၏ စာရင်းအရ လက်ကျန်တန်ဖိုးက ယင်းရရန်ပိုင်ခွင့်ကို ထုခွဲရောင်းခြင်းအတွက် အဖိုးစားနားထက် ကျော်လွန်သော ငွေကြေးပမာဏ ဖြစ်သည်။

(ဃ) ပုဒ်မခွဲ (က) အရ ပုဂ္ဂိုလ်တစ်ဦးက ပေးဆောင်ရမည့် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကို တွက်ချက်ရာ၌ ပုဒ်မခွဲ (ခ) အရ တွက်ချက်ထားသည့် အမြတ်အစွန်းငွေကြေးပမာဏကို ဇယား (၁) တွင် သတ်မှတ်ထားသည့် သက်ဆိုင်ရာနှုန်းဖြင့် မြှောက်ရမည်။

(င) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (ဂ) အရ အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ အခွန်နှစ်တစ်နှစ်အတွင်း အရှုံးပေါ်ပေါက်ခဲ့လျှင် ယင်းအရှုံးပမာဏကို ယင်းနှစ်အတွက် အခွန်ကျသင့်သော အခြားရရန်ပိုင်ခွင့် တစ်စုံတစ်ရာကို ထုခွဲရောင်းချခြင်းမှ ထိုပုဂ္ဂိုလ်ရရှိလာသည့် မည်သည့်အမြတ်အစွန်းမှမဆို ယင်းနှစ်အတွင်း နုတ်ပယ်နိုင်သည်။

(စ) အရှုံးကို ပုဒ်မခွဲ (င) အရ အပြည့်အဝ နုတ်ပယ်နိုင်ခြင်း မရှိလျှင် နုတ်ပယ်ထားခြင်း မရှိသည့် ငွေကြေးပမာဏကို ယင်းပုဂ္ဂိုလ်က တစ်ဆက်တည်းဖြစ်သည့် လာမည့်အခွန်နှစ်သို့ ဆက်လက်သယ်ဆောင်သွားနိုင်ပြီး ထိုပုဂ္ဂိုလ်က ယင်းနှစ်အတွက် အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းမှ ရရှိသည့် မည်သည့်အမြတ်အစွန်းမှမဆို ယင်းနှစ်အတွင်း နုတ်ပယ်နိုင်ကာ ယင်းအရှုံးကို အပြည့်အဝ နုတ်ပယ်ပြီးသည်အထိ ထိုနည်းအတိုင်း ဆက်လက်ဆောင်ရွက်နိုင်သည်။ သို့ရာတွင် အရှုံးတစ်ရပ်ကို ယင်းအရှုံးပေါ်ပေါက်သည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် အခွန်နှစ်ငါးနှစ်ထက် ကျော်လွန်၍ ဆက်လက်သယ်ဆောင်နိုင်ခြင်း မရှိစေရ။

(ဆ) ဤပုဒ်မသည် ပုဒ်မ ၁၈ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ရင်းနှီးမြှုပ်နှံမှုမှရရှိသည့် ပုဂ္ဂိုလ်တစ်ဦး၏ဝင်ငွေတွင် ပါဝင်သည့် မည်သည့်ငွေကြေးပမာဏများနှင့်မျှ သက်ဆိုင်ခြင်း မရှိစေရ။

( ဇ ) ပုဒ်မခွဲ (က) ပါ ငွေကြေးပမာဏတစ်ရပ်ရပ်ကို ကင်းလွတ်ခွင့်ပြုသည့် ဝင်ငွေအဖြစ် သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အခြားဥပဒေ တစ်ရပ် သို့မဟုတ် သဘောတူညီချက် တစ်ရပ်ရပ်တွင် မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေတွင် အလားတူ ခွင့်ပြုထားခြင်း မရှိပါက ဥပဒေအရ အကျိုးသက်ရောက်မှု မရှိစေရ။

**အခန်း (၃)**

**ဝင်ငွေခွန်**

**အပိုင်း (၁)**

**အခွန်စည်းကြပ်ရန်ဝင်ငွေ**

**အခွန်စည်းကြပ်ရန်ဝင်ငွေ**

၁၄။ (က) အခွန်နှစ်တစ်နှစ်အတွက် ပုဂ္ဂိုလ်တစ်ဦး၏ အခွန်စည်းကြပ်ရန် ဝင်ငွေသည် –

(၁) ယင်းပုဂ္ဂိုလ်သည် ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် အလုပ်အကိုင်၊ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီ၏ စည်းကြပ်ထိုက်သော ဝင်ငွေစုစုပေါင်းမှ ပုဒ်မ ၃၁ အရ ယင်းနှစ်အတွက် ထိုပုဂ္ဂိုလ်ကို ခွင့်ပြုထားသော လူပုဂ္ဂိုလ်ဆိုင်ရာ ခွင့်ပြုငွေများကို နုတ်ပယ်၍ ကျန်ရှိသော ဝင်ငွေဖြစ်သည်၊

(၂) ကျန်ကိစ္စရပ်အားလုံးတွင် ယင်းပုဂ္ဂိုလ်၏ ထိုနှစ်အတွက် အလုပ်အကိုင်၊ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီ၏ စည်းကြပ်ထိုက်သောဝင်ငွေ စုစုပေါင်း ဖြစ်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦးစီ၏ အခွန်စည်းကြပ်ရန်ဝင်ငွေကို သီးခြားစီ ဆုံးဖြတ်ရမည်။

**အပိုင်း (၂)**

**စည်းကြပ်ထိုက်သောဝင်ငွေ**

**စည်းကြပ်ထိုက်သောဝင်ငွေ**

၁၅။ (က) ပုဂ္ဂိုလ်တစ်ဦး၏ အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု တစ်ခုစီမှ စည်းကြပ်ထိုက်သော ဝင်ငွေကို သီးခြားစီ ဆုံးဖြတ်ရမည်။

( ခ ) ပုဒ်မခွဲ (ဂ) နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွက် အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီမှ စည်းကြပ်ထိုက်သောဝင်ငွေကို အောက်ပါ ပုံသေနည်းအတိုင်း တွက်ချက်ရမည် –

A – B

ယင်းတွင် –

A သည် –

ပြည်တွင်းနေ ပုဂ္ဂိုလ်တစ်ဦးဖြစ်လျှင် ရင်းမြစ်သည် ပြည်တွင်း၊ ပြည်ပမည်သည့်နေရာတွင် ပေါ်ပေါက်သည်ဖြစ်စေ ယင်းနှစ်အတွက် ထိုပုဂ္ဂိုလ်၏ အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှဝင်ငွေ ဖြစ်သည်၊

ပြည်ပနေပုဂ္ဂိုလ်တစ်ဦးဖြစ်လျှင် ယင်းနှစ်အတွက် ထိုပုဂ္ဂိုလ်၏ အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုတစ်ခုစီမှ ဝင်ငွေဖြစ်ပြီး ယင်းဝင်ငွေသည် မြန်မာနိုင်ငံ ရင်းမြစ်မှ ပေါ်ပေါက်သည့် အတိုင်းအတာအထိ ဖြစ်သည်။

B သည် ယင်းအလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် ဤအခန်း၏ အပိုင်း (၃) အရ ခွင့်ပြုနိုင်သော စုစုပေါင်း နုတ်ပယ်မှုများ ဖြစ်သည်။

(ဂ) ပုဂ္ဂိုလ်တစ်ဦး၏ အခွန်နှစ်တစ်နှစ်အတွင်း အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သောဝင်ငွေ သို့မဟုတ် အသားတင်အရှုံးကို တွက်ချက်ရာ၌ ယင်းပုဂ္ဂိုလ်ကျခံခဲ့ရသည့် အသုံးစရိတ် သို့မဟုတ် ပေါ်ပေါက်ခဲ့သည့် အရှုံး သို့မဟုတ် ပယ်ဖျက်ပေးခဲ့သည့် ကြွေးဆုံးအတွက် နုတ်ပယ်ခွင့်ပြုခဲ့ပြီး ယင်းနောက်တွင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ယင်း၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးသည် ယင်းအသုံးစရိတ် သို့မဟုတ် အရှုံး သို့မဟုတ် ကြွေးဆုံးအတွက် ငွေကြေးပမာဏတစ်ရပ်ကို ငွေသားဖြင့်ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ပြန်လည်ထုတ်ပေးခြင်း၊ ပြန်လည်ရယူနိုင်စေခြင်း သို့မဟုတ် ပြန်လည်ပေးလျော်ခြင်း နည်းလမ်းအားဖြင့် ရရှိခဲ့လျှင် ယင်းရရှိခဲ့သည့် ငွေကြေး ပမာဏကို ရရှိသည့် အခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်၏ ယင်းအလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သော ဝင်ငွေတွင် ထည့်သွင်းရမည်။

(ဃ) အလုပ်အကိုင်၊ လုပ်ငန်း သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုမှ စည်းကြပ်ထိုက်သောဝင်ငွေဟု ဆိုရာတွင် လာဘ်ငွေ၊ ဆက်သွယ်ဆောင်ရွက်ပေးမှုအတွက် လက်သိပ်ထိုးပေးငွေ၊ ရာဇဝတ်မှုမှ ဝင်ငွေတို့အပါအဝင် တရားမဝင်သည့် လုပ်ဆောင်ချက်၊ သို့မဟုတ် အလားတူလုပ်ဆောင်ချက်များမှ ပုဂ္ဂိုလ်တစ်ဦးက ရရှိသည့် ငွေကြေးပမာဏများလည်း ပါဝင်သည်။

(င) အောက်ပါ ငွေကြေးပမာဏတစ်ရပ်ရပ်သည် စည်းကြပ်ထိုက်သော ဝင်ငွေတွင် ပါဝင်ခြင်း မရှိစေရ –

(၁) ကင်းလွတ်ခွင့်ပြုထားသည့်ဝင်ငွေ၊

(၂) အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှု။

(စ) ဤဥပဒေတွင် အခြားနည်းဖြင့် ပြဋ္ဌာန်းထားခြင်း မရှိပါက ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ငွေကြေးပမာဏ တစ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦးထံ၌ မည်သည့်အချိန်တွင် ပေါ်ပေါက်ကြောင်း ဆုံးဖြတ်ရာ၌ ဤအခန်း၏ အပိုင်း (၆) ပါ ပြဋ္ဌာန်းချက်များက အကျိုးသက်ရောက်စေရမည်။

**အလုပ်အကိုင်မှဝင်ငွေ**

၁၆။ (က) ဤဥပဒေနှင့် မဆန့်ကျင်စေဘဲ အောက်ပါငွေကြေးပမာဏများသည် ဝန်ထမ်းတစ်ဦး၏ အလုပ်အကိုင်မှ ဝင်ငွေတွင် ပါဝင်သည် –

(၁) ခွင့်ကာလအတွင်း ရရှိသည့်လစာ၊ ခွင့်အစား ပေးချေမှု၊ အချိန်ပိုကြေး၊ ဆုကြေး၊ ကော်မရှင်၊ အခများ၊ လုပ်သက်ဆုငွေ သို့မဟုတ် အလုပ်ခွင်အခြေအနေအတွက် ထပ်ဆောင်းပေးမှုများ အပါအဝင် ဝန်ထမ်းက အလုပ်ရှင်ထံမှ ရရှိသည့် မည်သည့်လစာ၊ လုပ်ခ၊ သို့မဟုတ် အခြား အခကြေးငွေမဆို၊

(၂) ဝန်ထမ်း၏ အစုရှယ်ယာပိုင်ဆိုင်မှု အစီအစဉ်အရ ဝန်ထမ်းတစ်ဦးကို ခွဲဝေပေးသည့် မည်သည့်အစုရှယ်ယာမဆို သို့မဟုတ် အစုရှယ်ယာရယူရန် ခွင့်ပြုပေးသည့် မည်သည့်အခွင့်အရေး သို့မဟုတ် သတ်မှတ်ကာလအတွင်း သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းဝယ်ပိုင်ခွင့်မဆိုမှအပ အလုပ်ရှင်က ဝန်ထမ်း သို့မဟုတ် ဝန်ထမ်း၏ တွဲဖက်လုပ်ကိုင်သူကို ထောက်ပံ့ပေးသည့် ငွေကြေးမဟုတ်သည့် မည်သည့်အကျိုးခံစားခွင့်မဆို၏ ဇယား (၂) အရ သတ်မှတ်သည့် တန်ဖိုး၊

(၃) နေထိုင်မှုကုန်ကျစရိတ်၊ အခြေခံစရိတ်၊ ငှားရမ်းခ၊ ရေဖိုး၊ လျှပ်စစ်မီတာခ စသည့် အခများ၊ ပညာရေး၊ ဧည့်ခံကျွေးမွေးခြင်း၊ အစည်းအဝေး၊ သို့မဟုတ် ခရီးသွားလာခြင်းအတွက် စရိတ်များအပါအဝင် အလုပ်ရှင်ထံမှ ဝန်ထမ်းကရရှိသည့် မည်သည့်ခွင့်ပြုငွေမဆို၏ ငွေကြေးပမာဏ၊

(၄) ဝန်ထမ်းက ကျခံလိုက်ရသည့် အသုံးစရိတ်အတွက် အလုပ်ရှင်က မည်သည့်ပေးချေမှု သို့မဟုတ် ပြန်လည်ထုတ်ပေးမှုမဆို ပြုလုပ်ရာတွင် အောက်ပါ အခြေအနေများနှင့် ညီညွတ်သည့် ငွေကြေးပမာဏ –

(ကက) ယင်းအသုံးစရိတ်သည် ဝန်ထမ်းက ယင်း၏ အလုပ်တာဝန်များကို ထမ်းဆောင်ရာ၌သာ အလုပ်ရှင်ကိုယ်စား ကျခံခဲ့သည့် အသုံးစရိတ် မဟုတ်ခြင်း၊

( ခခ ) စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည့် ကျိုးကြောင်းဆီလျော်မှုရှိသော ကန့်သတ်ချက်ကို မကျော်လွန်သည့် ငွေကြေးပမာဏဖြစ်ခြင်း။ စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည့် ကျိုးကြောင်း ဆီလျော်မှုရှိသည့် ငွေကြေးပမာဏကို ကျော်လွန်မှုမရှိခြင်း၊

(၅) ဝန်ထမ်းက အောက်ပါကိစ္စတစ်ရပ်ရပ်အပေါ် သဘောတူညီခြင်းအတွက် အလုပ်ရှင်ထံမှ အဖိုးစားနားအဖြစ် ရရှိသည့် မည်သည့်ငွေကြေး ပမာဏမဆို –

(ကက) အလုပ်ရှင်ထံတွင် အလုပ်အကိုင်လုပ်ကိုင်ရန်၊

( ခခ ) အလုပ်အကိုင်ဆိုင်ရာ မည်သည့်အခြေအနေကိုမဆို သို့မဟုတ် ယင်း ဝန်ထမ်း၏ အလုပ်အကိုင်ဆိုင်ရာ အခြေအနေများအပေါ် မည်သည့်ပြောင်းလဲမှုကိုမဆို လက်ခံရန်၊

( ဂဂ ) အတိတ်ကာလတွင်ဖြစ်စေ၊ ပစ္စုပ္ပန်ကာလတွင် ဖြစ်စေ၊ အနာဂတ်ကာလတွင်ဖြစ်စေ ဆောင်ရွက်သည့် မည်သည့်အလုပ်အကိုင်နှင့် စပ်လျဉ်း၍မဆို ကန့်သတ်ချက်ပါရှိသည့် သဘောတူညီချက်တစ်ရပ်ကို လက်ခံရန်၊ *( ဆက်လက်ဖော်ပြပါမည်)*

# မုံရွာအဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ရေးလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေ

**မုံရွာ ဇူလိုင် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက်ရှိ ကုန်စည်ပို့ဆောင်ရေးကားဝင်းအတွင်း မုံရွာ အဝေးပြေး ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးလုပ်ငန်းများကို ၈၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း မုံရွာ မြို့နယ် စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်း၏ ပြောကြားချက် အရ သိရသည်။

"မုံရွာတောင်ရပ်ကွက်မှာ ၁၉၉၂ ခုနှစ်က တည်ဆောက် ခဲ့ပြီး အခုလက်ရှိ အသုံးပြုနေတဲ့ ကားဝင်းတစ်ခုရှိပါတယ်၊ အဲဒီကားဝင်းက အသုံးပြုတာ နှစ် ၂၀ ကျော် ကြာမြင့်လာပြီ ဖြစ်တယ်၊ တိုင်းဒေသကြီး အဆင့်ရုံးတွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးနဲ့ တိုင်းဒေသကြီးလွှတ်တော်ရုံးတွေ တည်ရှိတဲ့ မြို့လည်းဖြစ်တယ်၊ အရင်ကရှိခဲ့တဲ့ ကားလိုင်းတွေရဲ့ အနေ အထားနဲ့ အခုလက်ရှိ ရှိနေတဲ့ကားလိုင်းတွေ အနေအထား ကလည်း မတူတော့ဘူး၊ မြို့ကလည်း တအား ဖွံ့ဖြိုးတိုးတက် လာတဲ့အနေအထား ဖြစ်နေတယ်၊ လူဦးရေကလည်း ပိုပြီး ထူထပ်လာတယ်၊ ကားတွေကလည်း အရင်ကနဲ့မတူတော့ဘဲ ပိုကောင်းလာတယ်၊ လက်ရှိကားဝင်းမှာ ဂိတ်တွေလည်း များလာတဲ့အတွက် ဆံ့တဲ့အနေအထား မရှိတော့လို့ အပြင် ဘက်တွေထွက်ပြီး ကားလမ်းတွေပေါ်မှာ မော်တော်ယာဉ်



ဆောက်လုပ်မှု ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သော ယာဉ်ရပ်နားစခန်းအတွင်းမှ အဆောက်အအုံများ

တွေကို ရပ်ထားရတယ်၊ ပြည်သူလူထုတွေ ယာဉ်အန္တရာယ်နဲ့ ယာဉ်ပိတ်ဆို့မှုတွေ မဖြစ်ဖို့အတွက်ရယ်၊ နောက်တစ်ခုက အရင်ကာလက ဆောင်ရွက်ထားတဲ့ အဆောက်အအုံတွေနဲ့ ယာဉ်တွေနဲ့က ကိုက်ညီမှုမရှိတော့ဘူး၊ မြို့တော်တစ်ခုရဲ့ အင်္ဂါရပ်နဲ့အညီဖြစ်စေဖို့ ခေတ်မီယာဉ်ရပ်နားစခန်းတစ်ခုကို ၂၀၁၈ ခုနှစ်ကစပြီး နတ်လူထိပ်ပန်ရပ်ကွက်မှာရှိတဲ့ မြေ ၈ ကေအကျယ်မှာ တည်ဆောက်ခဲ့တာဖြစ်ပါတယ်၊ အခု လက်ရှိမှာတော့ တည်ဆောက်ရေးလုပ်ငန်းများ ၈၀ ရာခိုင် နှုန်းခန့် ပြီးစီးနေပြီဖြစ်ပါတယ်၊ လာမယ့် အောက်တိုဘာလ လောက်ဆိုရင် တည်ဆောက်ရေးလုပ်ငန်းတွေ ပြီးစီးမှာ ဖြစ်ပါတယ်"ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ပြောသည်။

မုံရွာမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းကို စစ်ကိုင်း တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၉၈၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ယာဉ်ရပ်နား စခန်းတွင် အဝေးပြေးယာဉ်လိုင်း ၃၀ အတွက် ဂိတ်နေရာ ၃၀၊ စားသောက်ဆိုင်များအတွက် ဆိုင်ခန်း ၁၆ ခန်း၊ ကား ရပ်နားစခန်း တစ်ခု၊ မြို့တွင်းပြေးဆွဲနေသည့် တက်စီ ၁၅ စီး တစ်ပြိုင်တည်း ရပ်နားနိုင်မည့် နေရာတစ်ခု၊ ဆိုင်ကယ် ၂၅ စီး ရပ်နားနိုင်မည့် နေရာတစ်ခုနှင့် သတ်မှတ်အရေ အတွက်အတိုင်း ကားကြီးများ ညအိပ်ရပ်နားရန် နေရာ တစ်ခု၊ ရေချိုးခန်းပါ အများသုံးသန့်စင်ခန်းနှင့် ရေချိုးခန်း မပါသော အများသုံးသန့်စင်ခန်းများ စသည့် အဆောက် အအုံများ ပါဝင်သလို ကားဝင်းအတွင်း ယာဉ်ပိတ်ဆို့မှုများ မရှိစေရန် အကျယ် ၃၈ ပေရှိ ယာဉ်အဝင်လမ်းနှင့် အထွက် လမ်းများ၊ ကားဝင်းအတွင်း ပေ ၈၀၊ ပေ ၁၀၀ အကျယ်ရှိ ယာဉ်ရပ်နားရန်နေရာများလည်း ပါဝင်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ဝမ်းတွင်းမြို့နယ်၌ မိုးစပါးစိုက်ပျိုးရန် မိုးရေမရ၍ ဒေသခံတောင်သူများ အခက်ကြုံနေ

**ဝမ်းတွင်း ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အနောက်ဘက်ခြမ်းရှိ မိုးရေကို အားပြု စိုက်ပျိုးသော တောင်သူများအနေဖြင့် ယခုနှစ်တွင် မိုးနည်းနေသောကြောင့် မိုးစပါးစိုက်ပျိုးရန် ရေမရှိသဖြင့် အခက်ကြုံနေရပြီး လက်ရှိအချိန်တွင် မိုးမျှော်၍ အခြောက်ပျိုးထောင်ကာ စပါးစိုက်ပျိုးရန် ပြင်ဆင်နေကြကြောင်း သိရသည်။

ဝမ်းတွင်းမြို့နယ်အတွင်း စပါးစိုက်ပျိုးသော လယ်ယာမြေများတွင် ဆည်ရေ သောက်နှင့် မိုးကောင်းသောက်ဟူ၍ နှစ်မျိုးရှိကာ ဆည်ရေသောက် စိုက်ခင်းများ အနေဖြင့် ရေလုံလောက်စွာရရှိ၍ သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး တောင်သူများ အဆင်ပြေလျက်ရှိသော်လည်း မိုးကောင်းသောက်ဒေသများရှိ တောင်သူများ အနေဖြင့်မူ စပါးအပြင် နွေကာလစိုက်ပျိုးသော သီးနှံများဖြစ်သည့် နွေငရုတ်၊ ဝါ၊ နှမ်း အစရှိသည့် သီးနှံများအတွက်ပါ ရေလုံလောက်စွာမရ၍ သီးထွက်နှုန်း ကျဆင်းပြီး အကျပ်အတည်းများဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"အရင်နှစ်ကဆို ကန်ရေက နိုဝင်ဘာလောက်မှကုန်တော့ တောင်သူတွေ အနေနဲ့ သီးနှံစိုက်ပျိုး/ပျိုးထောင်ရာမှာ အဆင်ပြေခဲ့တယ်၊ အခုနှစ်ကျတော့ မိုးက ရွာသွန်းမှုနည်းပြီး ကန်ရေကလည်း အစောကြီးပြတ်တော့ တောင်သူတွေ အနေနဲ့ အခက်အခဲဖြစ်တာပေါ့၊ တောင်သူတွေရဲ့ သဘော သဘာဝကတော့ မိုးရွာခြင်း မရွာခြင်းကို ပြောမရတော့ ကိုယ်လုပ်စရာရှိတာကို လုပ်ထားရမှာမို့ မိုးမျှော်ပြီး အခြောက်ပျိုးထောင်ထားရတာပေါ့၊ ဒါမှလည်း လူစာ နွားစာ အဆင် ပြေမှာ"ဟု နတ်နန်းကျေးရွာမှ ဒေသခံတောင်သူ ဦးမောင်စိုးက ပြောသည်။

ဝမ်းတွင်းမြို့နယ် နတ်နန်းကျေးရွာ၌ မိုးစပါးစိုက်ဧက ၂၀၀ ကျော်ရှိကာ ယခုနှစ်တွင် မိုးခေါင်ပြီး အပူချိန်မြင့်တက်သောကြောင့် ကန်ရေများ ပြတ်လပ်ခဲ့၍ ယာသီးနှံများ ထွက်ရှိမှုနည်းပါးပြီး တောင်သူများအနေဖြင့် အရှုံးပေါ်ခဲ့သလို လက်ရှိမိုးစပါးစိုက်ပျိုးရမည့် အချိန်တွင်လည်း အချိန်မီ စပါးစိုက်ပျိုးနိုင်ရန်အတွက် မနေသာသဖြင့်မျိုးများဖြင့် အခြောက်ပျိုးထောင်နေရကြောင်း သိရသည်။

**ဋ္ဌေးလှိုင်(ဝမ်းတွင်း)**

# ကျောင်းများပြန်ဖွင့်ချိန်တွင် ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး စီစဉ်ထားမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**ဖာပွန် ဇူလိုင် ၂၀**

ကရင်ပြည်နယ် ဖာပွန်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း သုံးကျောင်းနှင့် အထက်တန်းကျောင်းခွဲ တစ်ကျောင်းတို့ကို ပြန်လည်ဖွင့်လှစ် တော့မည်ဖြစ်ရာ ကျောင်းဖွင့်ချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး အတွက် စီစဉ်ဆောင်ရွက်ထားမှု အခြေအနေကို မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးမှူးရုံးတို့မှ တာဝန် ရှိသူများ၊ မိဘဆရာအသင်း၏ ကိုယ်စားလှယ်အဖွဲ့များက ဇူလိုင် ၁၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ဖာပွန်မြို့နယ်အတွင်းရှိ အထက(ဖာပွန်)၊ အထက(ခွဲ)(ကူးဆိပ်)၊ အထက (ကမမောင်း)နှင့် အထက(ကတိုင်တိ)ကျောင်းတို့ရှိ စာသင်ခန်းများတွင် ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း ရေးဆွဲထား သည့် ဆန်းစစ်မှုပုံစံတွင် ပါဝင်သော အချက်ပေါင်း ၈၀ ခန့်နှင့် ကိုက်ညီပြည့်စုံမှုရှိ/ မရှိကို လိုက်လံစစ်ဆေးခဲ့ခြင်းဖြစ်သည်။ စစ်ဆေးမှုတွင် A,B,C အဆင့် သုံးဆင့် ခွဲခြားသတ်မှတ်ထားပြီး (A)အဆင့်နှင့် ကိုက်ညီသည့် ကျောင်းများကို ဖွင့်လှစ်စေ၍ (B) နှင့် (C) ရရှိသော ကျောင်းများသည် လိုအပ်ချက်များကို သုံးရက်အတွင်း ဖြည့်ဆည်းဆောင်ရွက်ပြီးမှ ဖွင့်လှစ်ကြရမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းကျော်ဝဏ္ဏ၊ တိုးဝေဇင်(ပြန်/ဆက်)**

# ပင်လယ်ပြင် ငါးဖမ်းရေယာဉ်များမှ ရေလုပ်သားများအတွက် လုပ်ငန်းခွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းဆင်း

**မအူပင် ဇူလိုင် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သော ပင်လယ်ပြင်ငါးဖမ်းရေယာဉ် ရေလုပ်သားများအတွက် လုပ်ငန်းခွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေး အန္တရာယ်ကင်းရှင်းရေးသင်တန်း အမှတ်စဉ် (၄/၂၀၂၀)၏ သင်တန်းဆင်းပွဲကို ဇူလိုင် ၁၉ ရက်က မအူပင်မြို့ရှိ အိဖြိုးရတနာ EPY Jetty ငါးချဆိပ်ကမ်း၌ ပြုလုပ်ခဲ့သည်။

သင်တန်း၏ ဒုတိယပိုင်း မီးသတ်လက်တွေ့သရုပ်ပြများ ပြီးဆုံးပြီးနောက် သင်တန်းဆင်းပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ် ဦးဝေလင်းမောင်က သင်တန်းဆင်းအမှာစကား ပြောကြားကာ သင်တန်းသို့ တက်ရောက်ခဲ့သော ရေလုပ်သား များအား သင်တန်းဆင်းလက်မှတ် များကိုလည်းကောင်း၊ သင်တန်းဖွင့်လှစ်ခဲ့သော ငါးချဆိပ်ကမ်း လေးခုနှင့်



ပူးပေါင်းပို့ချပေးခဲ့သော မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့အား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းသို့ ကမ်းဝေးငါးဖမ်းရေယာဉ်များမှ ရေလုပ်သား ၃၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်မြို့တွင်း၌ ကားဖြင့် အိမ်ရှေ့အရောက် ကြက်သွန်နီရောင်းချမှုများရှိလာ

**ရန်ကုန် ဇူလိုင် ၂၀**

ယခုလပိုင်းတွင် ရန်ကုန်မြို့တွင်း မြို့နယ်များ၌ ကြက်သွန်နီများကို မော်တော်ယာဉ်ငယ်များဖြင့် အိမ်ရှေ့အရောက် လက်လီ လှည့်လည်ရောင်းချမှုများ ရှိလာပြီး ထိုအရောင်းကားများမှာ ဈေးနှုန်းလည်း မှန်ကန်သဖြင့် စားသုံးသူများအတွက် အဆင်ပြေ လျက်ရှိကြောင်း ရန်ကုန်မြို့တွင်း နေသူအချို့က ပြောသည်။

ကြက်သွန်နီအပါအဝင် ကြက်သွန်ဖြူ၊ အာလူး စသည့် စားကုန်များ ဈေးနှုန်းအနိမ့်၌ ရှိနေချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တတ်နိုင် သမျှ အိမ်အပြင်ဘက်သို့ မလိုအပ်ဘဲ သွားလာခြင်း မပြုရန်၊ နှာခေါင်းစည်းတပ်၍သာ အပြင်ထွက်ရန် ပြည်သူများအား အသိပေးထားမှုများလည်းရှိနေ၍ အရောင်းအဝယ်များမှာ အေးနေသဖြင့် ယခုကဲ့သို့ နေအိမ်ရှေ့အရောက် ကားဖြင့် လှည့်လည်ရောင်းချ သော ဈေးကားမျိုးစုံကို ရန်ကုန်မြို့တွင်း မြင်တွေ့ လာရခြင်းဖြစ်သည်။

လမ်းမတော်မြို့နယ်အတွင်း လှည့်လည်ရောင်းချ နေသော ဈေးကားတစ်စီးတွင် ကြက်သွန်နီ တစ် ပိဿာလျှင် ကျပ် ၇၀၀ နှင့် သုံးပိဿာ ကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချနေသည်ကို ဇူလိုင် ၁၈ ရက်က တွေ့ရသည်။

အိမ်ရှေ့အရောက် လှည့်လည်ရောင်းချသော ဈေးကားအချို့တွင် ကြက်သွန်ဖြူ တစ်ပိဿာ ကျပ် ၂၅၀၀ ဖြင့် ရောင်းချနေပြီး ကြက်သွန်ဖြူ တစ်ပိဿာ



လမ်းမတော်မြို့နယ်အတွင်း လှည့်လည်ရောင်းချနေသော ဈေးကားတစ်စီး

ဝယ်လျှင် ကြက်သွန်နီတစ်ပိဿာ လက်ဆောင်ပေး နေသည်ကိုလည်း အလုံမြို့နယ်အတွင်း တွေ့ရသည်။

နိုင်ငံအသီးသီးတွင် တွေ့ကြုံနေရဆဲ ကိုဗစ်-၁၉ ရောဂါကြောင့် မလိုအပ်ဘဲ အိမ်ပြင်ပသို့မထွက်ရန် နှင့် လူစုလူဝေးများကြား သွားလာမှုမပြုရန် သက် ဆိုင်ရာက ကျန်းမာရေးအသိပေးထားသည့် ယခု ကာလတွင် စားသုံးသူများအနေဖြင့် မဖြစ်မနေ ဝယ်ယူ စားသုံးနေရသည့် ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ ဘဲဥ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး စသည့် အခြေခံ စားကုန်အချို့ကို နေအိမ်ရှေ့အရောက် ရောင်းချပေး သည့် ဈေးကားများကြောင့် ပြည်သူများ အဆင်ပြေ သလို ဈေးမှန်ခြင်းကြောင့် ငွေကြေးကုန်ကျမှုလည်း သက်သာကြောင်း အိမ်ရှင်မတစ်ဦးက ပြောသည်။

ယခုလို ဈေးရောင်းချသည့်ပုံစံ ပြောင်းလဲလာ ခြင်းကြောင့် လက်ကားဈေးနှုန်းနှင့် လက်လီဈေးနှုန်း တို့အကြား ကွာဟမှုနည်းလာခြင်း၊ သယ်ယူစရိတ် လျှော့ချလာနိုင်ခြင်း၊ ဈေးများသို့ သွားရောက်ဝယ် ယူရမှုကို လျှော့ချနိုင်ခြင်းများ ရှိလာပြီး လက်ကား ဈေးကွက်အတွင်း ဝယ်လိုအားနည်းနေသော ကုန် အချို့ကို အရောင်းမြှင့်တင်ပေးသကဲ့သို့လည်းဖြစ် ကြောင်း မြစ်ဝကျွန်းပေါ်နယ်သို့ စားဖိုဆောင်သုံး ကုန်စည်များ ဝယ်ယူတင်ပို့နေသည့် အဝယ်တော် တစ်ဦးက ပြောသည်။

ဘုရင့်နောင် လက်ကားဈေးကွက်တွင် ယခုလ အတွင်း ကြက်သွန်နီ လက်ကားဈေးမှာ တစ်ပိဿာ ပျမ်းမျှ ကျပ် ၄၀၀ ဝန်းကျင် ရှိနေပြီး ယခုအပတ် အတွင်း နယ်စုံမှ ရန်ကုန်ဈေးကွက်သို့ နေ့စဉ်ပျမ်းမျှ ကြက်သွန်နီ ပိဿာချိန် ၁၈၀၀၀၀ ဝန်းကျင်ခန့် ဝင်ရောက်နေသည်ဟု နေ့စဉ် ကုန်စည်ဒိုင်ဈေးနှုန်း များတွင် ဖော်ပြထားချက်များအရ သိရသည်။

**ခင်ဆိုင်**

# အကျိုးပြုအဏုဇီဝ သက်ရှိများ၏အခန်းကဏ္ဍ မြှင့်တင်ရေးနှင့် ဩဂဲနစ်စိုက်ပျိုးထုတ်လုပ်ရေးတွင် အသုံးချနိုင်ရေး အကြံပြုညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၀

အကျိုးပြု အဏုဇီဝသက်ရှိများနှင့် အပင်များ၏ ဆက်စပ်မှုကို လေ့လာ သုတေသနပြုပြီး ရလဒ်များအပေါ် အခြေခံ၍ အပင်ဖြစ်ထွန်းမှုအပေါ် အကျိုးသက်ရောက်စေမည့် ဇီဝ မြေဩဇာများထုတ်လုပ်ကာ တောင်သူ များထံ ဖြန့်ဖြူးပေးနိုင်ရေးနှင့် အစား အစာနည်းပညာများ အသုံးပြုကာ ဘေးကင်းလုံခြုံစိတ်ချရသည့် တန်ဖိုး မြှင့်ထုတ်ကုန်များ အဆင့်မီထုတ်လုပ် ဖြန့်ဖြူးနိုင်ရေးအတွက် အဆင့်မြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက် နိုင်ရေးအတွက် အကြံပြုညှိနှိုင်း ဆွေးနွေးခြင်းကို ယမန်နေ့က စိုက်ပျိုး ရေးသုတေသနဦးစီးဌာန နဝရတ် ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အကျိုးပြု အဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးနှင့် ဩဂဲနစ်စိုက်ပျိုး ထုတ်လုပ်ရေးတွင် အသုံးချနိုင်ရေး အတွက် အကျိုးပြုအဏုဇီဝ သက်ရှိ များအသုံးပြု၍ ဇီဝမြေဩဇာ ထုတ်လုပ်ခြင်း၊ ဩဂဲနစ်စိုက်ပျိုး ထုတ်လုပ်ရေးတွင် အကျိုးပြု အဏု ဇီဝသက်ရှိများ၏ အခန်းကဏ္ဍ ဆက်စပ်တိုးမြှင့်ခြင်း၊ အပင်ကြီးထွား ရှင်သန်မှုကို အားပေးသည့် ဟော်မုန်း များနှင့် အကျိုးပြုအဏုဇီဝ သက်ရှိ များရှာဖွေဖော်ထုတ်ခြင်း အစရှိသည့် အစီအစဉ် သုံးခုအောက်တွင် သုတေ သနစီမံကိန်းငါးခုဖြင့် ဆောင်ရွက် မည်ဖြစ်ရာ အဆိုပါ သုတေသန စီမံကိန်းငါးခုအောက်တွင် လုပ်ဆောင် မည့် သုတေသနများအား ရှင်းလင်း ဆွေးနွေးကြသည်။

ဆက်လက်၍ စပါးဇီဝဥယျာဉ် ၏ ဘေးထွက်ပစ္စည်းများအား ပိုမို ထိရောက်စွာ အသုံးချခြင်း အစီ အစဉ်အောက်ရှိ သုတေသနစီမံကိန်း နှစ်ခုအား ဆောင်ရွက်မည့် သုတေ သနလုပ်ငန်းစဉ်များကို ဒေါက်တာ ဥမ္မာခင်က တင်ပြဆွေးနွေးသည်။

သုတေသန ပညာရှင်များ၏ အကျိုးပြု အဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးအတွက် ဆောင်ရွက်မည့် သုတေသနစီမံကိန်း များတင်ပြမှုအပေါ် ခေတ်မီအဆင့်မြင့် သုတေသနများ တီထွင်စမ်းသပ် ဆောင်ရွက်ရန်၊ သုတေသနသည် အဓိကကျသည့် အခန်းကဏ္ဍဖြစ် သောကြောင့် သုတေသနပညာရှင် များအနေဖြင့် ဉာဏစွမ်းအားနှင့် ဝီရိယစိုက်ထုတ်၍ ဆောင်ရွက်ရန် လိုအပ်သည့်အပြင် သုတေသနပညာ ရှင်များအချင်းချင်း စုပေါင်းလုပ် ဆောင်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက် ရန်လိုအပ်ကြောင်း ညွှန်ကြားရေး မှူးချုပ်က ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေး မှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦး၊ ညွှန်ကြား ရေးမှူး ဒေါက်တာနွဲ့နွဲ့ယဉ်၊ ဌာနစု တာဝန်ခံများ၊ သုတေသနပညာရှင် များ တက်ရောက်ကြသည်။

မေမိုးသဲ

# ရန်ကုန်မြို့တွင် တောင်သူဈေးကားများ စတင်ပြေးဆွဲခြင်း မိတ်ဆက်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့တွင် တောင်သူဈေးကား စတင်ပြေးဆွဲခြင်း မိတ်ဆက်အခမ်း အနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ စက်ဆန်း အုပ်စု(၁၁)သိုလှောင်ရုံ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီး ဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း(MFVP) ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ သက်လွင်ဦး၊ MFVP အတွင်းရေးမှူး ဦးကျော်သူတို့က တောင်သူဈေးကား ပြေးဆွဲခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။



ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က "ကိုဗစ်ကာလမှာ ကျွန်တော်တို့ တောင်သူတွေအနေနဲ့ ခရီးသွားလာမှု ကန့်သတ်ချက်တွေကြောင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ထဲကို သီးနှံ၊ ဟင်းသီး ဟင်းရွက်တွေ၊ ပန်းမန်တွေကို တင်ပို့ ဖို့ အခက်အခဲတွေနဲ့ ကြုံတွေ့ခဲ့ရပါ တယ်။ တောင်သူအကူ ပြည်သူအလှူ ဆိုပြီး ဥယျာဉ်ခြံထဲက သီးနှံတွေကို ထိုက်သင့်တဲ့ ဈေးနှုန်းနဲ့ ပြည်သူ တွေဆီကို ရောက်အောင်၊ တောင်သူ လည်း ရသင့်ရထိုက်တဲ့ ဈေးနှုန်း ချိုသာစွာနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာပါ လုပ်နိုင်ခဲ့ပါတယ်။ ပြည်သူလူထုလည်း သွားလာဝယ်ယူ ဖို့ ခက်ခဲချိန်မှာ ဒီလိုလုပ်ပေးတာ ထိရောက်မှုရှိပါတယ်။ ဒီဈေးကား တွေကို လက်တွေ့အကောင်အထည် ဖော်နိုင်ဖို့ တစ်လလောက် စမ်းသပ် တဲ့အခါ တောင်သူတွေ တိုက်ရိုက် ရောင်းချနိုင်တဲ့အဆင့်ကို ဈေးကားနဲ့ ဆောင်ရွက်တာပါ။ ဒီလိုဆောင်ရွက် တာကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနက ဒီစက်ဆန်းဂိုဒေါင်ကို အခမဲ့ငှားရမ်း ပေးပါတယ်။ စည်ပင်သာယာရေး ကော်မတီကလည်း ကူညီပါတယ်။ ဒါကို ရည်မှန်းချက်တွေထားပြီး အကောင်အထည်ဖော်ပြီး စားသုံး သူတွေဆီ ဈေးသက်သက်သာသာနဲ့ ရောင်းချပေးမှာပါ"ဟု ပြောကြားသည်။

ဈေးကား ခုနစ်စီးဖြင့် ရန်ကုန် မြို့ရှိ သတ်မှတ်နေရာများတွင် တစ်နေရာလျှင် နှစ်ရက်နှုန်းဖြင့် လှည့်လည် ရောင်းချမည်ဖြစ်ပြီး ရောင်းချမည့်လမ်းကြောင်း နေရာများ ကို MFVP ၏ ဖေ့စ်ဘုတ်စာမျက်နှာ တွင် ကြေညာပေးမည်ဖြစ်၍ ဟင်းသီး ဟင်းရွက်နှင့် သီးနှံများကို ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အနေဖြင့် ရောင်းချလိုပါက MFVP အသင်းသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထား၍ အဝေးပြေးကားဂိတ် (သို့) စက်ဆန်းဂိုဒေါင်အရောက် ပို့ဆောင်ကာ ရောင်းချနိုင်ကြောင်း သိရသည်။

သန့်ဇင်ဝင်း

# ခပေါင်းဆည်ရေသောက်စနစ်ရှိ ရေအသုံးချသူများအဖွဲ့မှ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း နှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီး ဌာနသည် ရေစီမံခန့်ခွဲမှုလုပ်ငန်း များကို ထိရောက်စွာ ဆောင်ရွက် နိုင်ရန်အတွက် ဆည်ရေသောက် ဧရိယာများတွင် ရေအသုံးချသူများ အဖွဲ့ (WUG) များဖွဲ့စည်းပြီး ပူးပေါင်း ပါဝင်ဆည်မြောင်းစနစ်ဖြင့် လက်တွဲ ဆောင်ရွက်လျက်ရှိသည်။



တောင်ငူမြို့နယ် ကြို့ကုန်းကျေးရွာ ကွင်းအမှတ်(၅၀၂-ခ)တွင် ရေအသုံးချသူများအဖွဲ့များပူးပေါင်း၍ ရေယူမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ထိုသို့ဆောင်ရွက်ရာတွင် တောင်ငူ ခရိုင် ခပေါင်းဆည်ရေသောက် စနစ် အတွင်းရှိ တောင်ငူမြို့နယ်၌ WUG အဖွဲ့ ၇၀၊ အုတ်တွင်းမြို့နယ်၌ WUG အဖွဲ့ ၁၈၉ ဖွဲ့ စုစုပေါင်း WUG အဖွဲ့ ၂၅၉ ဖွဲ့ ဖွဲ့စည်းခဲ့ပြီးဖြစ် ကြောင်း တည်ဆောက်ရေး(၅)မှ သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးရာတွင် ဆည်ရေလိုအပ်ပါက အဆင်သင့် ဖြန့်ဝေပေးနိုင်ရန်အတွက် ရေပေး ရေယူမြောင်းများ ရေစီးရေလာကောင်း မွန်ရေးအတွက် ရေအသုံးချသူများ အဖွဲ့များက သက်ဆိုင်ရာ မြောင်း များအလိုက် ချုံများရှင်းလင်းခြင်း၊ သဲနုန်းဆယ်ခြင်း လုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိသည်။

ထက်လျှံ

## ကိုဗစ်-၁၉ ကာလအတွင်း တည်ဆောက်ရေးနောက်ကျခဲ့သော ပြည်တော်သစ်အိမ်ရာအခန်းများ ဇူလိုင်လကုန်တွင် အပ်နှံနိုင်ရန် စီစဉ်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ပြည်တော်သစ်အိမ်ရာ တည်ဆောက်ရေး လုပ်ငန်းများ ကိုဗစ်-၁၉ ကာလအတွင်း ကြန့်ကြာမှုများရှိခဲ့သော်လည်း အိမ်ခန်း များကို ဝါမဝင်ခင်နေထိုင်နိုင်ရန် ဇူလိုင်လကုန်တွင် အပ်နှံနိုင်ရေးစီစဉ်နေ ကြောင်းကို ယင်းအိမ်ရာတည်ဆောက်နေသည့် MKTဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးမြင့်က ပြောသည်။

အဆိုပါပြည်တော်သစ်အိမ်ရာ အသစ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးနှင့် ဖွံ့ဖြိုးရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ပြီး MKT ဆောက်လုပ် ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်သည်။

ပြည်တော်သစ်အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ယခင်က ၂၀၂၀ ပြည့်နှစ်မတ်လတွင်ပြီးစီးရန် လျာထားခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက် ပြန့်ပွားမှုကြောင့် ပြည်ပမှ မှာယူထားသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ သတ်မှတ်ကာလထက် နောက်ကျမှရောက်ရှိလာခြင်းနှင့် ကျွမ်းကျင်လုပ်သားများ အပြည့်အဝလုပ်ကိုင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ကြောင့် ကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။

စီမံကိန်းကာလတစ်လျှောက်အိမ်ရာတွင် မူလနေထိုင်သူများကို ပြင်ပ တွင် ယာယီငှားရမ်းနေထိုင်ရန် ကာလပေါက်ဈေးဖြင့် အိမ်ငှားရမ်းခများကို ထောက်ပံ့ပေးခဲ့ပြီး ယခုတည်ဆောက်ရေးနောက်ကျနေသည့်ကာလ အတွက် လည်း ကြိုတင်၍ ထောက်ပံ့ငွေများစီစဉ်ပေးထားကြောင်း အိမ်ရာတွင်နေထိုင် သူများထံမှ သိရသည်။

ပြည်တော်သစ်အိမ်ရာသစ်သည် အခန်းပေါင်း ၁၇၀ ကျော် ပါဝင်သည့် ၁၃ ထပ်မြင့် အဆောက်အအုံဖြစ်ပြီး လူနေအိမ်ခန်းများ၊ ဈေးဆိုင်ခန်းများ၊ ရုံးခန်းများနှင့်ကားပါကင်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အေမင်းရည်စော

## နောင်ချိုမြို့နယ် သမဝါယမအသင်းစုမှ လယ်ယာဝန်ဆောင်မှုနှင့် သွင်းအားစုဖြန့်ဖြူးခြင်းလုပ်ငန်းများဆောင်ရွက်

နောင်ချို ဇူလိုင် ၂၀

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် သမဝါယမအသင်းစုက လယ်ယာဝန်ဆောင်မှုနှင့် သွင်းအားစုဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဇွန်လနောက်ဆုံး ပတ်တွင် ပြောင်းသီးနှံစိုက်ပျိုးနိုင်ရေးအတွက် မဲပုတ်ကျေးရွာ မဲပုတ်စိုက်ပျိုး ထုတ်လုပ်ရေးသမဝါယမအသင်းရှိ အသင်းသား ၇၀ ပိုင်ဆိုင်သော ယာမြေဧက ၂၀၀ နှင့် ကျောက်တောကျေးရွာ သစ္စာလယ်ယာနှင့် အထွေထွေစီးပွားရေး လုပ်ငန်း သမဝါယမအသင်းရှိ အသင်းသား ၄၅ ဦး ပိုင်ဆိုင်သော ယာမြေဧက ၁၅၀ အား ထွန်ယက်ဝန်ဆောင်မှုပေးလျက်ရှိသည်။

ထို့ပြင် သွင်းအားစုဖြန့်ဖြူးခြင်းအနေဖြင့် အခြေခံသမဝါယမအသင်း ၂၆ သင်းမှ အသင်းသား ၇၈၀ အတွက် ဓာတ်မြေဩဇာအိတ် ၆၇၀၀ ကို အခြေခံ သမဝါယမအသင်းများ၏ လယ်ယာမြေလုပ်ငန်းခွင်အရောက် ပေးပို့ဆောင်ရွက် ပေးလျက်ရှိပြီး နောင်ချိုမြို့နယ်မှ ထွက်ရှိသည့် ပြောင်းသီးနှံများအား ပြည်တွင်း သာမက ပြည်ပနိုင်ငံများသို့ မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနယ်စပ်လမ်းကြောင်း များမှတစ်ဆင့် တင်ပို့ရောင်းချကြောင်း သိရသည်။

သတင်းစဉ်

## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထား သော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေလိုအပ်မှုများအတွက် စနစ်တကျ စီမံ ဆောင်ရွက် ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့(WUG) များ နှင့် အတူ "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက် ပေးလျက် ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူ တောင်သူများအနေဖြင့် လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလ အတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည် ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူး အလေးထားပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော် အပ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

# ဖားကန့် ဝေခါးမော်၌ ကျင်းဟောင်းဘက်သို့ တတိယအကြိမ် ထပ်မံမြေပြိုကျမှုဖြစ်

**ဖားကန့် ဇူလိုင် ၂၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝေခါးမော်တွင် ယခင် ကျင်းကမ်းပါး မြေပြိုခဲ့သည့်နေရာ၌ ယနေ့နံနက် ၃ နာရီခွဲခန့်က မြေပြိုကျမှုထပ်မံဖြစ်ပွားခဲ့ပြီး လူနေထိုင်ခြင်းမရှိသည့် နေအိမ် ၁၂ လုံး၊ သက်တမ်းကုန် ရပ်နားထားသည့် လုပ်ကွက်အတွင်းမှ ကုမ္ပဏီအဆောင်နှစ်လုံးနှင့် ဘက်ဟိုးတစ်စီးတို့ မြေပြိုမှုတွင် ပါဝင်သွားခဲ့ကြောင်း သိရသည်။

ယနေ့ဖြစ်ပွားသည့် ဝေခါးမော် မော်သစ်ကုန်း မြေပြိုမှုသည် လူအမြောက်အမြား သေဆုံးခဲ့ရသည့် ဇူလိုင် ၂ ရက် ဖြစ်စဉ်ပြီးနောက် အဆိုပါနေရာ၌ တတိယအကြိမ်မြောက် ထပ်မံမြေပြိုမှုဖြစ်ပြီး ဇူလိုင် ၁၀ ရက်ညက ဒုတိယအကြိမ် မြေပြိုမှုတွင်လည်း လူထိခိုက် သေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

ဖားကန့် ဝေခါးမော်၌ မြေပြိုမှုများ ဆက်လက်ဖြစ်ပွားနိုင်ပြီး မြေသားအက်ကြောင်းများ ဖြစ်ပေါ်နေသည့် မော်သစ်ကုန်းမှ နေအိမ် ၃၉ လုံး၊ ခကျန်မှ နေအိမ် ၁၈ လုံးနှင့် လခူးချောင်မှ နေအိမ် ၂၈ လုံး စုစုပေါင်းနေအိမ် ၈၅ လုံးကို လူနေထိုင်ခြင်းမပြုဘဲ အမြန်ဆုံးပြောင်းရွှေ့ရန် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့မှ ကြိုတင်စီစဉ်ဆောင်ရွက်ထားခဲ့သည့်အတွက် ယခုမော်သစ်ကုန်းမြေပြိုမှုတွင် လူသေဆုံးမှုမရှိခဲ့ကြောင်း သိရသည်။

ဝေခါးကျေးရွာတာဝန်ခံ ဦးကျော်မင်းက "ခုမြေပြိုတဲ့ မော်သစ်ကုန်း အပိုင်း(၂)က အိမ် ၃၉ လုံးကို ရပ်ကွက်(၅) မှာ နေရာချထားပေးပါတယ်။ ပြောင်းရွှေ့ကြေးအနေနဲ့ ကုမ္ပဏီတွေနဲ့ညှိပြီး သင့်တော်သလို စီစဉ်ပေးပါတယ်။ တချို့အိမ်က ကျပ်သိန်း ၄၅၀၊ တချို့က ကျပ်သိန်း ၂၀၀ ရကြပါတယ်။ ပြောင်းရွှေ့နေထိုင်ရမယ့် ရပ်ကွက်(၅) မှာတော့ မဲနှိုက်ပြီး နေရာချထားပေးပါတယ်" ဟု ပြောသည်။

နေအိမ်များ ပြောင်းရွှေ့ရန် နစ်နာကြေးထောက်ပံ့ပေးသည့် ကုမ္ပဏီများမှာ ရှော၊ ရတနာကြယ်နှင့် မိုးမင်းထက်ကုမ္ပဏီတို့ဖြစ်ကြောင်း ဦးကျော်မင်းက ပြောသည်။

**တာလင်းမောင်(ပြန်/ဆက်)**



မြေပြိုမှုတွင် ပါဝင်သွားသည့် နေအိမ်အဆောက်အအုံများကို တွေ့ရစဉ်။

# မြစ်ကြီးနား-တနိုင်း လီဒိုကားလမ်းမပေါ်ရှိ ရှဒူးဇွတ်ကျေးရွာ၌ ရေကြီးရေလျှံမှုဖြစ်ပေါ်

**ဖားကန့် ဇူလိုင် ၂၀**

ကချင်ပြည်နယ်အတွင်း ယနေ့ နံနက်ပိုင်းမှစ၍ မိုးများအဆက်မပြတ် ရွာသွန်းနေမှုကြောင့် မြစ်ကြီးနား-တနိုင်း လီဒိုကားလမ်းမပေါ်ရှိ ရှဒူးဇွတ်ကျေးရွာ၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ကာ ကျေးရွာစာသင်ကျောင်းနှင့် အိမ်ခြေ ၂၀၀ ခန့်အတွင်း ရေများဝင်ရောက်ခဲ့ပြီး မြစ်ကြီးနား-တနိုင်း အတက်/အဆင်း ယာဉ်များ ပိတ်ဆို့မှု ဖြစ်ပေါ်နေကြောင်း သိရသည်။

ယနေ့ နံနက်ပိုင်းမှစ၍ မိုးများ သည်းထန်စွာရွာသွန်းခဲ့ပြီး မိုးကောင်းချောင်းရေ မြင့်တက်လာမှုကြောင့် ဖားကန့်မြို့နယ် ရှဒူးဇွတ်ကျေးရွာအဝင် မြစ်ကြီးနား-တနိုင်းကားလမ်း (လီဒိုလမ်းမကြီး)ပေါ်သို့ ရေအမြင့် ခြောက်ပေခန့်၊ အရှည်ပေ ၁၀၀၀ ခန့် ဝင်ရောက်ခဲ့ပြီး ရှဒူးဇွတ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် လူနေအိမ်ခြေ ၂၀၀ ခန့်သို့ ရေများဝင်ရောက်ခဲ့ကာ မြစ်ကြီးနား- တနိုင်း အတက်/အဆင်းယာဉ်များ လမ်းပိတ်ဆို့လျက်ရှိသည်။



လမ်းမကြီးဘေးရှိ ရေဝင်ရောက်လျက်ရှိသော နေအိမ်များမှ မိသားစုဝင်များနှင့် ပစ္စည်းများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနေပြည်သူ့စစ်အဖွဲ့များမှ စက်လှေနှစ်စင်းဖြင့် ယာယီရွှေ့ပြောင်းပေးလျက်ရှိပြီး နေအိမ်များတွင် ရေများဝင်ရောက်၍ အရေးပေါ်ရွှေ့ပြောင်းခြင်းများ ဆောင်ရွက်လိုပါက မြို့နယ်မီးသတ်ဦးစီးဌာန၏ ဖုန်းနံပါတ်ဖြစ်သည့် ၀၇၄၄၀၈၄၂၊ ၀၉-၄၄၄၀၃၉၆၁၂၊ ၀၉-၆၉၅၂၂၁၉၁ များသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

လတ်တလောတွင် ရေဘေးကယ်ဆယ်ရေးစခန်း သီးခြားဖွင့်လှစ်ထားခြင်း မရှိသေးဘဲ ရွှေ့ပြောင်းမိသားစုများ စားသောက်ရေးနှင့် နေထိုင်ရေး အဆင်ပြေစေရန် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ခရစ်ယာန်ဘာသာရေးအသင်းတော်တို့မှ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဝိုင်းမော် - ဆဒုံး- ကန်ပိုက်တီလမ်း မြေပြိုကျမှုကြောင့် ယာဉ်လမ်းကြောင်းပိတ်ဆို့မှုဖြစ်

**ဆဒုံး ဇူလိုင် ၂၀**

ကချင်ပြည်နယ် ကန်ပိုက်တီမြို့နယ်တွင် ဇူလိုင် ၁၉ ရက် ညက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယနေ့ နံနက် ၉ နာရီခွဲတွင် ဝေါ်ချုံကျေးရွာအုပ်စု ဒေသအခေါ် (အထက်ဘာတွန်) ဝိုင်းမော် -ဆဒုံး-ကန်ပိုက်တီကားလမ်းမကြီး ကီလိုမီတာတိုင်အမှတ်(၁၀၅/၁၀၆ )ကြားရှိ အလျား ပေ ၁၀၀၊ အနံ ပေ ၁၀၀၊ အမြင့် ပေ ၂၀ ခန့်ရှိ ကျောက်တုံး၊ ကျောက်ခဲ၊ မြေသားကမ်းပါးပြိုကျခြင်းနှင့် မိုင်တိုင်အမှတ် (၁၀၇/၁၀၈) ကြားတွင် အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၅ ပေခန့်ရှိ ကမ်းပါးမြေပြိုကျမှုများ ဖြစ်ပွားသဖြင့် ကန်ပိုက်တီမြို့အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ် ဦးဆောင်ပြီး ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံ တပ်မတော်သားများနှင့် ပြည်သူများက မြေတူးယာဉ် နှစ်စီးဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းပြီး ကမ်းပါးပြိုကျသဖြင့် ဝိုင်းမော် - ဆဒုံး- ကန်ပိုက်တီ- တရုတ်နိုင်ငံသို့ ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ခရီးသွားယာဉ်များနှင့် ကုန်တင်ယာဉ်များ မြေပြိုကျသည့်နေရာနှင့် ဆဒုံးမြို့ဝင်ဂိတ်တွင် ယာယီရပ်နားထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ချီဖွေမြို့နယ်နှင့် တစ်မိုင်ခန့်အကွာ ကားလမ်းဘေးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေကမ်းပါးပြိုကျမှု ထပ်မံဖြစ်ပွား

**ချီဖွေ ဇူလိုင် ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ချီဖွေမြို့နယ်နှင့် တစ်မိုင်ခန့်အကွာ ချီဖွေ-ဝိုင်းမော်ကား လမ်းဘေးတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းက မြေကမ်းပါးပြိုကျမှု ထပ်မံဖြစ်ပွားခဲ့သည်။

အဆိုပါ မြေကမ်းပါးပြိုကျမှု ထပ်မံဖြစ်ပွားရာနေရာတွင် လမ်းဦးစီးဌာနမှ အသင့်စောင့်ဆိုင်း ဆောင်ရွက်ထားရှိသော မြေကော်စက်နှစ်စီးဖြင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန် မြေစာရှင်းလင်းဆောင်ရွက်ခြင်းကို အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း လမ်းဦးစီးဌာနအဖွဲ့မှ သိရသည်။

မြေကမ်းပါးပြိုကျမှုနှင့် ပတ်သက်၍ လူထိခိုက်မှုမရှိဘဲ မိုးတွင်းကာလ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် အဆိုပါ ကမ်းပါးနေရာတွင် နှစ်တိုင်းကမ်းပါးပြိုကျမှု ဖြစ်ပွားကြောင်း၊ လမ်းဦးစီးဌာနမှ ဦးဆောင်ပြီး စက်ယန္တရားများဖြင့် အချိန်မီခရီးသွားပြည်သူများ အဆင်ပြေစေရန် ပြိုကျသည့်မြေစာများကို ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း ဒေသခံတစ်ဦးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ်ရှိ ကမ်းပြိုဘေးသင့် နေအိမ်တစ်လုံးကို မီးသတ်တပ်ဖွဲ့ဝင်များက ကူညီရွှေ့ပြောင်း

**ညောင်ဦး ဇူလိုင် ၂၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၅) သိကြားရပ်ရှိ နေအိမ်တစ်လုံး ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် မြစ်ထဲပါမည့် အန္တရာယ်မှ ကာကွယ်နိုင်ရန် ညောင်ဦးခရိုင်/ မြို့နယ်သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ယနေ့ မွန်းလွဲ ၂ နာရီကျော်က သွားရောက်ကူညီ ကယ်ဆယ်နိုင်ခဲ့ကြောင်း ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

အဆိုပါ ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ယိုင်လဲကာ ဧရာဝတီမြစ်အတွင်း မျှောပါသွားမည့် အခြေအနေသို့ ရောက်ရှိနေကြောင်း သတင်းပေးချက်အရ မွန်းလွဲ ၂ နာရီခန့်တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်များက အိမ်ရှင်ဦးမင်းဇော်ခိုင်၏ နေအိမ်ရှိပစ္စည်းများနှင့် နေအိမ်အဆောက်အအုံကို ကူညီရွှေ့ပြောင်းပေးခဲ့သည်။

ဘေးသင့်မိသားစုဝင်သုံးဦးမှာ လတ်တလောတွင် အမှတ်(၅) သိကြားရပ်အတွင်းရှိ ၎င်း၏ အဒေါ်ဖြစ်သူ နေအိမ်တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# ဗဟန်းမြို့နယ်၌ ဖုန်း/ပိုက်ဆံခိုးမှု ကျူးလွန်သူ သုံးဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၂၀**

တရားလို ကို - - - သည် ဇူလိုင် ၁၉ ရက် နံနက် ၁၁ နာရီက ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် အာဇာနည်လမ်းရှိ အာဇာနည်ဗိမာန်သို့ ဂါရဝပြုရန် လာရောက်စဉ် ပါလာသော လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် ၂၀၀၀၀ တို့ကို ကျောပိုးအိတ်အတွင်း ထည့်ပြီး အများပြည်သူ ဝင်ထွက်ပေါက် စစ်ဆေးဂိတ်အနီးတွင် ထားရှိကာ အာဇာနည်ဗိမာန်ရင်ပြင်သို့ တက်ရောက်ဂါရဝပြုခဲ့ကြောင်း၊ ဗိမာန်မှ ပြန်ဆင်းလာပြီး ကျောပိုးအိတ်ကို ရှာဖွေရာ မတွေ့ရှိဘဲ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူကို စုံစမ်းဖော်ထုတ် အရေးယူပေးရန် ဗဟန်းမြို့မရဲစခန်းသို့ အမှုဖွင့် တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ အုပ်ချုပ်မှု ဌာနခွဲမှတပ်ဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် ဗဟန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် မင်္ဂလာဒုံမြို့နယ်နေ မကေသီထွန်း(ခ) သားသား၊ မယွန်းနန္ဒာထွန်း(ခ) ယွန်းယွန်းနှင့် အောင်မြတ်ကျော်(ခ) မြတ်ကျော်တို့ဖြစ်ကြောင်း စုံစမ်းသိရှိရသဖြင့် လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ ဇူလိုင် ၂၀ ရက် နံနက် ၀၀:၃၀ တွင် ၎င်းတို့နေအိမ်များမှ ဖမ်းဆီးရမိခဲ့သည်။

အမှုမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ပြစ်မှုကျူးလွန်သူ မကေသီထွန်း(ခ) သားသား ပါ သုံးဦးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

## ဝမ်းနည်းကြေကွဲခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာ ဦးရဲလွင် ၏ ဇနီး ဒေါက်တာဒေါ်လှမျိုးခင် အသက်(၆၅)နှစ် သည် ၁၇-၇-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

## (၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်သန်းနွဲ့

B.Sc- IC (1981)

21-7-2018 မှ 21-7-2020

ကျေးဇူးရှင်မိခင်ကြီး မိသားစုနှင့်ခွဲခွာသွားတာ ၂၁-၇-၂၀၂၀ ရက်ဆို (၂)နှစ်ပြည့်ပြီဖြစ်သော်လည်း နေ့စဉ်လွမ်းဆွတ်သတိရနေဆဲပါ။ နှစ်စဉ်၊ လစဉ် ၂၁ ရက်နေ့တိုင်း မေမေ့အတွက် ရည်စူး၍ ပြုခဲ့သော ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါတယ်။ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

**ချစ်ခင်ပွန်း - ဦးဝင်းမြင့်**
**ချစ်သား - ကိုအောင်သူဝင်း-မခင်ယုယမောင်၊**
**ကိုအေးသူဝင်း၊ ဒေါက်တာအေးရွှေရည်မင်း**
**JEWEL HOTEL မိသားစု**

### ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/ အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ အတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်း သတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင် ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန**

### ဒေါ်လှလှ(သာယာဝတီ)

**အသက်(၇၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ အမှတ်(၁၁)၊ ဗိုလ်မြဒင်လမ်းနေ (ဦးငွေသိန်း-ဒေါ်လှတင်)တို့၏သမီး၊ ဦးလှအေး၏ ဇနီး၊ မသင်းနွယ်စိုး (Uniteam Global Business Services Co.,Ltd)၊ ဗိုလ်မှူးရဲလင်းထွဋ်တို့၏ မိခင်သည် ၂၀-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၌ ကွန်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေတွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### တစ်နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဒေါ်ဝေဝေတင့်**

**(လယ်ပြ၊ ကုန်းပေါ်အလက၊ ရွှေညောင်)**

ချစ်ဇနီး ဝေရေ မောင့်ကိုခွဲခွာသွားတာ ၂၁-၇-၂၀၂၀ ရက်မှာ တစ်နှစ်ပြည့်သွားခဲ့ပေမယ့် ငွေရတုကျော်ကာလတွေအထိ တို့နှစ်ယောက်အတူလက်တွဲလျှောက်ခဲ့ကြတဲ့ ဘဝကိုမမေ့သေးပါ။ လစဉ်ပြုလုပ်နေတဲ့ ကောင်းမှုကုသိုလ်အစုစုနဲ့အတူ တစ်နှစ်ပြည့် ဝေ့ကိုရည်စူးပြီး အောင်သပြေကူကြိုးမွေတော်ကျောင်းတိုက်ဆရာတော် ဦးဣန္ဒာဝုဓဦးစီးပြီးလုပ်နေတဲ့ အများသောက်သုံးဖို့ စက်ရေတွင်းတူးနေခြင်းမှာ ပါဝင်လှူဒါန်းတာတွေကို အမျှပေးဝေပါတယ်။ ချစ်ဇနီးဝေ ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

**ချစ်ခင်ပွန်း- ဦးစိုးတင့်လွင် (ကျောင်းအုပ်ကြီး၊ အထက(၈) တောင်ကြီး)**

### တရားလွှတ်တော်ရှေ့နေကြီး ဦးကျော်စိုး(ခ)ဦးဝီလျံကျော်စိုး

**စကုမြို့**

**အသက်(၇၇)နှစ်**

စကုမြို့၊ ဖောင်တန်းရပ်နေ ဒေါ်မော်လီ(ခ)ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ ကိုဇေယျာကျော်စိုး၊ ကိုဗညားကျော်စိုး၊ မဂျူး ဂျူးကျော်စိုး၊ မခင်နှင်းရည်စိုး တို့ဖခင်ကြီး၊ မောင်သန့်ဇင်စိုး၊ မခိုင်ငြိမ်းဇေယျာ၊ မောင်ခန့်ဇေဇေ တို့၏ ဘိုးဘိုးကြီးသည် ၂၀-၇-၂၀၂၀ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် စကုမြို့၊ ရွှေကျမ်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့တော်ဝန် (မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး) ဒေါက်တာရဲလွင်၏ဇနီး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါက်တာလှမျိုးခင် အသက်(၆၅)နှစ်**

သည် ၁၇-၇-၂၀၂၀ရက်နံနက် ၃:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ**
**ပုဂံမြရတနာဟိုတယ်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၉) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၄၉)ဟုခေါ်တွင်သော ရှစ်ထပ်တိုက်၏ ရှစ်လွှာ (A) ကန်ထရိုက်စနစ် အခန်းတစ်ခန်းကို အရပ်ရပ်ပိုင်ဆိုင်အကျိုးခံစားခွင့်များနှင့်အတူ ရောင်းချသူဦးခင်မောင် မြင့် ၁၂/ကတတ(နိုင်)၀၂၄၈၀၄က မိမိပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံချက်နှင့်အတူ ရောင်းချသည်ဖြစ်၍ ကျွန်ုပ်တို့က စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဦးတိုးမြင့်ဇော်**
**၁၄/ဘကလ(နိုင်)၁၈၄၄၁၅**
**အမှတ် ၁၃၅၊ ပထမထပ်(ယာ)၊ ၃၄လမ်း(လယ်)ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉- ၄၃၁၀၅၆၂၇**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး ဦးရွှေဝင်း(ပြည်၊ ကျီးသဲ)

**အသက်(၉၁)နှစ်**

ကျီးသဲမြို့နေ (ဦးဘိုလေး-ဒေါ်မယ်သန့်)တို့၏သား၊ ပေါင်းတလည်မြို့နေ (ဦးဘတင်-ဒေါ်သိန်းရွှေ)တို့၏သားသမက်၊ ပြည်မြို့၊ ပန်းဘဲတန်းလမ်း၊ အမှတ်(၄၄၁)နေ (ဒေါ်သန်းမြင့်)၏ချစ်လှစွာသောခင်ပွန်း၊ ပြည်မြို့နေ ဦးသန်းဇော်ဝင်း၊ ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးကြီးမြင့်(ငြိမ်း)-ဒေါ်မြင့်မြင့်ဝင်း၊ ရန်ကုန်မြို့နေ ဒုရဲမှူးကျော်မိုး(သတင်းတပ်ဖွဲ့)-ဒေါ်မော်မော်ဝင်း၊ ဦးသန်းထွန်း -ဒေါ်လှလှဝင်း(ဝင်းမြင့်ဆန်ဆိုင်)၊ ဦးသိန်းဇော်(AE-ငြိမ်း)-ဒေါ်သီတာဝင်း၊ ဦးဝင်းကျော်မြင့်-ဒေါ်လဲ့လဲ့လှိုင် တို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၉-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၀ရက်(အင်္ဂါနေ့)တွင် ပြင်ဦးလွင်ရှစ်မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးတင့်မောင်ဌေး

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ထူပါရုံရပ်ကွက်၊ ၃လမ်းအရှေ့၊ တိုက် ၁၂၁၁၊ အခန်း ၁/ဘီနေ (ဦးမျိုးဌေး)-ဒေါ်ကြည်ကြည်တို့၏သား၊ (ဦးစောလှိုင်-ဒေါ်မြအိ)တို့၏သားသမက်၊ ဒေါ်ချိုချိုလှိုင်၏ခင်ပွန်း၊ ဦးသက်လှိုင်-ဒေါ်မေသူလွင်၊ ဒေါ်မေဖြူတို့၏ဖခင်၊ မောင်သုတရှင်းသန့်၏ အဘိုးသည် ၂၀-၇-၂၀၂၀ရက် နံနက် ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးတင့်မောင်ဌေး(နယ်လှည့်စာရင်းစစ်ရုံး)

**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ(၁)ရပ်ကွက်၊ (၃)လမ်း အရှေ့၊ တိုက်အမှတ်(၁၂၁၁)၊ အခန်း(၁/ဘီ)နေ (ဦးမျိုးဌေး)-ဒေါ်ကြည်ကြည် တို့၏သား၊ ဦးအေးကို-ဒေါ်နွဲ့နွဲ့ဌေး၊ ဦးမောင်မောင်ဌေး-ဒေါ်ခင်ဆွေရည်၊ ဦးမြင့်မောင်ဌေး-ဒေါ်မိမိကြီးတို့၏ ညီ/မောင်၊ ဦးကျော်ဇင်ချစ်-ဒေါ်မာမာဌေး၊ ဦးကိုကိုကြီးဌေး-ဒေါ်ဝင်းဝင်းမြင့်၊ ဦးသန့်စင်ဌေးတို့၏အစ်ကို သည် ၂၀-၇-၂၀၂၀ရက် နံနက် ၁၁:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးမင်းနိုင်

**အသက်(၆၆)နှစ်**

ကျိုက်လတ်မြို့နေ (ဦးစု-ဒေါ်ကြည်)တို့၏သား၊ ဦးမြသိန်း-(ဒေါ်ကြူကြူထွေး)တို့၏သားသမက်၊ ဒေါ်အေးကျင်၊ ဦးသန်းရွှေ-Rodica၊ (ဦးထွန်းဦး) -ဒေါ်မာမာဝင်း၊ (ဦးထွန်းလင်း)-ဒေါ်မို့မို့၊ ဦးထွန်းဝင်း-ဒေါ်ခင်စန်းရီ၊ ဦးထွန်းမင်း-ဒေါ်ခင်စန်းယု၊ (ဦးမောင်မောင်မြင့်)-ဒေါ်ညိုညိုမြင့် တို့၏ညီ/မောင်၊ ဒေါ်ကြူကြူခင်၊ ဦးနိုင်အောင်လင်း-ဒေါ်ခင်လေးချိုတို့၏အစ်ကို၊ ဒေါ်ခင်ခင်လေး၏ခင်ပွန်း၊ မသင်းနန္ဒာမင်းနိုင်၊ မထက်သဥ္ဇာမင်းနိုင် နှင့် မဖူးပွင့်ကြည်ဖြူတို့၏ဖခင်၊ တူ/တူမ ၁၆ယောက်တို့၏ဦးလေးသည် ၂၀-၇-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀:၃၆နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၈)ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်(၅၂၃)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ရေကြည်မြို့နယ်အသင်း(ရန်ကုန်) နာယကကြီး ဦးစိုးမြင့်(ရေကြည်)

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ အလုံလမ်း၊ အမှတ် ၁၆၂/A (ပထမထပ်)နေ ဒေါ်နှင်းကြည်၏ခင်ပွန်း၊ မသန်းသန်းစိုး၊ ကိုဟန်စိုး တို့၏ဖခင်သည် ၁၈-၇-၂၀၂၀ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၀ ရက်(တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်စန်းရီ

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွပ်၊ အင်းဝ ၁၉လမ်း၊ အမှတ် ၆၃၅/က နေ (ဦးထွန်းကြည်-ဒေါ်အေးသိန်း)တို့၏သမီး၊ ဒေါက်တာဌေးအောင်-ဒေါ်စန္ဒာဝင်း(ထင်ပေါ်စာပေ)၊ ဦးစိုးပိုင်-ဒေါ်ခင်မျိုးသိန်း(ဝင်းကြည်ဘုရားသား အပ်ချုပ်လုပ်ငန်း)၊ ဦးဝင်းမြင့် -ဒေါ်တင်ဌေးရီ(ရွှေစပါယ် အထက်ဆင်လုပ်ငန်း)တို့၏ အစ်မ၊ (ဦးစံအောင်)၏ ချစ်လှစွာသောဇနီး၊ ကိုဝင်းမွန်(ခ)ကိုလင်းမောင်-မနီလာအောင်၊ ကိုခန့်စိုးကျော်-မဆွေဆွေမွန်တို့၏ ချစ်လှစွာသောမိခင်၊ မချောရည်မွန်ခင်၊ မသံစဉ်ချို၊ မမေဖူးခင် တို့၏ အဘွားသည် ၁၉-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၅:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၀ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၂၀ရက်(စနေနေ့)နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့တော်ဝန်၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီး ဒေါက်တာရဲလွင် ၏ဇနီး၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါက်တာလှမျိုးခင် အသက်(၆၅)နှစ်သည် ၁၇-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၃:၄၀နာရီတွင် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာ အောင်မြတ်စိုး - သဇင်မြင့်အောင်**
**နှင့် မေတ္တာဆေးခန်း မိသားစု**

### ဒေါ်အိသန္တာကျော်

**အသက်(၄၄)နှစ်**

(ဦးထင်အောင်ကျော်) - ဒေါ်မွေးတို့၏သမီး၊ ဦးသိန်းဟန်-ဒေါ်နုနုဝင်းတို့၏သမီးချွေးမ၊ ဒေါ်အိမ့်စန္ဒီကျော်၏ အစ်မ၊ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးနေဝင်းထွန်း၏ ချစ်လှစွာသောဇနီး၊ (မရှင်းသန့်နေထွန်း)၊ မသံသာနေထွန်း တို့၏မိခင်သည် ၁၉-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၁၁:၂၀ နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ငြိမ်းအေးဇရပ်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း ဒေါ်အိသန္တာကျော်

**အသက်(၄၄)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး နေဝင်းထွန်း ၏ဇနီး ဒေါ်အိသန္တာကျော်သည် ၁၉-၇-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၃)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

# ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ အမရပူရမြို့နယ် ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်မှု၊ ကမ်းနားလမ်း ပျက်စီးမှုနှင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှု



နေပြည်တော် ဇူလိုင် ၂၀

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက အမရပူရမြို့နယ် ရွှေဂဲရေဆိုးထုတ်စက်ရုံအနီး တာရိုးကျိုးပေါက်မှု၊ ကမ်းနားလမ်းပျက်စီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လမ်းညွှန်မှာကြားပြီး ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ထောက်ပံ့အားပေးကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒေါက်တာ ဝင်းမြတ်အေး၊ စီမံခန့်ခွဲမှုကော်မတီဝင် ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဦးစိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ အမရပူရမြို့ ရွှေဂဲရေဆိုးထုတ်စက်ရုံ ယာယီရှင်းလင်းဆောင်သို့

*စာမျက်နှာ ၇ ကော်လံ ၁* ❋



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်တာဝန်ရှိသူများ တာရိုးကျိုးပေါက်မှုနှင့် ကမ်းနားလမ်းပျက်စီးမှုများအား စက်ယန္တရားများဖြင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

သတင်းစဉ်

## ဩစတြေးလျ၊ နယူးဇီလန်၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသံဘော်သားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇူလိုင် ၂၀

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့တွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၂ ဦးနှင့် အင်ဒိုနီးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့်

*စာမျက်နှာ ၁၆ ကော်လံ ၁* ●

## ၂၀၁၉–၂၀၂၀ လာလီဂါ ပြီးဆုံးမှုနှင့် မှတ်တမ်းမှတ်ရာများ

၂၀၁၉–၂၀၂၀ ခုနှစ် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်များ ပြီးဆုံးခဲ့ပြီဖြစ်သည်။ စပိန်လာလီဂါပွဲစဉ်များကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၆ ရက်တွင် စတင်ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်တွင်မှ ပွဲစဉ် အားလုံးအဆုံးသတ်နိုင်ခြင်းဖြစ်သည်။ ၂၀၁၉–၂၀၂၀ ခုနှစ် စပိန်လာလီဂါ အမှတ်ပေးဖလားကို ရီးရဲမက်ဒရစ်အသင်းက ပွဲစဉ်များအားလုံးပြီးဆုံးရန် တစ်ပွဲအလိုတွင် (၃၄) ကြိမ်မြောက် ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။

လာလီဂါပြိုင်ပွဲ၏ ပထမဦးဆုံးသွင်းဂိုးကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၆ ရက်၌ ဘီလ်ဘာအိုအသင်းက ဘာစီလိုနာအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်၌ ဘီလ်ဘာအိုအသင်းအတွက် ပွဲကစားချိန် ၈၉ မိနစ်တွင် သွင်းယူခဲ့သော အဒူရစ်၏ သွင်းဂိုးဖြစ်သည်။ လာလီဂါပြိုင်ပွဲ၏ နောက်ဆုံးသွင်းဂိုးကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် လီဗန်တေးအသင်းက ဂီတာဖေးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် လီဗန်တေးအသင်းအတွက် မိနစ် ၉၀ တွင် သွင်းယူခဲ့သော ကိုကီ၏ သွင်းဂိုးဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❑

## ဧရာဝတီမြစ်ရေ ရွှေကူမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

အီးယူအစည်းအဝေးတွင် ပြင်သစ်သမ္မတက နယ်သာလန်ဝန်ကြီးချုပ်နှင့် ဩစတြီးယားဝန်ကြီးချုပ်တို့အား ပြစ်တင်ပြောကြား စာ ၁၂

တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ ကိုဗစ်- ၁၉ ကူးစက်ခံရ စာ ၁၃